www.burmeseclassic.com

# ဒိုဟာသမင်

မိုးချက်ရှိပြန်



Design : Chit Sann (528)

www.burmeseclassic.com

# အိုမာဆမ်

## မိုးရွက်ရိပ်နို

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၂၅၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၉၈၀၆၁၀

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉)ချစ်မင်းလွင်စာပေ
အမှတ်-၄၃(က)၊ မလိခလမ်း၊ မရမ်းကုန်းမြို့နယ်
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ၁OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



# အိုမာဆမ်



## မိုးချက်ရိုင်ဒို



စိစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

မျက်လုံးပေါ်ကျလာတဲ့ အလင်းရောင်စူးစူးကြောင့် မျက်မှောင်ကြုတ်ထားရင်းနှင့် ...

"မိုး ... လိုက်ကာပြန်စေ့လိုက်ကွာ၊ ငါ ဆက်အိပ်မလို့"

နေထိုးရာဘက်ကို ကျောပေးအိပ်လိုက်ရင်း လှမ်းပြောလိုက်သည်။

"အံမယ် ... ဘယ်နှနာရီ ရှိနေပြီလဲ၊ နည်းနည်းပါးပါး အချိန်လေး ဘာလေး ထကြည့်ဦး၊ နင် ညက recording လည်း ရှိတာမဟုတ်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ manager လည်းဖြစ် ငယ်သူငယ်ချင်းလည်းဖြစ်တဲ့ မိုးကို ဘယ်တုန်းကမှ သူ လိမ့်လို့မရ။

"အင်းပါ ... ငါ အိပ်ချင်သေးလို့ပါ၊ နင်လည်း ဒီနေ့ ဘာအလုပ်မှမှ မရှိတာ အိမ်ပြန်ချင် ပြန်ပါလား"

မိုးက လိုက်ကာဖွင့်ရုံတင်မက ပြတင်းပေါက်ပါဖွင့်လိုက်သည်။

အပြင်က လေနွေးနွေးက အေးစက်နေတဲ့ သူ့အခန်းကို တိုးဝှေ့ နှုတ်ဆက်လာသည်။

သူ ဆက်အိပ်နေ၍လည်း မဖြစ်တော့။

မိုးက သူ့ကို မနိုးနိုင်အောင် လုပ်ပေလိမ့်ဦးမည်။

"ထ ... ထ ... နင့်အတွက် ငါ အိမ်က နန်း ကြီးသုပ်ယူလာတယ်၊ နင့်အကြိုက် ဆီလျှော့ အစပ်လျှော့ပြီး သုပ်လာတယ်၊ recording မရှိတုန်း အဝစားထား၊ ပြီးမှ သလိပ်ကပ်လို့ ဘာလို့ လုပ်မနေနဲ့"

"အေးပါ ... နင် အတော်နားပူတာပဲ"





အိပ်ရာထဲက လူးလဲထပြီး ရေချိုးခန်းထဲ ဝင်လိုက်သည်။ ဒါတောင် မိုးအသံက ရေချိုးခန်းထဲအထိ လိုက်လာဆဲ ...

အင်း ... သူသာ အဆိုတော်လုပ်ရင် တော်တော်အောင်မည့်အသံ၊ အသံလုံးကြီးကြီး ရှုးရှုးလေး။

"အထဲမှာ ကြာမနေနဲ့နော်၊ ဟင်းခါးက ပူတုန်းပဲ ကောင်းတာ၊ ငါ အသင့်ပြင်ပြီး စောင့်နေမယ်"

ကြည့် ... အဲဒီလို မိန်းကလေးနဲ့ ငယ်သူငယ်ချင်းဖြစ်ရတာ ကံကောင်းတာလား ကံဆိုးတာလား မသိ။

အင်း ... တစ်ခါတလေ ကံကောင်းပြီး တစ်ခါတလေကံဆိုးတယ်လို့ပဲ ပြောရမယ်ထင်။

ဒါပေမဲ့ သူ့ပတ်ဝန်းကျင်ကတော့ ကံကောင်းသည်တဲ့ ..."

သူ ဒီလို အိပ်ချင်တိုင်း မအိပ်ရတာကို သူတို့ဘယ်သိပါ့မလဲ။

ရေမိုးချိုးပြီး အဝတ်အစားလဲ အောက်ဆင်းလာစဉ် မိုး၏ ထမင်းစားပွဲမှာ ထိုင်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ပြင်ဆင်ထားတဲ့ အစားအသောက်တွေ ကို ကြည့်ပြီး ...

အင်း ... ဒါတော့ သူ ကံကောင်းတာပေါ့။





"ဒီနေ့ နင် ဘယ်သွားဦးမှာလဲ"

မိုးက သူ့ဘက်ကို နန်းကြီးသုပ်ပန်းကန် တွန်းပို့ရင်း မေးသည်။

"ဒီနေ့ ဘာအလုပ်မှ မချိတ်ထားဘူး မဟုတ်လား"

"အင်း ... ဒီနေ့ တစ်နေ့လုံး အားတယ်။ မနက်ဖြန်မနက်ကစပြီး နင် စအလုပ်ရှုပ်ပြီ"

သူ့အလုပ်နဲ့ ပတ်သက်တာမှန်သမျှ သူ့ထက်ပိုပြီး သိသူက မိုးပင်။

"ဒါဆို ငါ စာအုပ်ဝယ်ချင်တယ်"

"စာရင်း ရေးပေးလိုက်လေ၊ ငါ နေ့လယ် သွားဝယ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငါက စာအုပ် ကိုယ်တိုင်ရွေးချင်တာ၊ နင့်ကို ရေးပေးရအောင်လည်း ငါ ဘာစာအုပ် ဖတ်ချင်မှန်းမှ မသိတာ"

မိုးက မျက်လုံးလှန်ပြီး သူ့ကို ဘုကြည့် ကြည့်သည်။

"နင်ကိုယ်တိုင် သွားဝယ်လို့ ဖြစ်မလား၊ လူတောထဲသွားရင် နင် စိတ်အေးလက်အေး စာအုပ်ရွေးရမယ်များ ထင်လို့လား"

အောင်မြင်မှုများလေလေ လွတ်လပ်မှု ဆုံးရှုံးလေလေ ဆိုတာ သူ သိသားပဲ။

ဒါပေမဲ့ ပုထုဇဉ်ပဲ၊ လွတ်လပ်မှုကို မခံမင်ဘဲ နေပါ့မလား။

"ငါ ပုံစံဖျက်သွားမှာပေါ့"

မိုးက စိတ်ပျက်သလို သူ့ကိုကြည့်ပြီး နန်းကြီးသုပ် ဆက်စားနေသည်။

"နင့်ဘာသာနင် လွတ်လွတ်လပ်လပ် နေစမ်းပါ။ ဒီနေ့ ငါ့ဘာသာငါ စီစဉ်ပါမယ်။ နင် ပြန်နားချည်"





မိုး သူ့အနား ရှိနေခြင်းကလည်း သူ့အတွက် ကျဉ်းကျပ်မှု တစ်မျိုးပင်။

"နင် မြို့ထဲသွားရင် ငါ လိုက်ခဲ့မယ်လေ"

မိုးက သူ ဘယ်သွားသွား လိုက်လေမယ်လို့ ဆုံးဖြတ်ပြီး မွေးဖွားလာလေလား မသိ။

"ဟာ ... စာအုပ်သွားဝယ်တာပဲ၊ အလုပ်ကိစ္စသွားတာမှ မဟုတ်တာ၊ နင် နေခဲ့ချည်"

"ပြီးတာပဲ၊ ဒါပေမဲ့ နင် ဘယ်လိုပုံစံနဲ့ သွားမယ်ဆိုတာ တော့ စောင့်ကြည့်လိုက်ဦးမယ်"

"သားကလည်းကွယ်၊ မိုးကို ခေါ်သွားတာ မဟုတ်ဘူး"

ဟင်းချက်ရင်း တစ်လျှောက်လုံး အသံတိတ်နေသည့် မေမေက ဝင်ပြောလာသည်။

"မေမေကလည်း ... သား လွတ်လွတ်လပ်လပ် သွားချင်လို့ပါ၊ မေမေ့မိုး ပါရင် ဟိုမသွားနဲ့ ဒါမလုပ်နဲ့နဲ့ နားငြီးတယ်"

မိုးက သူ့ကို မျက်စောင်းထိုး ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ အန်တီရယ်၊ သူ့ဘာသာသူ သွားစမ်းပါစေ၊ ပြီးမှ ငါ့ကို ဖုန်းဆက်ပြီး မခေါ်နဲ့"

"ဟား ဟား ... မခေါ်ဘူး၊ စိတ်ချ"

အလုပ်တွေ မရှိတဲ့ တစ်ရက်တလေတော့ သူလွတ်လွတ်လပ်လပ် နေပစ်လိုက်ဦးမည်။

တကယ်ပင် မိုးက သူ အပြင်ထွက်ကာနီးအထိ စောင့်ကြည့်နေသည်။

T. Shirt နှင့် ဂျင်းပန်ကိုဝတ်ပြီး ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းလိုက်သည်။

မျက်မှန်ကိုပါတပ်ပြီး မိုးဘက်လှည့်၍ ...

"ဘယ်လိုလဲ၊ ငါမှန်း လူတွေသိနိုင်လား"

မိုးက ပခုံးကို ဟန်ပါပါတွန့်ရင်း ...

"သေလိုက်ပါလား၊ နှင့်ပုံစံ တစ်စက်ကလေးမှ ပျောက်မသွားဘူး၊ ဒါလား ရုပ်ဖျက်တာ"

မိုးက ရှုံ့မဲ့မဲ့နဲ့ အားပေးသည်။

"ဒါလောက်ပဲ ဖျက်လို့ရမှာပေါ့"





"ကဲပါ ... ငါ မပါရင် ပြီးတာလည်း မဟုတ်ဘဲနဲ့ သွား အန်ကယ့်အကျီတစ်ထည်နဲ့ လုံချည်ခပ်နွမ်းနွမ်း တစ်ထည် သွားယူလာခဲ့၊ လွယ်အိတ်စုတ်စုတ်တစ်လုံးပါ ရှာရင်ရှာလာခဲ့"

မိုးရှာခိုင်းတဲ့အတိုင်း ရလာစဉ် မိုးက သူ့ကို ထို အဝတ်အစားများ ဝတ်ခိုင်းသည်။

အနည်းငယ်ဝတဲ့ ဖေဖေ့အကျီက သူနဲ့ပွနေပြီး အရောင်မပေါ်တော့သည့် လုံချည်ကြောင့် သူ့ပုံစံက နပ်လွန်းနေသည်။

"ရော့ ... ဒီလွယ်အိတ်ထဲ စာအုပ်တစ်အုပ်လောက် ထည့်ပြီးလွယ်လိုက်၊ ဆံပင်ကိုလည်း သေသေသပ်သပ်မဖြီးနဲ့၊ ညင်းသိုးသိုးပုံစံဖြစ်အောင်လုပ်"

မိုး ပြောတဲ့အတိုင်း လိုက်လုပ်လိုက်စဉ် သူ့ပုံစံက လုံးဝပြောင်းလဲသွားသည်။

"ကဲ ... နှင့်ပုံစံကိုကြည့်ပြီး ဘယ်သူက နိုင်ငံကျော်အဆိုတော် မင်းသိဒ္ဓိလို့ ထင်မှာလဲ၊ နေဦး ... နေဦး ... ဖိနပ်လည်း အဟောင်းစီးသွားဦး"



www.burmeseclassic.com

www.burmeseclassic.com



မိုးကို သူ့မန်နေဂျာအဖြစ် ထားခဲ့တာ ဘယ်တုန်းကမှ နောင်တမရအောင် မိုးက ပြည့်စုံလွန်းနေသည်။

မိုး မပါရင် မပြီးလို့ သူ ဝန်မခံချင်ပေမဲ့ အမှန်တွေပင်။

"အေးပေါ့ဟာ၊ ဒီလို အရည်အချင်းတွေ ရှိနေလို့ ငါ မန်နေဂျာ ခန့်ထားတာပေါ့"

မိုးက နှုတ်ခမ်းစူပြီး ...

"သေလိုက်ပါလား၊ ငါ အပြင်မှာ သွားလုပ်လည်း ရတယ်၊ နင့်နား ကပ်နေရတာ သိက္ခာတောင် ကျသေး"

မိုးက ဒီလို စွာတာတာ ရှိတာလေးကလွဲရင် သူ့အပေါ် ကောင်းလွန်းသူပင်။ မေမေပင် မိုးလောက် သူ့အပေါ် စိတ်မရှည်ချင်။

"မပူစမ်းပါနဲ့ဟာ၊ ငါ မိန်းမရလည်း နင် ကလေးထိန်းရာထူး တိုးဦးမှာပါ"

"သိဒ္ဓိနော် ... ငါလား နင့်ကလေး ထိန်းမှာ၊ နင်နဲ့ တင် စိတ်ကုန်လွန်းလို့၊ နင့်ကလေးဆို ဝေးသေး"





ဘယ်လိုပဲဖြစ်ဖြစ် သူ့သည်းညည်း ခံနိုင်ဆုံးလူသားအဖြစ် မိုးရှိနေမှာ သူ ယုံနေသည်။

"ကဲ ... သွားလိုက်ဦးမယ် မိုးရေ၊ နင် ကားပါလား၊ မပါရင် ငါ ဝင်ပို့ပေးမယ်"

"ကားဆိုလို့ နင် စီးနေကျကား လဲသွားပြီး အန်ကယ့်ကား ယူသွားပါလား၊ နင့်ကားက လူသိတယ်"

"အေးပါ ... ဖေဖေ့ကားပဲ ယူသွားလိုက်မယ်၊ နင်လိုက်မှာလား"

"မလိုက်ဘူး၊ ထွက်လာမှတော့ မထူးတော့ဘူး၊ အန်တီနဲ့ စကားလေး ဘာလေး ပြောပြီးမှ ပြန်တော့မယ်"

"သဘောပဲ၊ ဒါဆို ငါ သွားပြီ"

မိုး နှုတ်ဆက်ပြီး ထွက်လာစဉ် မေမေပင် သူ့ကို မမှတ်မိ။ မျက်မှောင်ကြုတ်၍ ကြည့်နေပြီးမှ ...

"ဟယ် ... မေမေတောင် မမှတ်မိချင်ဘူး"

မေမေ့ပါးကို ရွှတ်ခနဲ နမ်းပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မိုး လက်ရာ မေမေရေ၊ မိမိုးကို တစ်ခုခု ကျွေးလိုက်ပါဦး"

နောက်ဆုံးတော့ သူ လွတ်လွတ်လပ်လပ် အပြင်ထွက်လာရပြီဖြစ်သည်။





နေပြင်းပေမဲ့ လမ်းပေါ်မှာ လူတွေက အပြည့်ပင်။

အင်းလေ ... ရာသီဥတုပူလို့ဆိုပြီး ဗိုက်မှောက်နေလို့မှ မရတာ၊ နေပူလည်း သွားလာလှုပ်ရှားစရာရှိတာ လှုပ်ရှားရမှာပေါ့။

ကားကို ဗန္ဓုလပန်းခြံဘေးမှာ ထိုးလိုက်ပြီး သူလည်း လမ်းပေါ်ကလူများနဲ့ တစ်သားတည်း လမ်းလျှောက်နေလိုက်သည်။

ဘယ်သွားသွား ဝိုင်းအကြည့်ခံရတဲ့ ဘဝက ခဏလေး လွတ်မြောက်တာကပင် အရသာရှိလွန်းနေသည်။

ခြေလှမ်းတွေက မြေကြီးနဲ့ပင် ထိလို့ထိနေမှန်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ထည့်ထားတဲ့ လွယ်အိတ်က သူ့ကိုယ်ကို ပြန်ရိုက်ခတ်နေသည်။ အလယ်တန်းကျောင်းသားဘဝကိုပင် သတိရမိလိုက်သေးသည်။ လွယ်အိတ်နဲ့ ဝေးတာ ဘယ်လောက်ကြာနေပြီလဲ။

အပြန် လက်ဖက်ရည်ကျကျလေး တစ်ခွက်လောက် ဝင်သောက်လိုက်ဦးမည်။

အတွေးနဲ့ပင် လျှာတွေ စွတ်စိုခါးသက်လာသလိုပင် ...

တဖြည်းဖြည်း စာအုပ်တန်းဘက် ရောက်လာသည်။

တစ်ဆိုင်ပြီးတစ်ဆိုင် စာအုပ်များကို ဝင်မွှေလိုက် ကောက်မြည်းလိုက် သဘောကျတာကို ဝယ်လိုက်နှင့် သုံးအုပ်လောက် ဝယ်ပြီးချိန်တွင် စာအုပ်တစ်အုပ် ထပ်သွားတွေ့သည်။

ဟိုးတလောက ဖေဖေ ပြန်ဖတ်ချင်၍ ရှာနေသော စာအုပ်။ နတ်သျှင်နောင်၏ ရတုပေါင်းချုပ် ဖြစ်သည်။

ကဗျာဆရာဖြစ်သော သူ့အဖေက ရှေးကဗျာများကို အလွန်ချစ်ပြီး အရသာခံ ဖတ်သူမျိုးပင်။





အနုပညာသွေး ပါလာသော သူက ကဗျာရေးသော်လည်း ကဗျာနဲ့ နာမည်မကြီး၊ အဆိုတော်ဘဝနဲ့သာ နာမည်ကြီးခဲ့ခြင်းဖြစ်သည်။

"ဘယ်လောက်လဲ"

စာအုပ်ထောင်ပြပြီး မေးလိုက်စဉ် ...

"နှစ်ထောင်ပါ"

"ထောင့်ငါးရာ ထားပါလား"

စာအုပ်ဝင်ရင် ဈေးဆစ်နေကျက သူ့အကျင့်။ မရလည်း ရောင်းဈေးအတိုင်း ဝယ်ခဲ့သည်ချည်းပင်။

ဒါပေမဲ့ ဈေးကတော့ ဆစ်ရမှ ကျေနပ်သူမို့ ...

"မရလို့ပါ ဆရာရယ်၊ အဖုံးလည်း ကြည့်ပါဦး၊ အခန့်ဖုံးနဲ့လေ"

စာအုပ် condition က အဖုံးသာ ကောင်းသည်။ အထဲစာရွက်တွေက ပိုးစားထား၍ တချို့နေရာတွေမှာ စာတွေပင် ဆိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထပ်ရနိုင်သေးသည်မို့ ထပ်ဈေးမဆစ်တော့ဘဲ စာအုပ်လေးကို ပြန်ချလိုက်သည်။

ရောင်းသူကလည်း မကိုက်၍လား မသိ။

သူ ဆစ်သည့်ဈေးနဲ့ မပေး။

ဈေးက ကိစ္စမဟုတ်၊ စာအုပ်သိပ်မကောင်း၍ မဝယ်ဖြစ်ခဲ့ခြင်းပင်။

ထိုဆိုင်ကိုကျော်ပြီး ဆက်လျှောက်လာစဉ် ...

"ရှတ် ... ရှတ်"

သူ့ကို ခေါ်သည့်ထင်၍ လှည့်ကြည့်စဉ် သူ မသိသော အမျိုးသမီးတစ်ယောက်။

သူ့ကို ခေါ်နေခြင်းပင်။

"ကျွန်တော့်ကို ခေါ်တာလား"

"ဟုတ်တယ်"

အမျိုးသမီးက သူနဲ့ရွယ်တူလောက်ပင်။

ထူးခြားသော အပြင်အဆင်မျိုးနဲ့ မဟုတ်။





သာမန်ပင်။ သို့သော် ... စူးရှတည်ငြိမ်ထက်မြက်သော မျက်ဝန်းတစ်စုံကို ပိုင်ဆိုင်ထားသည်။

"စောစောက ,စာအုပ်ကို ဖတ်ချင်လို့လား"

သူ နတ်သျှင်နောင်ရတုပေါင်းချုပ် ရွေးစဉ်က ထိုဆိုင်မှာ လူတစ်ယောက် ရှိနေတာ သတိထားမိသည်။

ထိုအမျိုးသမီးထင်။

"ကျွန်တော့်အဖေ အတွက်ပါ"

အမှန်အတိုင်း ဖြေလိုက်စဉ် အမျိုးသမီးက ပြုံးသည်။

"ကျွန်မမှာ အပိုရှိလို့ပါ"

အမျိုးသမီးပုံစံက လှိုက်လှိုက်လှဲလှဲ ကူညီပေးချင်သည့်ပုံ။

"ရပါတယ်၊ ကျွန်တော် ရှာဝယ်ပါဦးမယ်"

"အင်းလေ ... ကျွန်မကလည်း ရောင်းမှာပါပဲ၊ ရှင်ပြောတဲ့ ဈေးနဲ့ပေါ့"

လာပတ်သက်ပုံက ထူးခြားသော်လည်း အမျိုးသမီးဆီမှာ မရိုးမသား အမူအရာ၊ ကလက်တက်တက် အမူအရာမျိုး မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



"စာအုပ်က အခုပါလို့လား"

"တစ်နေရာမှာ စောင့်နေလေ၊ နောက်နာရီဝက်အတွင်း ရစေရမယ်၊ ဘယ်လိုလဲ"

ငြင်းလိုက်ရင် ရသော်လည်း သူမ သိက္ခာနဲ့ စေတနာကို စော်ကားသလို ဖြစ်သွားမှာ စိုးသည်။

သူလည်း ကြားချိန်မှာ စာအုပ် ရွေးနေလို့ ရတာပဲ။

ပြီးတော့ သူမက သူ့ကို နွမ်းနွမ်းပါးပါးထဲက ထင်၍ အလွန်ကူညီချင်နေသည်ကို ဖြည့်ဆည်းပေးလိုက်ချင်သည်။

"ရပါတယ်၊ ကျွန်တော် နောက်နာရီဝက်ဆို ဘယ်မှာလာယူရမလဲ"

သူမက တစ်ဖက်လမ်းရှိ လက်ဖက်ရည်ဆိုင်ဘက်ကို မေးဆတ်ပြပြီး ...

"အဲဒီဆိုင်မှာ စောင့်နေလေ"

မိမိုးသာ သိရင် အပြစ်တင်ပေဦးမည်။





ကိစ္စမရှိ၊ သူတို့ကြားမှာ အားလုံးက ရိုးရိုးသားသားပင်။ မရိုးမသား ဆို၍ သူ့ကိုယ်သူ ဘာဆိုတာ ဖုံးကွယ်ထားခြင်းပင်။

အဲဒါလည်း သူမ မမေးသဖြင့် မဖြေခြင်းဖြစ်ရာ ဝိနည်းလွတ်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် စောင့်နေပါ့မယ်"

သူမက ခေါင်းညိတ်ပြုံးပြပြီး ခပ်သွက်သွက် ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့ ချိန်းထားသည့်အချိန် ရောက်ကာနီး နှစ်မိနစ် အလိုတွင် ဆိုင်လေးဆီ သူရောက်သွားသည်။

သူမ မရောက်သေး။

ချောင်ကျကျ နေရာတစ်ခုမှာ ထိုင်ပြီး စိတ်ကူးခဲ့သော လက်ဖက်ရည်ကျကျကို နှစ်နှစ်ခြိုက်ခြိုက် မြို့နေလိုက်သည်။

ဘယ်လိုပဲ တူအောင်ဖျော်ဖျော် အိမ်မှာသောက်ရတာနဲ့ ဆိုင်မှာသောက်ရတာ မတူ၊ ဆိုင်မှာ သောက်ရခြင်းက လက်ဖက်ရည်အရသာနဲ့ အရိပ်အငွေ့ကို ပြည့်ပြည့်ဝဝ ခံစားရသည်ဟု သူ ထင်သည်။

လက်ဖက်ရည် တစ်ဝက်ကျိုးလောက် အချိန်တွင် သူ့ရှေ့သို့ လူတစ်ယောက် ရောက်လာသည်။





"ဒီစာအုပ်ယူဖို့ စောင့်နေတာ အစ်ကိုလား"

လာပြန်ပြီ တစ်ယောက်။

လက်ထဲမှာတော့ နတ်သျှင်နောင်ရတုပေါင်းချုပ်။

"ဟုတ်ပါတယ်၊ အဲဒီအမျိုးသမီးရော"

ကောင်လေးက ရိုရိုကျိုးကျိုး ပုံစံလေးနဲ့ စာအုပ် လှမ်းပေးပြီး ...

"မမလေးက အရေးပေါ်ကိစ္စ ပေါ်လာလို့ မလာဖြစ်တော့ဘူး၊ ကျွန်တော့်ကိုပဲ စာအုပ်ပေးခိုင်းလိုက်တာပါ"

စာအုပ်ကို လှန်လှောကြည့်နေစဉ် ...

"ခွင့်ပြုပါဦး ခင်ဗျာ"

ကောင်လေးက ပြန်လှည့်ထွက်သွားတာမို့ ...

"နေဦး၊ ပိုက်ဆံယူသွားဦးလေ"

စာအုပ်ဖိုး ပိုက်ဆံထုတ်ပေးရန် ပြင်စဉ် ...

"မမလေးက ဘာမှ မမှာလိုက်ဘူး၊ စာအုပ်ပေးပြီးတာနဲ့ ပြန်ခဲ့ဆို"

ကောင်လေးက ပြောပြီးသည်နှင့် တစ်ရှိန်ထိုး လှည့် ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံကိုင်ပြီး အူကြောင်ကြောင် ပြုံး၍ကျန်ရစ်ခဲ့သည်။

သူ့ပုံစံက ပိုက်ဆံတစ်ထောင်တောင် မတတ်နိုင်သည့်ပုံ ဖြစ်နေသည်ထင်။

သူ့အဖြစ်ကိုသူ ရယ်လည်း ရယ်ချင်သလို သူမအပေါ်လည်း အားနာသွားသည်။

မထူးတော့ ...

စာအုပ်ကို သေသေချာချာ ပြန်လှန်ကြည့်စဉ် အတွင်းပထမစာမျက်နှာမှာ မင်အနက်နဲ့ ရေးထိုးထားသော နာမည်တစ်ခု။

"ကုမုဒြာ"တဲ့။

သူမနာမည်လား ... ဒါမှမဟုတ် မူရင်းပိုင်ရှင်ရဲ့နာမည်လား။

စိတ်ထဲကပဲ ကျေးဇူးတင်စကား ပြောဖြစ်လိုက်သည်။





သူ့ကသာ အားပါးတရ ရယ်နေသည်။ မိုးကမရယ်။

ရယ်နေသည့် သူ့ကိုပင် မျက်မှောင်ကုတ် ကြည့်နေသေးသည်။ ပြီးတော့ ...

"ဘာရယ်စရာပါလို့လဲ"

ဘုကြည့် ကြည့်ပြီး ဘုပြော ပြောတတ်တဲ့ မိမိုး။

"ဟာ ... ရယ်ရတာပေါ့၊ ငါ့ကို စာအုပ်မဝယ်နိုင်တဲ့ကောင်လို့ ထင်ပြီး စာအုပ်ပေးသွားတာ ရယ်စရာပေါ့"

မိုးက သူ့ရှေ့က လက်ဖက်ပန်းကန်ကိုယူ၍ ပုစွန်ခြောက်ဖတ်များကို ရွေးစားနေပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက သူ အမှန်ကို မသိလို့ပေါ့၊ နင် အခုရယ်နေတာက သူ့စေတနာကို စော်ကားရာ ရောက်နေပြီ"

စကားကြီး စကားကျယ် ပြောတတ်တဲ့ မိမိုးဆီက ဘာဒဿနတွေ ထွက်လာဦးမည်မသိ။

"ငါ ဘာစော်ကားလို့လဲ"

မိုးက လက်ဖက်ပန်းကန်ကို ပြန်ချလိုက်ပြီး သူ့ကို စူးစူးစိုက်စိုက်ကြည့်သည်။

မိုးမျက်လုံးကိုကြည့်ပြီး စာအုပ်ပေးတဲ့ သူမရဲ့ မျက်လုံးများကို ပြေးသတိရလိုက်သည်။

မိုးမျက်လုံးက မာပြီးထန်သည်။

သူမ မျက်လုံးက မာပြီး တောက်ပသည်။ စူးရှထက်မြက်ပုံခြင်းတော့ တူသည်ပင်။

"သူက နင့်ကို မတတ်နိုင်ရှာသူလို့ ထင်ပြီး မိန်းကလေးတန်မဲ့ ကူညီလိုက်တာလေ၊ နင်က သူ့ကို လိမ်နိုင်တယ်ဆိုပြီး သဘောကျနေတာ၊ စော်ကားတာပဲပေါ့"

ရော ... ခက်ပြီ။





မမိုးရယ် ... နင်က သိပ်တွေးတာပဲကိုး။

"ဆောရီးဟာ၊ ငါ နင်တွေးသလို မတွေးမိလိုက်ဘူး၊ ဘာပဲဖြစ်ဖြစ် ငါ သူ့ကိုတော့ ကျေးဇူးလည်း တင်တယ်၊ လေးလည်း လေးစားတယ်"

မိုးက သူ့ကို ဒီလိုတော့လည်း နားလည်သွားပုံနဲ့ ကြည့်နေပြန်သည်။

"သူ ... လှလား"

မိန်းမချင်းဆိုရင် အဲဒီအချက်ကို ပိုစိတ်ဝင်စားကြတာ မမှတာပဲလေ။

"အင်း ... လှတယ်၊ ဒါပေမဲ့ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား လှပုံမျိုး မဟုတ်ဘူး၊ သေသေချာချာကြည့်ရင်းနဲ့ လှလာတဲ့ရုပ်မျိုး"

သူမကို သူ သေသေချာချာ ကြည့်ခဲ့မှန်း ပြောရင်းနဲ့မှ သူ့ဘာသာသူ သတိထားမိလိုက်သည်။

မိုးက သူ့ကို ပြုံးစိစိနဲ့ ကြည့်သည်။

မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ သူ့အတွက် ထူးခြားတဲ့ အလှရှိသူကိုပင် သူ ရင်မခုန်သေး။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီလက်ဖက်တွေ နင် ဆက်မစားနဲ့တော့ သလိပ် ကပ်ပြီး လေနာရင် အလုပ်ပျက်မယ်"

မိုးက ပြောပြောဆိုဆို လက်ဖက်ပန်းကန်ကိုယူပြီး အထဲဝင်သွားသည်။

မိုးကို သူပြောဖို့ ကျန်သွားသေးသည်။

တစ်ခါမြင်ရုံနဲ့ နောက်ထပ်မှတ်မိနိုင်တဲ့ မျက်နှာမျိုး ကို သူမ ပိုင်ထားတယ်လို့။





Yan Kin Centre မှာ Live Show တစ်ခုအတွက် promotion လုပ်ရန် လက်မှတ်သွားထိုးပေးပြီးနောက် အပြန်တွင် မိုးက Citymart ဝင်ရန် အဖော်စပ်သည်။

"မိုးသည်းနေတော့ လူပြည်းရှင်းနေတာပဲ တစ်ခါတည်း ဝင်သွားရအောင်"

သူက ဈေးအေးအေးဆေးဆေး မဝယ်ရမှာသာ စိုး ရိမ်သည်။

"အင်းလေ ... နင့်သဘောပဲ"

မိုးက ဝင်မည်ဆိုသည်နှင့် အလှကုန်ကောင်တာ ဘက် တန်းဝင်သွားသည်။ သူက လူသုံးကုန်ကောင်တာဘက် လျှောက်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ဘာပစ္စည်းကုန်ခါနီးနေပြီလဲ ဆိုတာ ပြန်စဉ်းစားရင်း ပစ္စည်းများကို လျှောက်ကြည့်နေလိုက်သည်။

ပစ္စည်းစျေးရင်း တစ်ယောက်စ နှစ်ယောက်စကိုတော့ အော်တိုရေးပေးလိုက်ရသည်။

ကိစ္စမရှိ၊ အရမ်းဝိုင်းလာရင်သာ ခက်သည်။

အပြင်မှ မိုးအရမ်းသည်းနေ၍ လူနည်းနေတာလည်း ပါသည်။

Snow touer တွေ ကုန်ခါနီးတာ သတိရလိုက်၍ Snow touer များကို ယူလိုက်စဉ် သူ့လိုပင် Snow touer လှမ်းယူသော လက်တစ်ဖက်ကို တွေ့လိုက်ရသည်။

လုပသွယ်ပျောင်းလွန်းသော လက်ချောင်းများမဟုတ်ပေ။

ဒါပေမဲ့ သူ သိပ်သဘောကျသော ပန်းသွေးရောင်သဘာဝလက်သည်းကို တိတိရိရိ ဖြတ်ထားသော လက်ချောင်းများ ဖြစ်သည်။

လက်ချောင်းများမှတစ်ဆင့် လူကိုပါ လှည့်ကြည့်လိုက်သည်။





"ဟင်"

သူ အံ့ဩသွားပေမဲ့ အပြင်သို့ အသံမထွက်။

သူမကတော့ သူ့ကို ကျော်ပြီး ဆက်ထွက်သွားသည်။

ဆံနွယ်နက်နက်ဖောင်းဖောင်းလေးက သူမနဲ့အတူ လှုပ်ခါလျက် ...

သူ့ကို မမြင်တာလား၊ မသိတာလား၊ မမှတ်မိတာလား။

အားလုံးက ခဏလေးမှာ အဲ ... တစ်ဒင်္ဂလေးမှာ ရင်ခုန်သွားစေသည်။

"ဟဲ့ ... သိဒ္ဓိ"

ငေးကြည့်နေဆဲမှာ မိုး အသံက စူးခနဲ ဝင်လာသည်။

"ဟင် ... ဘာလဲ"

"နင့်မှာ ခေါင်းလျှော်ရည် ရှိသေးလား"

မိုးကို သူ့အသုံးအဆောင်တချို့ ဝယ်ခိုင်းနေကျဖြစ်၍ မေးခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"သုံးနေကျ တံဆိပ်ကတော့ ကုန်ပြီ၊ လက်ဆောင်ရထားတာတွေတော့ ရှိသေးတယ်"

ကုမ္ပဏီတွေကို ကြော်ငြာပေးတိုင်း လက်ဆောင်ရထားသည့် ခေါင်းလျှော်ရည်တွေက တစ်ပုံတစ်ပင်။

"သုံးနေကျ မဟုတ်ရင် မသုံးနဲ့လေ၊ ဆံပင်တွေ ကျွတ်ကုန်မှာပေါ့"

မိုးက သူ့ကို အသေးစိတ် ဂရုစိုက်လွန်း၍ တစ်ခါတလေ သူ့ကိုယ်သူပင် အားမကိုးချင်တော့။

"အေးပါဟာ ဝယ်ချင် ဝယ်လိုက်"

မိမိုး ရှုပ်၍ ဘူမ ဘယ်ရောက်သွားမှန်းပင် မသိ။

ဘူမမှာ သိပ်လှတဲ့ မျက်လုံးအပြင် သိပ်လှတဲ့ လက်ချောင်းတွေ၊ သိပ်လှတဲ့ ဆံပင်တွေပါ ရှိနေတာပဲ။

ရင်မခုန်စဖူး ခုန်သွားမိသည်ကို တွေးပြီး သူ့ဘာသာသူ ပြုံးမိသွားသည်။

ရင်ခုန်တယ်ဆိုတာ တစ်ခါတလေ ခလုတ်တိုက်တတ်တဲ့ သဘောမျိုးပဲလား။





ကြည့်နေရင်းနဲ့ အတူထိုင်ကြည့်နေတဲ့ မိုးကိုပင် မျက်နှာပူလာသည်။ ကြော်ငြာရိုက်တုန်းက ဒီလို ရည်ရွယ်ချက်နဲ့ရိုက်ခြင်း မဟုတ်။

ဆပ်ပြာကြော်ငြာဖြစ်၍ ရေစိုနေတဲ့အခန်း သရုပ်ဆောင်ပေးရသည်။

မော်နီတာထဲမှာ ပြန်ကြည့်စဉ်ကလည်း ရိုးရိုးပင်။

အခုမှ ဘယ်လိုဖြတ်ညှပ်ကပ်လိုက်သည် မသိ နိုင်ငံခြားထဲက ချစ်ခန်း ကြိုက်ခန်းထက်ပင် မျက်စိရှက်စရာ ကောင်းနေသည်။

"ပိတ်လိုက်တော့ သိဒ္ဓိ"

မိုးက remote ကိုင်ပြီး ကြောင်နေသော သူ့ကိုလှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း TV ကို ပိတ်လိုက်ပြီး စိတ်လှုပ်ရှားလွန်း၍ ဘာပြောရမှန်းပင် မသိတော့။

"ဘယ်လိုဖြစ်တာလဲ"

မိုးက စိတ်ပျက်စွာ ညည်းညူသည်။

"ငါလည်း မသိဘူး မိုး၊ အဲဒီ shooting တုန်းက နင်လည်း ပါတာပဲ"

"အေးလေ ... အခုလိုပုံစံမျိုး ကြော်ငြာမယ်လို့တော့ ဘယ်ထင်ပါ့မလဲ"

တော်သေးတာက နမူနာခွေဖြစ်၍ ပြင်နိုင်သည့် အခွင့်အရေး ရှိခြင်းပင်။

တစ်နိုင်ငံလုံးသာ ထုတ်လွှင့်နေသည့်အချိန်ဆိုလျှင် ရှက်၍ပင် အမှုန့်ဖြစ်သွားလေမလားပင်။

"မိုး ... အဲဒီကြော်ငြာ ဒါရိုက်တာရဲ့ ဖုန်းနံပါတ်ရှာပေးဟာ"

မိုးက ခေါင်းညိတ်ပြီး ဖုန်းနံပါတ်စာအုပ်ထဲက သွားရှာပေးသည်။





"သူက ဒါရိုက်တာအသစ်ဟ အရှေ့မှာ ကြော်ငြာတစ်ခုပဲ ရိုက်ဖူးတယ်၊ သူက နာမည်ကြီးချင်လို့ ဒီလိုလုပ်တာထင်တယ်"

မိုးက ခေါင်းညိတ်ပြီး ဖုန်းနံပါတ်စာအုပ်ထဲက သွားရှာပေးသည်။

"နင်မပြောလည်း ဆင်ဆာက ဖြတ်ခိုင်းမှာ"

မိုးက သူ့ဒေါသ ပြေရာပြေကြောင်း ပြောပေးနေသည်။

ဖုန်းခေါ်လိုက်စဉ် ဖုန်းက မအားတာလား၊ ပျက်တာလား မသိ။ ဖုန်းခေါ်၍ မရ။

"ကဲ ... ဖုန်းခေါ်လို့ မရရင်လည်း သူ့အလုပ်တိုက်လိုက်သွားလိုက်မယ်"

မိုးက ထိုင်နေရာမှ ထရင်း ပြောသည်။

မိုးက သူ့ထက်ပိုပြီး စိတ်မြန်လက်မြန်ရှိသူပင်။

သူပါ ရောထလိုက်စဉ် ...

"နင်မလိုက်နဲ့၊ ငါဘာသာငါ ပြောမယ်၊ လိုအပ်မှ နင့်ကို ဖုန်းဆက်ခေါ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးက သူ့မန်နေဂျာအဖြစ် အရာရာကို ယုံကြည်စွာ လွှဲအပ်ခံရသူ ပီသလွန်းသည်။

"ကျေးဇူးပဲ မိုး၊ ငါ လိုက်ဖို့လိုရင် လိုက်မယ်လေ"

မိုးက ခေါင်းခါပြီး ...

"ဒီလောက်လေးနဲ့ နင်မလိုက်နဲ့ဟာ တို့အဆိုတော်ကို ရိုးလ်တင်ထားပါရစေ"

ရယ်ကျဲကျဲနဲ့ သူ စိတ်ပေါ့သွားအောင် နောက်ပြီး ထွက်သွားသည်။

မိုး ထွက်သွားတော့မှ သူတို့ ပြောတာကို တစ္စန်းတစ ကြားထားဟန်တူသော မေမေက ဝင်လာပြီး ...

"မိုးလည်း သားအလုပ်တွေနဲ့ပဲ အချိန်ကုန်နေတယ်၊ မနက်ကတင် မိုးမေမေ မခိုင် ဖုန်းဆက်သေးတယ်"

မေမေနဲ့ အန်တီခိုင်က အလွန်ရင်းနှီးတဲ့ ငယ်သူငယ်ချင်းများ ဖြစ်သည်။

"ဘာတဲ့လဲ"

သူ မေမေ့ ဇက်ကြောကို မနာအောင် ဆွဲပေးရင်း မေးလိုက်သည်။





"မိုးနဲ့ သဘောတူထားတဲ့ သူငယ်က မိုး သားဆီမှာ လုပ်နေတာ သဘောမကျဘူးတဲ့"

မိုးအတွက် အရေးကြီးလာပြီဖြစ်၍ မေမေနဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး စိတ်ဝင်တစား ဆက်မေးလိုက်သည်။

"အန်တီခိုင် သဘောကရော"

"သူကတော့ မိုးတို့ကိစ္စကို အေးအေးဆေးဆေး ပြီးသွားစေချင်တာပေါ့"

ဟုတ်တယ်။ မိုးအတွက် သူ စဉ်းစားပေးရမှာပေါ့။

"မိုးကရော ဘာပြောတယ်တဲ့လဲ"

မေမေက သူနဲ့မိုး သောက်ထားတဲ့ ကော်ဖီခွက်နှစ်ခွက်ကို သိမ်းရန် လှမ်းယူပြီး ...

"မိုးကတော့ သိတဲ့အတိုင်း ခေါင်းမာမာပဲပေါ့။ မယူခင်ကတည်းက သူ့ကို ဟိုဟာတား ဒီဟာတား လုပ်တာ မကြိုက်ဘူးတဲ့"

"သားအတွက် မိုးက လိုအပ်ပေမဲ့ မိုးကိုတော့ ဖျောင်းဖျကြည့်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးနဲ့ သဘောတူထားတဲ့ မေယျာပိုင်ကို သူလည်း သိထား၍ မိုးနဲ့သင့်တော်လိုက်ဖက်သည်ဟု သူ ထင်သည်။

ပြီးတော့ ပညာရောနေပါ ပြည့်စုံသူ မိုး၊ မေယျာပိုင်ကို လက်မလွှတ်သင့်ဟု သူ ယူဆသည်။

"အေးကွယ် ... မေမေလည်း မိုးကို ချစ်ပါတယ် သားတို့ နှစ်ယောက်ကိုတော့ ဖြစ်နိုင်ရင် မေမေ သဘောတူချင်တယ်"

"ဟာ ... မိုးအပေါ် မရိုးမသားစိတ် တစ်ခါမှ မဖြစ်ဘူး"

မိုးလည်း သူ့အပေါ် ဘာမှ လိုတာထက်မပို။

သူတို့နှစ်ယောက်လုံးရဲ့ အနေအထားက ဖြူစင်သည်ဟု သူ ထင်သည်။

"အင်းလေ ... သား မေးကြည့်ပါဦးမယ်"

စိတ်တော့ နည်းနည်း ရှုပ်သွားသည်။

ဒါပေမဲ့ သူ့အပေါ် သိပ်ကောင်းသော သူငယ်ချင်းမအတွက် သူ ဒီလောက်တော့ စိတ်ရှုပ်သင့်သည်ပင်။





"နင့်ကို မေယျာက ငါ့ဆီမှာ လုပ်တာ မကြိုက်ဘူးလို့ ပြောတယ်ဆို"

မိုးက ဘာမှ အရေးမကြီးတဲ့ ကိစ္စတစ်ခုကို ကြားနေရသည်ထက် မပို။

မိုးသိပ်သွေးအေးတာတော့ သူ သိထားသည်။

"သူ့သဘောက ငါ့အတွက် အရေးမကြီးပါဘူး"

မိုးက ထိမထင်တဲ့ အမူအရာနဲ့ ပြောသည်။

"ဒါပေမဲ့ နင်နဲ့သူက လက်ထပ်ကြမဲ့ သူတွေလေ တစ်ယောက်နဲ့ တစ်ယောက် စိတ်ရှင်းနေမှ ကောင်းမှာပေါ့"

မိုးက သူ့အတွက် ဝယ်လာတဲ့ ဦးထုပ်ကို ဦးထုပ်တွေထည့်တဲ့ ဗီရိုထဲ ထည့်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... မယူခင်ကတည်းက ငါ့ကို မယုံရင် ယူပြီးရင် ဘယ်လိုလုပ်မလဲ ငါပြောပြီးသား ငါ့ကို ချုပ်ချယ်တာလုံးဝ မကြိုက်ဘူးလို့"

ဖေယျာပိုင်က ကျောင်းတက်ကတည်းက မိုး အပေါ် အသည်းအသန် ကြိုက်ခဲ့သူ ဖြစ်သည်။

ဒါကို မိုးကလည်း သိထား၍ ဖေယျာပိုင်ကို နည်းနည်းမှ အလျှော့မပေး။

ကျောင်းပြီးတော့ ဖေယျာပိုင်က မိဘတွေကနေတစ်ဆင့် ချဉ်းကပ်ရာ အောင်မြင်သွားသည်။

အောင်မြင်သည် ဆိုပေမဲ့ မိုး အချစ်ကိုရခြင်း မဟုတ်။ မိဘများ သဘောတူ၍ မိုးက ခေါင်းညိတ်လိုက်ခြင်းသာ ဖြစ်သည်။

"ဒါပေမဲ့ ငါ့ကြောင့် နင့်အိမ်ထောင်ရေး ထိခိုက်မှာကိုတော့ ငါ မလိုချင်ဘူး မိုး"

မိုးက သူ့ကို မျက်လုံးပြူးကြီးနဲ့ ကြည့်ပြီး ...

"ငါကရော သူ့ကို ယူမှာမို့လို့လား၊ ငါ့ကို လာချုပ်ချယ်လို့ကတော့ ဆောရီးပဲ"





မိုးက ဖေယျာပိုင်နဲ့ ပတ်သက်ပြီး နည်းနည်းမှ ခံစားရပုံ မပေါ်။

"နင် ဖေယျာပိုင်ကို မသနားဘူးလား"

မိုးက သူ့ကို ပါးပါးလုပ်လုပ် ပြုံးကြည့်ပြီး ...

"ငါသနားရင် ငါတစ်သက်လုံး ရှုံးသွားမှာပေါ့"

မိုးကို သူ နားလည်လွန်း၍ တစ်ခါတလေ နားမလည် ဖြစ်သွားရသည်။

"ဒါဆို နင်က ဘယ်သူ့မှ မချစ်တော့ဘူးလား"

မိုးက ပခုံးတွန့်ပြပြီး ...

"ချစ်တာနဲ့ သနားတာက တခြားစီပဲဟာ"

သူ မိုးကို နိုင်အောင် မပြောနိုင်တော့။

သူ ဖုန်းမြည်လာ၍ မိုးနဲ့သူ စကားပြတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



Main ထဲမှာ ဆရာပေါက်စ ဖြစ်နေသော သူ့သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထား၍ မရောက်တာ ကြာပြီဖြစ်သော ကျောင်းထဲကို ပြန်ခြေချမိသည်။

လွတ်လွတ်လပ်လပ် သွားချင်၍ အရင်ပုံစံအတိုင်း ရုပ်ဖျက်ထွက်လာခဲ့လိုက်သည်။

နွေလက်ကျန် ငုတွေနဲ့ စိန်ပန်းတွေက အဓိပတိလမ်းကို အလှဆင်လျက် ...

ပန်းတွေထဲမှာ ငုနဲ့ စိန်ပန်းကို သူ သိပ်ကြိုက်သည်။ နွေကို အံတုပြီး စူးစူးရဲရဲ အရောင်နဲ့ အလှဆင်တတ်တဲ့ ပန်းတွေအဖြစ် သူ သဘောကျသည်။





ကားကို အဓိပတိလမ်းရှေ့က တက္ကသိုလ်စာတိုက်ဝင်းထဲမှာရပ်ပြီး လမ်းလျှောက်ဝင်လာခြင်းပင်။

Science Canteen ဘက်မှာ ချိန်းထား၍ လမ်းများများ လျှောက်ခွင့်ရသွားသည်။

မိုးရွာပြီးစဖြစ်၍ မိုးနံ့သင်းသင်းကို လန်းဆန်းစွာ ရှူရှိုက်နေရသည်။

လေအဝှေ့မှာ စိန်ပန်းပွင့်ဖတ်လေးတွေက ဝှေ့ဝှေ့ဝဲဝဲ။

လွမ်းစရာမရှိဘဲ လွမ်းရတာကို နှစ်သက်သလိုလို။

စာကြည့်တိုက်ဘက် အကွေ့မှာ သူ့ရှေ့မှာ လျှောက်နေတဲ့ ဆံပင်ဖောင်းဖောင်းအိအိလေးကို တွေ့လိုက်ရသည်။

ယောကျ်ားပဲ လှတာတွေ့ရင် နှစ်သက်စွာ ကြည့်တတ်စမြဲပဲဟာ။

ထိုဆံပင် နက်နက်ပြောင်ပြောင်လေးကို အနောက်ကနေ ကြည့်နေရင်း တစ်စုံတစ်ယောက်ကို သတိရသွားသည်။

ဟုတ်ပါတယ်။ သူမဆံပင်လည်း ဒီလိုနက်နက် ဖောင်းဖောင်းအိအိလေးပဲ။



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းလေးတွေရော ...

လက်လွဲလျှောက်နေ၍ သေချာမမြင်ရ။

သူ့ခြေလှမ်းတွေမြှင့်ပြီး ရှေ့သို့ ကျော်တက်လိုက်သည်။

ခြေလှမ်း လေးငါးလှမ်းလောက်ကျော်မှ ဖျတ်ခနဲ မသိမသာ ပြန်လှည့်ကြည့်စဉ် ...

မျက်ဝန်းနက်ကလေးနဲ့ တန်းခနဲ ...

သူမ နှုတ်ခမ်းတွန့်ရုံလေး ပြုံးသွားသည်။

သူမလည်း မှတ်မိသည်ကိုး။

သူ နှစ်လို ရှင်ပျစွာ ပြန်ပြုံးပြလိုက်ရင် ခြေလှမ်းများကို ရပ်စောင့်လိုက်သည်။

"ကျွန်တော့်ကို မှတ်မိလား"

"မှတ်မိပါတယ်"

သူမက လိုလိုလားလားနှင့်ပင် ပြန်ဖြေသည်။

"ကျွန်တော် စာအုပ်ဖိုး ပေးရဦးမယ်"

ပိုက်ဆံအိတ်ထဲက ပိုက်ဆံထုတ်စဉ် ...





"တစ်ခုခု ကျွေးရင် ရပါတယ်"

သူ အံ့သြရင်ခုန်သွားသည်။

သူမဆီက ဒီလို အခွင့်အရေး လိုချင်ပေမဲ့ မတောင်းရဲ။

"အတော်ပဲ ကျွန်တော်လည်း တစ်ခုခု စားမလားလို့"

အိမ်မှာ မိုးအေးအေးနဲ့ ရောက်သီးသုပ်နဲ့ ထမင်းကို နေ့လယ်စာအဖြစ် စားခဲ့သေးသည်။

သူမနဲ့အတူ science canteen ဘက် ဆက်လျှောက်လာခဲ့လိုက်သည်။

"စာအုပ်လေးတဲ့အတွက် ကျေးဇူးပဲနော်"

ထပ်ပြောပြီး သူ့ထက်ပုတဲ့ သူမကို ငုံ့ကြည့်လိုက်သည်။

ဖြူနုစ်ပြည့်ဖောင်းတဲ့ ပါးပြင်ပေါ်က သွေးကြော မြမြလေးတွေကို တွေ့နေရသည်။

မျက်ဆန်နက်နက် ဝိုင်းဝိုင်းကတော့ ရှေ့တူရူသို့သာ ကြည့်နေလျက် ...



www.burmeseclassic.com

www.burmeseclassic.com



သူ သိသိသာသာ ရင်ခုန်မြန်နေသည်။

ဒီလမ်းမှာ သူမနဲ့သူ နှစ်ယောက်တွဲ လျှောက်နေတယ်ဆိုတဲ့ အသိကပင် ကြည်နူးချင်စရာ။

မိုးကတော့ သူ့ဖြစ်အင်ကို ဟားပေလိမ့်မည်။

နှစ်ယောက်သား ဆိုင်ထဲဝင်ထိုင်လိုက်ပြီး ...

"ဘာစားမလဲ"

သူက အရင်ဦးအောင် မေးလိုက်သည်။

"ရှောက်သီးသုပ်"

သူ့သွားတွေ ကျိန်းလာသည်။

အိမ်မှာစားခဲ့တဲ့ ရှောက်သီးသုပ် အရသာပင် လျှာပေါ်က မပျောက်သေး။

"ကျွန်တော် လက်ဖက်ရည်ပဲ သောက်မယ်"

သူမက ပြုံးပြီး ...

"တစ်ခုခု မှာစားပါ၊ ကျွန်မပဲ ရှင်းပါ့မယ်"

သူရယ်ချင်လာသည်။ ဒါပေမဲ့ မရယ်ရဲ ...

"မဟုတ်တာ၊ ကျွန်တော် ကျွေးပါ့မယ်"





တော်သေးတာက ချိန်းထားတဲ့ သူ့သူငယ်ချင်း ရောက်သေး။

"ဒါနဲ့ နာမည် ဘယ်လိုခေါ်လဲ"

သူမက ကျောင်းအပ်ရန်လာသည့် ကျောင်းသားကို သည့် ပုံစံမျိုးနှင့် မေးသည်။

နာမည် ...

သူ ... ဘယ်လိုပြောရပါ့။

သူတို့စားပွဲပေါ် ကျီးကန်တစ်ကောင် တဖျပ်ဖျပ် သွားသည်။

ကျီးကန်း ... အဲ ... ဒါတော့ မတောင်း။

ငှက်တစ်ကောင်ကောင် အမည်ဆိုရင့် ...

"ဥသြ"

သူ့နှုတ်က အလိုလို ထွက်သွားသည်။

"ဩော် ... ကိုဥသြပေါ့"

"ဥသြ ဆိုရင် ရပါတယ်"

ခပ်တည်တည် ပြန်ဖြေရင်း သူ့ဘာသာသူ ဒီနာမည် သဘောကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ခင်ဗျား နာမည်ရော"

သူမက လာချပေးတဲ့ ရောက်သီးသုပ်ကို ခပ်စား လိုက်ပြီး ....

"ကုမုဒ္ဒါ"

လုပခန့်ညားတဲ့ နာမည်ကို တိုတိုတုတ်တုတ်ပင် ဖြေလိုက်သည်။

"သြော် ... ဟိုကဗျာစာအုပ်က နာမည်ပဲကိုး"

"အင်း ... ကမန်းကတန်း ဆိုတော့ ဖျက်ချိန် မရလိုက်ဘူး"

"ဒါနဲ့ ဒီမှာကျောင်းတက်နေတာလား"

မေးသာ မေးလိုက်ရသည်။ သူမ ပုံစံက ကျောင်းတက်နေသည့် ပုံစံမျိုးနဲ့မတူ။

"မဟုတ်ဘူး၊ သူငယ်ချင်း တစ်ယောက်ဆီ လာတာ၊ အခု သူနဲ့တွေ့ပြီး ထွက်လာတုန်း ဦးသြနဲ့ တွေ့တာ"

သူမက သူ့ကို သူငယ်ချင်းတစ်ယောက်လို ရင်းနှီး လိုက်လှဲစွာ ပြောနေသည်။





တစ်ခါတလေ တင်းတယ်လို့ ထင်ရတဲ့ သူမ မျက်နှာက သေသေချာချာ ကြည့်ရင်း နူးညံ့လာသလို ဖြစ်လာသည်။

ထိုစဉ် သူ့သူငယ်ချင်းကို လှမ်းမြင်လိုက်သည်။

သူ့သူငယ်ချင်းကတော့ သူ့ကို မမြင်။

သူ ဂနာမငြိမ် ဖြစ်နေချိန်မှာပင် ဖုန်းမြည်လာသည်။

စိတ်ပျက်စွာဖြင့် စိတ်လျှော့ချလိုက်ပြီး လွယ်အိတ်ထဲက ဖုန်းထုတ်ရန် အလုပ်၊ ...

"ဟဲလို"

သူမ ဖုန်းမြည်နေတာ ဖြစ်နေသည်။

သူ ကံကောင်းနေသေးသည်ပဲ။

"ဟုတ်ကဲ့၊ အခုလာပြီ၊ ဒါပဲနော်"

သူမက ဖုန်းပြောပြီး ...

"အိမ်ကကား လာကြိုနေပြီ၊ ကျွန်မ ပြန်တော့မယ်၊ ကျေးဇူးပဲနော်"

ကမန်းကတန်း နှုတ်ဆက်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်စိရှေ့က ဆံပင်ဖောင်းဖောင်းလေး ပျောက်သွားမှ ရင်မောစွာ သက်ပြင်းချလိုက်မိသည်။

"ဟာ ... ဟော့ကောင်၊ ဘယ်လိုပုံ ဖြစ်နေတာလဲ"

သူ့ဆီ အကြည့်ရောက်ပြီး ပြန်လွှဲသွားပြီးမှ ငဲ့သချာ ထပ်ကြည့်လိုက်သည့် သူငယ်ချင်းဆီက အသံပြဲကြီး ကြားလိုက်ရသည်။

❦ ❧ ❦





"နင့်ကို ရုပ်ဖျက်ပြီး သွားခိုင်းတာ နင် လွတ်လွတ်လပ်လပ် မရှိမှာစိုးလို့ သွားခိုင်းတာ၊ နင့်ကိုယ်နင် လိမ်ပြီး မိတ်ဖွဲ့ခိုင်းတာမှ မဟုတ်တာ"

မိုးက သူ ပြောပြတဲ့ အဖြစ်အပျက် တစ်ခုလုံး အပြီးမှာ သူ့ကို ပျစ်ပျစ်နှစ်နှစ် အပြစ်တင်လေတော့သည်။

"ငါလည်း ရုတ်တရက် ဆိုတော့ ဘာပြောရမှန်းမသိ ဖြစ်သွားတာပေါ့"

မိုးက သူ့ကို ခပ်ချဉ်ချဉ် အကြည့်နဲ့ ကြည့်နေသည်။

"အေးပေါ့၊ လိမ်တဲ့သူဆီမှာတော့ အကြောင်းပြချက်တွေက ရှိနေမှာပဲ၊ အလိမ်ခံရတဲ့ သူ့အတွက်ကတော့ လိမ်တာ



www.burmeseclassic.com

က လိမ်တာပဲ၊ ခံရခက်တဲ့ ခံစားချက်ကတော့ ဘာအကြောင်း ပြချက်ပေးပေး ပြောင်းလဲမှာ မဟုတ်ဘူး"

မိုးက ဆရာမကြီးဟန်နဲ့ သူ့ကို ရွတ်ချ၍မဆုံး။

အမြဲတမ်း ချီးကျူးခံရတဲ့ သူ့ပတ်ဝန်းကျင်မှာ မိုး တစ်ယောက်သာ သူ့ကို အားမနာတမ်း ဝေဖန်တတ်သူ ဖြစ်သည်။

"နောက်တွေ့ကြမဲ့ သူတွေမှ မဟုတ်တာ၊ တစ်ယောက် နာမည် တစ်ယောက် သိရုံကလွဲပြီး ဘာမှမှ ငါတို့မသိကြ တာ"

မိုးက သူ့ကို လက်ကာပြပြီး ...

"ကဲပါ၊ နင့်ဇာတ် နင်နိုင်ရင် ပြီးတာပဲ၊ ငါကတော့ ဟန်ဆောင်တတ်တဲ့ ယောက်ျားဆို မုန်းတယ်"

ဒီတစ်ခါတော့ သူ့အလှည့် ...

"အမယ်လေး ... မုန်းစမ်းပါ မိမိုးရယ်၊ လောကကြီးမှာ ငါ အကြောက်ဆုံးက နင် ချစ်တာ ခံရမှာကိုပဲ သိလား၊ အခုတောင် အသက်ရှူကျပ်လှပြီ"





မိုးက အနားမှာရှိတဲ့ စာအုပ်တွေနဲ့ သူ့ကို ကောက် ပေါက်ပြီး ...

"သေလိုက်ပေါ့၊ လောကမှာ ငါ မချစ်ချင်ဆုံး ယောက်ျား ကလည်း နင်ပဲဆိုတာ မမေ့နဲ့"

"အေးပါ၊ ပြီးမှ ကျိတ်ချစ်မနေနဲ့"

"အကောင်စုတ်"

ပြောမနိုင်တဲ့အဆုံး နေရာမှ ဆောင့်အောင့်ပြီး ထွက် သွားသည်။

စက်နဲ့ ဖြောင့်ထားတဲ့ မိုးရဲ့ဆံပင် စင်းစင်းလေးကို ကြည့်ပြီး ဆံနွယ်ဖောင်းဖောင်းလေးကို သတိရလာသည်။

ပြန်တွေ့မယ်၊ မတွေ့မယ် ဆိုတာ မသေချာတဲ့ သူမကို သူ လွမ်းနေတာလား။

အင်း ... သတိရနေတာတော့ သေချာသည်။

အခိုက်အတန့်ပေါ့။

နောက် မေ့သွားနိုင်တာပဲ။

www.burmeseclassic.com



မိုးအေးအေး ရှိတာမို့ အခန်းအောင်းပြီး သီချင်းရေး
နေလိုက်သည်။

သီချင်းနာမည်က ...

ကုမုဒြာ ... တဲ့ ...။





စာအိတ်တွေ အားလုံးထဲမှ အပြာရင့်ရင့် ဖြောင်ပေါ်မှာ ကွန်ပျူတာ စာလုံးတွေနဲ့ စာစီထားတဲ့ စာအိတ်လေးကို ရွေးထုတ်လိုက်သည်။

မကြာခဏ မဟုတ်ပေမဲ့ သူ့အတွက် တစ်ခုခု ပြောစရာလိုတိုင်း သတိပေးတတ်သော စာလေးဖြစ်၍ သူ အလေးထားရသော ပရိသတ်တစ်ဦးပင်။

အမြဲတမ်း စာအိတ်အပြာနှင့် ကွန်ပျူတာ စာလုံးများနှင့်သာ ဖော်ပြထားသော တိုတိုတုတ်တုတ် စာလေးဖြစ်သည်။

အစပိုင်း တစ်စောင် နှစ်စောင်မှာ သတိမထားမိ။ နောက်ပိုင်းမှ သူ့ကို ဘယ်လိုနှစ်သက်ကြောင်း ဆိုတာထက် ဘာလိုတယ်၊ ဘာမလိုဘူး ဆိုတာ ထောက်ပြတတ်သူမို့ ပိုသတိထားမိခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



စာအိတ်အပြာလေးရဲ့ ဘေးတစ်ဖက်ကို ကတ်ကြေးနှင့် ကိုက်ဖြတ်လိုက်ပြီး စာရွက်အပြာလေးကို ထုတ်ဖတ်လိုက်သည်။

"သိဒ္ဓိ ...

TV မှာ ကြော်ငြာအသစ်လာတာ တွေ့လိုက်တယ်။ ဝတ်ထားတဲ့ colour က ကုန်ပစ္စည်းရောင်အတိုင်း ဝတ်တယ်ဆိုပေမဲ့ သိပ် Bright ဖြစ်လွန်းတော့ သိဒ္ဓိနဲ့ မလိုက်ဘူး ဖြစ်နေတယ်၊ ပြီးတော့ ပခုံး သိပ်မတွန့်ပါနဲ့လား၊ သိဒ္ဓိက ကလေးဆန်တဲ့ အမူအရာမျိုးထက် လူငယ်ဆန်တဲ့ လွတ်လပ်ပေါ့ပါးတဲ့ အမူအရာမျိုးနဲ့ ပိုလိုက်တယ်။ ဒါနဲ့ ဆံပင်ရှည်လာပြီနော် ...

M "

စာက ထုံးစံအတိုင်း တိုတိုရှင်းရှင်းပင်။

ဘာပဲဖြစ်ဖြစ် ဒီစာလေးကို ဖတ်ရတိုင်း သူ အားတက်သွားတတ်သည်။

"ကျေးဇူးပဲ M "





ခပ်တိုးတိုး ရေရွတ်ပြီး စာအိတ်ပြာလေးကို သီးသန့်ထားနေကျ နေရာလေးမှာ သိမ်းထားလိုက်သည်။

တခြားစာတွေကို တစ်စောင်ပြီး တစ်စောင်ဖတ်ပြီး အိပ်ငိုက်လာချိန်ရောက်မှ ဖုန်းမြည်လာသည်။

အိပ်ခါနီးမှ ဘယ်သူပါလိမ့်။

ဖုန်းနံပါတ်ကို ကြည့်လိုက်စဉ် ...

ဇေယျာပိုင် ဖုန်းဖြစ်နေသည်။

"ပြော ... ဇေယျာ"

"ဆောရီးကွာ၊ မင်း အိပ်နေပြီလား"

"အိပ်တော့မလို့တော့ စိတ်ကူးနေပြီကွ"

"မနက်ဖြန် ငါ့မွေးနေ့ကွ၊ အဲဒါ မိုးကို မနက်ဖြန် ငါခေါ်ထားချင်လို့"

သနားစရာကောင်းသည့် ဇေယျာ။

ကိုယ်နဲ့ စေ့စပ်ထားတဲ့ ချစ်သူကို မွေးနေ့အတွက် တခြားယောကျ်ားတစ်ယောက်ဆီမှာ ခွင့်တောင်းရတယ်လို့။

သူ လှိုက်လှိုက်လှလှဲ အားနာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါများကွာ ပြောစရာလား၊ မင်းသဘောပဲလေ၊ မိုးကို ပြောပြီးပြီ မဟုတ်လား၊ ငါ မနက်ဖြန်ညမှ recording ရှိတာ ကိစ္စမရှိဘူး"

ဖေယျာပိုင်ဆီမှ အနည်းငယ် အသံဆိတ်သွားပြီး လေသံပျော့ပျော့နှင့် ...

"မိုးကို ငါ ပြောပြီးပြီ၊ သူက မအားဘူးဆိုလို့ မင်းဆီ ခွင့်တောင်းတာ"

ဟာ ... မိမိ။ တော်တော် အသည်းမာတဲ့ မိန်းမ။

"အလကား မင်းကို အံ့ဩသွားအောင် တမင်လုပ်တာ ဖြစ်မယ်၊ ငါ့ကိုတောင် ဟိုတလောက မင်းမွေးနေ့လက်ဆောင်အတွက် အကြံတောင်းနေသေးတယ်"

ပါးစပ်ထဲရှိရာ စိတ်ချမ်းသာစေမဲ့ စကားကို ကြံဖန်ပြောလိုက်သည်။

"တကယ်လား"

ဖေယျာ့ အသံက ဝမ်းသာအယ်လဲ ...

"တကယ်ပေါ့၊ မင်း ကြည့်နေပါ၊ နက်ဖြန် မိုး မင်းဆီ ရောက်လာလိမ့်မယ်"





"ကျေးဇူးပဲကွာ၊ မိုးက တစ်ခါတလေ သွေးအေးတော့ ငါ စိုးရိမ်လို့ပါ၊ မင်းကိုတော့ နောက်မှ သပ်သပ်ကျွေးမယ်နော်"

"ရပါတယ်ကွာ၊ Happy Birthday သူငယ်ချင်း"

ဖေယျာဘက်က ကျေကျေနပ်နပ် ဖုန်းချသွားတော့မှ မိုးဆီ သူ ဖုန်းခေါ်လိုက်သည်။

"ဘာလဲ ... သိဒ္ဓိ"

အသံက အိပ်ချင်မူးတူး ...

"နင် မနက်ဖြန် ဖေယျာ့မွေးနေ့ သွားလိုက်ပါ မိုး"

မိုးက ရှူးရှူးရှားရှား ဒေါသထွက်သွားပုံရသည်။

"နင် ငါ့ကို အမိန့်ပေးပိုင်ခွင့် ရှိလို့လား"

သူကလည်း သူပင်။ စစချင်း ဖျောင်းဖျောင်းဖျဖျ ပြောရမှာ အမိန့်ပေးသလို ဖြစ်သွားသည်။

"ငါ တောင်းဆိုတာပါ မိုးရာ၊ ဖေယျာ သနားဖို့ ကောင်းပါတယ်၊ ဘယ်လောက်မှလဲ အပန်းကြီးတဲ့ကိစ္စ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မသွားချင်ဘူး သိဒ္ဒိရာ"

မိုးဆီကလည်း အသံနည်းနည်း ပျော့သွားသည်။

"ဒါပေမဲ့ နင်တို့ချင်း စေ့စပ်ထားကြတယ်လေ၊ ပြီးတော့ ဖေယျာက နင့်ကို သိပ်ချစ်တာ"

မိုးဆီက သက်ပြင်းချသံ ကြားရသည်။

"နင့်အတွက် မဟုတ်တောင် ငါ့အတွက်လို့ သဘောထားပြီး သွားလိုက်ပါ မိမိုးရာ"

မိုးဆီက ခဏ အသံတိတ်သွားပြီး ...

"အေးလေ ... ဒါဆိုလည်း ငါသွားလိုက်မယ်"

ဒါဆို သူ စိတ်ချသွားသည်။

"နင် မနက်ပိုင်း ဖေယျာဆီ မသွားခင် ငါ့ဆီ ခဏဝင်ခဲ့ဦး၊ မွေးနေ့လက်ဆောင် မဝယ်ထားဘူး မဟုတ်လား၊ ငါ့ဆီက တစ်ခုခု ယူသွားပြီးမှ အစားပြန်ဝယ်ပေးချင်ပေး၊ မပေးချင်လည်းနေ"

မိုးဆီက ရယ်သံကြားရပြီး ...





"ဘယ်တုန်းက ပြန်ရဖူးလို့လဲ၊ အေး ... အေး၊ နင်လည်း အိပ်တော့၊ သမီးယောက်ဖ သိပ်တည့်နေကြတယ် ဟုတ်လား"

ဖေယျာမှာ ညီမတစ်ယောက် ရှိတာကို ရည်ရွယ်ပြီး သူ့ကို စနေကျဖြစ်သည်။

"အေးပါ၊ မနက်ဖြန်သာ ငါ့ယောက်ဖကြီး စိတ်ချမ်းသာအောင် နင်တာဝန်ယူ၊ ဂွတ်နိုက် ... မိုး"

"ဂွတ်နိုက် ... သိဒ္ဒိ"

ညက ချက်ချင်း ပြန်တိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးက သူ့ကို ချက်ချင်း အဖြေမပေးရန် မျက်ရိပ်ပြသည်။

သူကိုယ်တိုင်လည်း ချက်ချင်း အဖြေမပေးလိုသေး။ သူ့အတွက် ပထမဆုံး လုပ်ရမည့်ကိစ္စ ဖြစ်သည်။ ဒါပေမဲ့ ဒီကိစ္စမျိုး ကြုံလာမှာကိုတော့ ကြိုတွက်ဆခဲ့ဖူးသည်။

"ကျွန်တော် အကြောင်းပြန်ပါ့မယ်၊ ချက်ချင်းတော့ ဆုံးဖြတ်လို့ မရသေးလို့ပါ"

ဒါရိုက်တာကြီးက နားလည်စွာပြုံးပြီး ခေါင်းညိတ်သည်။





"ကျွန်တော့်အတွက်တော့ ဒီကားအတွက် အရမ်းမျှော်လင့်ထားလို့၊ လက်ခံပေးစေချင်ပါတယ်၊ ဒါပေမဲ့ အနုပညာအလုပ်ဆိုတာ စိတ်ပါမှ လုပ်လို့ရတဲ့ အလုပ်မျိုးဆိုတော့ အတင်းလည်း မတိုက်တွန်းချင်ပါဘူး၊ စဉ်းစားပါ၊ ရပါတယ်၊ ဒီဝတ္ထုဝယ်တုန်းကလည်း အလွယ်တကူ ရခဲ့တာမဟုတ်တော့ စောင့်လက်စနဲ့ ဆက်စောင့်ရတော့တာပေါ့"

"ဟုတ်လား ... ဘယ်လိုဝယ်ခဲ့ရလို့လဲ"

မိုးက မိန်းကလေးပီပီ စိတ်ဝင်တစား စပ်စပ်စုစု မေးလိုက်သည်။

"အဲဒီ စာရေးဆရာမက သူ့ဆီမှာ ဝတ္ထုဝယ်ရင် လိုက်ဖက်မဲ့ဇာတ်ကောင်တွေ အကြံပေးတတ်တယ်၊ ဆင်ရေးတာမဟုတ်ပေမဲ့ သူ ရွေးပေးရင် ပိုအဆင်ပြေလေ့ ရှိတယ်၊ ဒီဝတ္ထုကျတော့ အရင်လိုမဟုတ်ဘူး ဖြစ်နေတယ်၊ ဝတ္ထုထဲက ဇာတ်ကောင်နဲ့ လိုက်မဲ့မင်းသား သူ မတွေ့ထားဘူးတဲ့၊ ဒါကြောင့် မရောင်းနိုင်ပါဘူး ဆိုတာ ဖွတ်ငြင်းတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစာရေးဆရာမရဲ့စိတ်ကို သူ စိတ်ဝင်စားသွားသည်။

"ကျွန်တော်ကလည်း အဲဒီဝတ္ထု ဖတ်ပြီးကတည်းက မင်းသားနေရာမှာ သိဒ္ဓိကို စိတ်မှန်းနဲ့ ရိုက်ကြည့်ပြီး အဆင်ပြေနေတယ်လေ"

ကြော်ငြာတွေသာ ရိုက်ဖူးပေမဲ့ ဇာတ်လမ်းတွေ မရိုက်ဖူး။

"ဒါနဲ့ ကျွန်တော်လည်း သိဒ္ဓိနဲ့ဆို လိုက်ဖက်မယ်လို့ ပြောရတော့တာပေါ့"

သူ့အပေါ် အလေးထား ရွေးချယ်ထား၍ ကျေးဇူးတင်လိုက်မိသည်။

"ဒါကြောင့် အဲဒီ စာရေးဆရာမက လက်ခံလိုက်တယ်ပေါ့"

မိုးက ဒါရိုက်တာကြီး၏ စကားကို ဝင်ထောက်လိုက်သည်။

"ဒါရိုက်တာကြီးက အားနာစွာ ပြုံးပြီး ...





"သူ သိဒ္ဓိကို မသိဘူးတဲ့"

သူ့ပင် အောင့်သက်သက် ပြုံးဖြစ်သွားသည်။

သူ့ကိုယ်သူ နာမည်ကြီးလှပြီလို့ ဘဝင်မမြင့်တတ်ပေမဲ့ လူတိုင်းလိုလို သူ့နာမည် ကြားဖူးကြမယ်လို့တော့ ထင်ထားသည်။

"အဲဒီတော့ ..."

သူကပင် အောင့်သီးအောင့်သက်နှင့် ဝင်ထောက်ပေးလိုက်သည်။

"ကျွန်တော် သိဒ္ဓိရဲ့အခွေပေးပြီး ဆုံးဖြတ်ခိုင်းရတာပေါ့"

အတော်ဖွဲ့ကြီးတဲ့ ဒါရိုက်တာနဲ့ အတော်ခေါင်းမာတဲ့ စာရေးဆရာမပဲ ...

"နောက်တစ်ပတ်လောက် ကြာတော့မှ ဖုန်းဆက်တယ်၊ သိဒ္ဓိနဲ့ဆို သူ့ဝတ္ထုကို ရိုက်ခွင့်ပေးပါမယ်လို့လေ"

"အဲဒီစာရေးဆရာရဲ့ နာမည်က ဘာလဲ"

မိုးက သူလည်း သိလိုတဲ့ မေးခွန်းကို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လရောင်"

အင်း ... အားမနာတမ်း ပြောရရင် သူလည်း အဲဒီ စာရေးဆရာမရဲ့စာတွေ မဖတ်ဘူး။

"ဩော် ... ကျွန်မ ကြားဖူးတယ်၊ သူ ဝတ္ထုတိုလေးတွေလည်း ဖတ်ဖူးတယ်၊ လုံးချင်းတော့ အချိန်ပေးရမှာမို့ မဖတ်ဖြစ်ဘူး"

မိုးက ပြေပြေပြစ်ပြစ် ဖြေရှာသည်။

"ကျွန်မတို့ကို သူ့ဝတ္ထုပါရင် ပေးခဲ့ပါလား၊ ခတ်လမ်း ဖတ်ကြည့်ပြီး ဆုံးဖြတ်တော့ ပိုကောင်းတာပေါ့"

"ဟာ ... ဟုတ်တာပေါ့၊ ကားထဲမှာ ပါလာပါတယ်၊ ကျွန်တော် ပေးခဲ့ပါမယ်၊ သိဒ္ဓိဘက်ကသာ အလေးထားပြီး စဉ်းစားပေးပါနော်"

ခတ်လမ်းထက် သူ သရုပ်ဆောင်လုပ်နိုင် မလုပ်နိုင်ကိစ္စက ပိုအရေးပါနေသည်။

"ဟုတ်ကဲ့ ... ကျွန်တော် စဉ်းစားပြီး အကြောင်းပြန်ပါမယ်"





မျှော်လင့်ထားပေမဲ့ သေသေချာချာ မစဉ်းစား မဆုံးဖြတ်ရသေးသည့် ကိစ္စကို အခုမှ ပြတ်သားစွာ စဉ်းစားဆုံးဖြတ်ရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်လိုသဘောရလဲ မိုး" ...

ဒါရိုက်တာ ပြန်သွားသည်နှင့် မိုးနဲ့ သူ စ,တိုင်ပင်လိုက်ကြသည်။

"နင် လုပ်နိုင်မှာလား၊ နင် လုပ်နိုင် မလုပ်နိုင်ပေါ်မှာ မူတည်တယ်လေ"

ကြော်ငြာမှာ သရုပ်ဆောင်ရတာက ပေါ့ပေါ့ပါးပါးလေးတွေများ၍ mood သွင်းစရာ သိပ်မလို။

ရုပ်ရှင်ကျတော့ မတူ၊ mood ဝင်မှသာ သရုပ်ဆောင်နိုင်မည် ဖြစ်သည်။





သူ့အတွက် လွယ်ကူမှာ မဟုတ်တာတော့ သေချာသည်။ ဒါပေမဲ့ အခွင့်ကောင်း ဖြစ်နေပြန်၍ လက်မလွှတ်ချင်။

"ငါ ကိုယ်တိုင်လည်း မသေချာဘူး"

မိုးက သူ့ကို နားလည်စွာ ပြုံးပြီး ...

"ငါကတော့ နင့်ကို မလုပ်စေချင်ဘူး"

မိုးက သူ့ကို အနားလည်ဆုံးသူ ဖြစ်၍ အကြံပေးချက်မှာ အကြောင်းပြချက် အခိုင်အလုံရှိမှာ သေချာနေသည်။

"ဘာဖြစ်လို့လဲ"

မိုးက သူ့ကို လေးနက်တည်ငြိမ်စွာ ကြည့်ပြီး ...

"နင် လုပ်နိုင်မယ်လို့ ငါ မယုံဘူး သိဒ္ဓိ"

သူ့ကိုယ်သူ ယုံကြည်ချက် ပိုနည်းသွားသည်။

"အထူးသဖြင့် နင့်မျက်လုံးတွေပဲ သိဒ္ဓိ"

မိုးက သူ့မျက်လုံးတွေကိုပင် စာဖတ်နေပြန်သည်။

"နင့်မျက်လုံးတွေက သိပ်ရိုးစင်းလွန်းတယ်၊ အရောင်မပြောင်းတတ်ဘူး၊ ငါဆိုလိုတာ နင် သဘောပေါက်တယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ နင့်မျက်လုံးတွေက အယောင်မဆောင်တတ်တာကို ပြောတာ"

သူ ကုမုဒ္ဒြာ ဆိုတဲ့ မိန်းကလေး အပေါ်မှာတော့ အောင်အောင်မြင်မြင် ဟန်ဆောင်နိုင်ခဲ့တာပဲ။

သူ မိုးစကားကို လက်မခံချင်။

မိုး ပြောသလောက် သူ မရိုးစင်းဟု ထင်သည်။

"ဒါပေမဲ့ ငါ လုပ်ကြည့်ချင်တယ်"

မိုးက ပြုံးသည်။

မိုးအပြုံးက သူ့ကို သနားကရုဏာသက်သော အပြုံးမျိုး ဖြစ်သည်။

"နင် လုပ်နိုင်မှာ မဟုတ်ဘူး၊ စိတ်ပင်ပန်းရုံပဲ ရှိမယ်"

ဒါမျိုးဆို သူ ပိုပြီးလုပ်ပြချင်သည်။

သရုပ်ဆောင်အားလုံးလည်း လူပဲ၊ မွေးကတည်းက ဘယ်တတ်ပါ့မလဲ"

"ငါ လုပ်မယ် မိုး"





မိုးက သူ့စိတ်ကို ရိပ်မိပုံရသည်။

လှောင်ပြုံးဆန်တဲ့ အပြုံးမျိုးကို ရိပ်ရိပ်လေးပြုံးပြီး ...

"လုပ်ကြည့်လေ၊ ဒါပေမဲ့ ဒါ ရုပ်ရှင်ရိုက်တာနော်၊ စမ်းသပ်ချက် တစ်ခုကို အဖြေထုတ်တာ မဟုတ်ဘူးဆိုတာတော့ နင် ခေါင်းထဲ ထည့်ထား"

သူနဲ့ မိုး စစ်အေးတိုက်ပွဲတစ်ခုလို တည်တည်ငြိမ်ငြိမ်နဲ့ အားပြိုင်နေသည်။

"ပြီးတော့ နစ်နာရင်လည်း နင် တစ်ယောက်တည်းမဟုတ်ဘူးဆိုတာ နားလည်မှာပါ"

"ငါ သိပါတယ်"

သူ့အသံက နည်းနည်းမာချင်နေသည်။

မိုးကလည်း သူ့ကို အလျှော့ပေးချင်သည့်ပုံ မပေါ်။

"ဝတ္ထုကို နင်ပဲ ဖတ်ကြည့်လိုက်တော့၊ ငါ့သဘောကို နင့်ကို ပြောပြီးသားဆိုတော့ ငါ ဖတ်စရာ မလိုတော့ဘူး၊ နင်ပဲဖတ်ကြည့်ပြီး ဆုံးဖြတ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိမိုး ... နင် တော်တော် ခေါင်းမာတဲ့ သူငယ်ချင်းပဲ ...

"ညနေ recording ရှိတယ်နော်၊ ခေါင်းကိုက်ခံပြီး ဝတ္ထုကို မဲဖတ်မနေနဲ့ဦး၊ ငါ ပြန်ပြီ"

မိုးက ဝတ္ထုရားမပျက် ပြောပြီး ပြန်သွားသည်။

သူ့ဘက်ကသာ ဝေဝေဝါးဝါးနဲ့ မကျေမနပ် ကျန်ရစ်လျက် ...။





မိုးကသာ ဝတ္ထုကို မဲမဖတ်နေနဲ့လို့ သတိပေးသွားသမို့ ဝတ္ထုကို စကိုင်လိုက်တဲ့ အချိန်ကနေ ပြီးတဲ့အချိန်အထိ ထိုင်နေရာမှ မထဖြစ်။

ဖတ်ရင်းနဲ့ပင် အချိန်ကုန်မှန်း မသိလိုက်ရ။

ဝတ္ထုထဲ နစ်ဝင်သွားပြီး ဝတ္ထုဆုံးမှ နစ်သက်မှုနဲ့ အတူ သူ ဘဝင်ကျသွားသည်။

ဝတ္ထုကို နစ်သက်သွားသည်နဲ့အမျှ ဝတ္ထုထဲက ဇာတ်ကောင်နေရာကိုလည်း သဘောကျ ခုံမင်နေသည်။

သေချာသည်။

သူ ထိုဇာတ်ရုပ်ကို ပီပြင်အောင် သရုပ်ဆောင်နိုင်ဆလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီကြည့်လိုက်တော့ recording သွားရန် နီးနေပြီကို တွေ့လိုက်ရသည်။

ရေမိုးချိုးပြီး မေမေ ဖျော်ပေးထားသည့် ဆေးစပ်ထားသည့် သံပရာရည်ကိုသောက်၍ အိမ်မှထွက်ခဲ့လိုက်သည်။

မိုးက ညဘက် recording တွေကို မလိုက်။

လိုက်ရန်လည်း မသင့်တော်၍ သူလည်း မခေါ်။

တစ်ခါတလေ အမျိုးသမီး အဆိုတော်များနဲ့ စုံတွဲသီချင်း သွင်းစရာရှိရင်တော့ မိုး လိုက်ချင်လိုက်တတ်သည်။

တွေးနေစဉ်ပင် မိုးဆီက ဖုန်းဝင်လာသည်။

"သွားနေပြီလား"

သူနဲ့ စိတ်ကောက်တတ်ပေမဲ့ မိုးက ဝတ္တရားမပျက်။

"အင်း ... လမ်းမှာ"

သူကလည်း တုံးတိတိပင် ပြန်ဖြေလိုက်သည်။

"ညနေက ကိစ္စအတွက် ဆောရီးပဲ သိန္ဒိ၊ နင် ရွေးချယ်ရမှာကို ငါ ဝင်စွက်ဖက်သင့်တာထက် လွန်သွားတယ်။ နင့်သဘောအတိုင်းပဲ စဉ်းစားပါ၊ ငါ မတားတော့ပါဘူး"





မိမိုး ဘာစိတ်ကောင်းဝင်သွားတာပါလိမ့်။

သူနဲ့ ဒီလောက်မြန်မြန် ပြန်မပြေလည်ဘူး။

ကျေနပ်စွာ သူ ပြုံးမိလိုက်ပြီး ...

"ဒါဆို နင် စာချုပ် ချုပ်ဖို့ အသင့်ပြင်ထားတော့၊ ငါဝတ္တုဖြတ်ပြီးပြီ၊ ငါ လက်ခံမှာ ပိုသေချာသွားပြီ"

မိုးဆီက ခဏငြိမ်သွားသည်။

အင်းလေ ... မိုးလည်း ခံရခက်သွားမှာပေါ့၊ သူက မိုးနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လိုက်တာကိုး။

"အေး ... အေး၊ recording ဆီ ငါလာဖို့ လိုသေးလား"

"ရတယ် ... မနက်ဖြန်နေ့လယ်မှ ငါ ပြန်ဖုန်းဆက်လိုက်မယ်လေ"

"အေး ... ဒါဆို ဖုန်းချလိုက်တော့မယ်၊ ကားကို ဂရုစိုက်မောင်းနော်၊ ဒါပဲ"

ဒီလိုတော့လည်း မိုးကို သနားသွားသည်။

ငယ်ငယ်ကတည်းက သူ့အပေါ် အနိုင်ယူရန် ကြိုးစားတတ်ပေမဲ့ အမြဲတမ်း ရှုံးနိမ့် အလျှော့ပေးရစမြဲ။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း သိသိကြီးနဲ့ မိုးအပေါ် အနိုင်ယူတတ်စမြဲ။

အင်းလေ ... မိုး အိမ်ထောင်ကျသွားပြီးရင်တော့ ဒါတွေ အလိုလို အဆုံးသတ်သွားမှာပါ။

သူ့သူငယ်ချင်းမကို အိမ်ထောင်ရှင်မကောင်း အနေနဲ့လည်း သူ မြင်လိုလှပါသည်။





မနက်စောစော ထွက်လာရင်း ဗိုက်ဆာသလိုလို ရှိလာသည်။

အကျင့်ဖြစ်နေပြီဖြစ်၍ ညလုံးပေါက် အလုပ်လုပ်ခဲ့ပေမဲ့ အိပ်မငိုက်။

နာရီကြည့်လိုက်စဉ် မနက်ခြောက်နာရီခွဲလောက်သာ ရှိသေးသည်။

အိမ်မှာ သူ စားဖို့ မေမေ တစ်ခုခု လုပ်ထားမှာ သေချာပေမဲ့ သူ့လျှာထဲ တောင့်တတာ စားချင်တာမို့ ကားကို ရပ်လိုက်ပြီး ဘာစားရင် ကောင်းမလဲဆိုတာ စဉ်းစားလိုက်သည်။

မိုးသာပါရင် တစ်ခုခု အမြန်ဆုံးဖြတ်ပြီး သူ့ကို ခေါ်သွားမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ စိတ်တိုင်းကျမှာပင် ကြက်သားပလာတာ ဝင်စားရန် ဆုံးဖြတ်လိုက်သည်။

ကြက်သားပလာတာပူပူကို အားရပါးရစားရင်း မိုးကြိုက်တာ သတိရ၍ ပါဆယ်နှစ်ပွဲ မှာလိုက်သည်။

မုန့်စားပြီး ကန်တော်ကြီး ပတ်လမ်းအတိုင်း ကားကို အရှိန်လျှော့ပြီး ခပ်ဖြည်းဖြည်း မောင်းလိုက်သည်။

Air con ပိတ်ပြီး မှန်တွေပါ ချလိုက်၍ ကန်ပေါ်မှ ဖြတ်တိုက်လာတဲ့ လေနုအေး လတ်လတ်ဆတ်ဆတ်ကို စောစောစီးစီး နှုတ်ဆက်ခွင့် ရလိုက်သည်။

ကားကို ဖြည်းဖြည်းမောင်းရင်း အတွင်းကန်ပတ်လမ်းဘက်ကို ကြည့်မိစဉ် ...

နံနက်စောစော သူ့ရဲ့ကြာပန်းလေး ဖူးပွင့်နေသည်။

"ကုမုဒြာ"

လိုက်ခနဲ ရင်ခုန်သွားသလို ဖျတ်ခနဲ ကြည်နူးဝမ်းသာသွားသည်။

ကားကို ကားပါကင်မှာ ထိုးလိုက်ပြီး ကြာပန်းလေးရှိရာဆီ သူ ရောက်သွားသည်။





ကြာပန်းလေးက သူ့ကို တွေ့စဉ်ကအတိုင်း ကန်ရေပြင်ကို ငေးကြည့်နေဆဲ။

တစ်ချက်တစ်ချက် လေကို အားပါးတရ ရှူနေသေးသည်။

လတ်ဆတ် နူးညံ့သော သူမအနား ရောက်သွားပြီး...

"ကုမုဒြာ"

သူမ မျက်လုံးလေး သူ့ဆီ ရွေ့လာသည်။

"ဪ ... ဦးဩ"

သူမဆီက အံ့ဩမှုကို တွေ့ရပေမဲ့ အလွန်အမင်း အံ့ဩသွားပုံမျိုး မဟုတ်။

မကြာခဏ တွေ့နေကျ လူတစ်ယောက်ကို တွေ့လိုက်ရသလို ပုံစံမျိုးပင်။

"လမ်းလျှောက်ထွက်လာတာလား"

သူမက ပြုံးပြီး ခေါင်းညိတ်သည်။

"အမြဲတမ်း လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက လေကို ခပ်ဖြည်းဖြည်း အားရပါးရ ရှူသွင်းပြန်သည်။ ပြီးမှ ...

"ရာသီဥတုကောင်းတဲ့ နေ့မျိုးပေါ့၊ ဥဩကရော"

ဆံပင်ပွယောင်းယောင်းနဲ့ အိပ်ရေးပျက်ထားတဲ့ သူ့ပုံစံက ဘာနဲ့တူနေပါလိမ့်။

"ကျွန်တော် ကိစ္စတစ်ခု ချိန်းထားတာ စောသေးတာနဲ့ ဒီဘက် လမ်းလျှောက်ထွက်လာတာ"

သူမက စပို့ရှပ် အပြာဖျော့ဖျော့ကို ဝတ်ထား၍ ကောင်းကင်နဲ့ တစ်ထပ်တည်း ဖြစ်နေသလို ရေပြင်နဲ့လည်း တစ်သားတည်း ကျနေသည်။

သူ့အတွက် နံနက်ခင်းဆည်းဆာရဲ့ ပန်းချီကားတစ်ချပ်လိုပင်။

ရင်ထဲမှာ သီချင်းတစ်ပုဒ် ညည်းဆိုနေမိသလိုပင်။

"ကျွန်တော် ဒီရေ့က မကြာခဏ ဖြတ်တတ်ပေမဲ့ ဒီလို ကြည်ကြည်နူးနူး ခံစားမှုမျိုး မဖြစ်ဖူးဘူး"

သူမက သူ့ကို နားလည်ပြုံးဖြင့် တုံ့ပြန်ရင်း ...





"သဘာဝကို မြင်တတ်ရင် ပတ်ဝန်းကျင်ထဲမှာ စိတ်ကို တစ်သားတည်း မြှုပ်နှံတတ်ရင် ဘယ်အရာမဆို ခံစားလို့ ရပါတယ်၊ ဒါပေမဲ့ ကြည်နူးစရာချည်းပဲ ခံစားရမှာတော့ မဟုတ်ဘူးနော်"

သူမက အဘိဓမ္မာဆရာမတစ်ယောက်လို သူ့ကို လေးလေးနက်နက် ရှင်းပြနေသည်။

"ကျွန်မ ဒီနေရာကိုလာရင် အမြဲတမ်း တစ်ယောက်တည်း လာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပတ်ဝန်းကျင်ကို တိတ်တိတ်ဆိတ်ဆိတ် ခံစားပြီး အတွေးပွားလို့ ရလို့"

သူမစိတ်က ထူးဆန်းပေမဲ့ သူ နားလည်လို့ ရနေသည်။ စိတ်ရှုပ်ရင် အခန်းအောင်းပြီး တစ်ယောက်တည်း နေတတ်တဲ့ သူ့ခံစားချက်နဲ့ ခပ်ဆင်ဆင်ကိုး။

"ဟာ ... ဒါဆို ကျွန်တော့်ကြောင့် ကမုဒ္ဒြာ အနှောင့်အယှက် ဖြစ်နေပြီပေါ့"

သူမက အားနာစွာ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



အနေရခက်နေတဲ့ သူ့ကို နှစ်သိမ့်ပေးတဲ့ အပြုံးကြည် ကြည်လေး ဖြစ်သည်။

"တစ်ခါတလေ ကိုယ့်အတွေးနဲ့ သူ့အတွေး ဖလှယ်မိတာ တွေကလည်း အတွေးကောင်း ထွက်လာနိုင်တာပေါ့"

လိမ္မာပါးနပ်စွာနဲ့ သူ့ကို ဆွဲခေါ်သွားသည်။

"ဘယ်အချိန်ထိ နေမှာလဲ"

သူမက သူ့ကို မျက်ခုံးလေးမြှင့်ပြပြီး ...

"ကျွန်မ တွေးလို့ကောင်းတဲ့ အချိန်အထိပေါ့"

အင်း ... သူမက ခပ်ဆန်းဆန်း အပြုအမူတွေနဲ့ ပြည့်နှက်နေတတ်သူပဲ။

"ဒါဆို ကျွန်တော် အနှောင့်အယှက် မပေးတော့ဘူး၊ ပြန် တော့မယ်နော်"

တားရစချင်ပေမဲ့ မတား။

သူတို့က တားရမဲ့ အနေအထားတွေမှ မဟုတ်တာ။

မရနိုင်တာကို တောင့်တမိသည့် သူ့ကိုယ်သူပင် အပြစ်တင်မိလိုက်သည်။





ခေါင်းညိတ်ပြီး ကျန်ခဲ့သော သူမကို လှည့်မကြည့် ဘဲ လျှောက်လာခဲ့ပေမဲ့ သူ့ခြေလှမ်းတွေက လေးလံဖင့်နွှဲ့စွာ။

လေကို တစ်ဝကြီး ရှူသွင်းပြီး မကျေမနပ်မှု အသေး သေးကို မောင်းထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အေးစက်နေတဲ့ ကြက်သားပလာတာထုပ်ကို မိုးဆီ ကမ်းပေးစဉ် မိုးက ...

"ကျေးဇူးပဲ၊ ငါလည်း မနက်စာ မစားရသေးဘူး၊ ခုမှ အိပ်ရာက နိုးတာ၊ နင်ပါ တစ်ခါတည်းစားသွား"

"ငါ စားခဲ့တယ်၊ နင့်အတွက် တမင်ဝယ်လာတာ"

မိုးက သူ့ပခုံးကို လှမ်းရိုက်ပြီး ...

"လက်ဖက်ရည်ပြစ်ပြစ် သောက်သွားဦး၊ နေဦး ... လက်ဖက်ရည်မသောက်နဲ့၊ အိမ်မှာ အိပ်ရှီးမှာ မဟုတ်လား၊ မျက်စိကြောင်နေမယ်၊ နွားနို့သောက်သွားချည်"

မိုးက နွားနို့ကြိုက်တတ်၍ မိုးအိမ်မှာ အမြဲ နွားနို့ ရှိနေတတ်သည်။





"အေး ... ဒါဆိုလည်း သောက်သွားမယ်"

"မေမေရေ ... သိဒ္ဓိအတွက်ပါ နွားနို့တစ်ခွက်"

မိုးက အိမ်ထဲကို လှမ်းအော်ရင်း ဝင်သွားသည်။

သူက မိုးနောက်မှ လိုက်ဝင်သွားသည်။

နှစ်ယောက်သား ထမင်းစား စားပွဲမှာ ထိုင်လိုက်ချိန် ...

"မိုး ... ငါ ဒီမနက် ဘယ်သူ့ကို တွေ့ခဲ့တယ် ထင်လဲ"

မိုးက ပလာတာဖတ်ကို ကြက်သားအနှစ်ထဲ တို့နှပ်ရင်း ...

"ဘယ်သိပါ့မလဲ"

သူ ပခုံးကို ခပ်မြင့်မြင့် ကြွားတင်လိုက်ပြီး ...

"ကုမုဒြာနဲ့ တွေ့ခဲ့တယ်"

မိုးက ပါးစပ်ထဲ ရောက်လုလု ပလာတာဖတ်ကို ပြန်ချလိုက်ပြီး ...

"ဘယ်မှာတွေ့ခဲ့တာလဲ"

"ကန်တော်ကြီးပတ်လမ်းမှာ သူ တစ်ယောက်တည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးက နှာခေါင်းရှုံ့ပြီး ဆက်စားသည်။

"အမယ် ... လမ်းလျှောက်နေတဲ့သူတွေနဲ့ ဒုန်ဒေးဗါ။ ငါ တို့နှစ်ယောက်တည်း မဟုတ်ပါဘူး"

မိုးက ပလုပ်ပလောင်းဝါးပြီး ...

"ဒါကြောင့် ပလာတာ မာသွားတာကိုး၊ နင် စကားတွေ အကြာကြီး ပြောခဲ့လို့ပေါ့"

မိုးက သူ့ကို ကြဲဖန်အပြစ်ရှာသည်။

ကိစ္စမရှိ။ သူ့စကားကို စိတ်ရှည်လက်ရှည်နားထောင် ပေးနေရင် ပြီးရော။

"နေပါဦး၊ သူကပဲ တုံးလွန်းတာလား၊ နင်ကပဲ ဟန်ဆောင် ကောင်းလွန်းတာလား၊ နင့်ကို သူ သိဒ္ဓိမှန်း မသိသေးဘူး ပေါ့"

သူမ မျက်လုံးထဲမှာ ဘာအရိပ်အယောင်မှ ရှိမနေ။

"ငါကတော့ သူ့ကို သိဒ္ဓိအနေနဲ့ ရင်းနှီးခွင့် ရတာထက် ဥသြ အနေနဲ့ ရင်းနှီးခွင့်ရတာကို ပိုသဘောကျတယ်"

မိုးက ကြီးကျယ်ရန်ကော ဆိုတဲ့ မျက်စောင်းမျိုး လှမ်းထိုးသည်။





"နွားနို့ သောက်လိုက်ဦး၊ အိမ်ရောက်ရင် အိပ်လိုက်ဦး၊ နေ့လယ်လောက် ငါရောက်မယ်၊ ရှေ့တစ်ပတ် Live Show တစ်ခုအတွက် အဝတ်အစား စီစဉ်ရဦးမယ် မဟုတ်လား"

သူ ခေါင်းညိတ်ပြီး သကြားမပါတဲ့ နွားနို့နွေးစိမ့်စိမ့်ကို သောက်လိုက်သည်။

"အေးပါ ... စိတ်ချ၊ အိပ်မက်ပါ မက်လိုက်ဦးမယ်၊ ငါနဲ့ ကုမ္ပဏီခွဲနဲ့ပေါ့"

မိုး မခံချင်အောင်စပြီး နွားနို့ကို တစ်ရှိန်ထိုးမော့ ချလိုက်သည်။

မိုးရဲ့ စုပုပ်ပုပ်မျက်နှာနဲ့ သူမရဲ့ နွေးထွေးတည်ငြိမ်တဲ့ မျက်နှာကို စိတ်ထဲမှာ ယှဉ်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည်ပျပျက သူ့အခန်း ခေါင်းရင်းရှိ တံတိုင်းမွေး ပင်ပေါ်မှာ ခိုနားလျက် ...

အဖြူရောင် ငုံငုံဖွေးဖွေး တံတိုင်းမွေးနံ့က သူ့ ပြတင်းဝမှ အလုအယက် နေရာယူထား၍ထင်။

ပြတင်းတံခါး ဖွင့်လိုက်သည်နှင့် သူ့ကို အလုအယက် နှုတ်ဆက်ကြတော့သည်။

သိပ်မကြာခင်မှာ ဒီတံတိုင်းမွေးပန်းလေးတွေ ဘုရားပန်းအိုးနဲ့ မေမေ့ ဆံစတွေမှာ နေရာယူကြတော့မည်။

တစ်ခါတလေ သူငယ်ချင်းမ မိမိုးရဲ့ တိုနံ့နံ့ ဆံပင်ပေါ်မှာတောင် တွေ့ရတတ်သေးသည်။

ပြတင်းဝပေါ် မှေးတင်ပြီး နံနက်ခင်းနုနုနဲ့ ကြည်နူးနေစဉ် ...





သူ ဝုန်းခနဲ ထရပ်လိုက်သည်။

ဒီလောက်လှတဲ့ နံနက်ခင်းမှာ သူမရှိနေမှာ သေချာသည်။

ဥဩ ပုံစံ အမြန်ဆုံး ပြင်ဆင်ပြီး ထွက်လာစဉ် မေမေက အံ့သြတကြီးနှင့် ...

“ဟဲ့ ... အစောကြီး ဘယ်သွားမလို့လဲ၊ လုပ်ပြန်ပြီ ဒီပုံစံနဲ့”

မေမေ့ပါးကို ချစ်စနိုး ဖွဖွလီမ်ခဲ့ရင်း ...

“ခဏပဲ မေမေ၊ ပြန်ခဲ့မယ်၊ ဖုန်းရော ကားရော ထားခဲ့မယ်”

တစ်ခုခု စားသွားဦးဆိုတဲ့ မေမေ့ အသံက နောက်မှာ ကျန်ခဲ့သည်။

သူ့ဆန္ဒ ပြင်းပြ၍ပဲလား၊ တိုက်ဆိုင်တာလားတော့မသိ။

သူမကို တွေ့ခဲ့ဖူးတဲ့ နေရာလေးမှာပင် တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူမက အဖြူဆွတ်ဆွတ် ချည်ဂါဝန် ရှည်ရှည်ပွပွလေးကို ဝတ်ထားသည်။

လွင့်နေတဲ့ တိမ်ပိုင်းအစလေးနဲ့ တူနေသည်။

သူမက ကောင်းကင်ဆန်တဲ့ မိန်းမလား၊ အမြဲတမ်း ကောင်းကင်ပြင်ကြီးလို လွင့်ပျံငြိမ်းချမ်းနေတတ်သလိုပင်။

တစ်ယောက်တည်း တွေးရတာကို သဘောကျတဲ့ သူမကို သူ နှုတ်မဆက်ရဲ။

မဟုတ်ဘူး၊ နှုတ်မဆက်ရဲတာ မဟုတ်ဘူး။

နှုတ်မဆက်ရက်တာပါ။

သူမရဲ့ အတွေးမျှင်လေး ပြတ်တောက်သွားမှာကို စိုးရိမ်တာပါ။

သူမကို ရှင်းလင်းစွာ မြင်နိုင်တဲ့ နေရာလေးမှာ သူ ရပ်နေလိုက်သည်။

ကြာပွင့်လေး အသက်ဝင် လှုပ်ရှားလာတာကို စောင့်ကြည့်နေရသလိုပင်။





လေတစ်ချက် အဝင့်မှာ ပွင့်ဖတ်ဆံပင်လေးကို သပ်တင်ရင်း ဘေးဘီကို ဝေ့ကြည့်စဉ် သူနဲ့ အကြည့်ချင်း တန်းဆုံသည်။

နှစ်လိုကြည်မြစွာ ပြုံးပြသဖြင့် သူ အားတက်ပြီး သူမနား လျှောက်သွားလိုက်သည်။

"ဘယ်လိုလဲ၊ အတွေးမျှင်တွေ ပြတ်သွားပြီလား"

သူ စနှုတ်ဆက်စဉ် သူမက ခေါင်းညိတ်လိုက်ပြီး...

"ဆိုပါတော့၊ ဥဩကရော"

သူ ရယ်ကျဲကျဲနဲ့ ခေါင်းကုတ်လိုက်ပြီး ...

"လမ်းလျှောက်ထွက်လာတာ"

"ဒါဆို ဆက်လျှောက်ကြမယ်လေ"

သူမကစပြီး ဦးဆောင်လျှောက်လိုက်၍ သူ နေရခက် မနေတော့ဘဲ သူမနဲ့ ယှဉ်လျှောက်လိုက်သည်။

ကန်တော်ကြီး ရေပြင်ပေါ်မှာ ကြာရွက်ဝိုင်းလေးများက ကန်ပြည့်လုမတတ် နေရာယူထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာရွက်ဝိုင်းဝိုင်းကြားမှာ ရိုးတံရှည်ရှည်နဲ့ အဖြူရောင် ပန်းနုရောင် ကြာများက ပွင့်တချို့ ငုံတချို့။

လေတိုက်ရင် ကြာဝိုင်းလေးများ တွန့်ခေါက်သွားပုံက ချစ်စရာ။

"သူတို့ သိပ်များလာရင် ကန်ညစ်မှာစိုးလို့ ဆယ်ကြမယ် ထင်တယ်"

သူမဆီက အသံတိုးတိုး ကြားရသည်။

သူ နားမလည်။

"ဘာကို ဆယ်မှာလဲ"

သူမက ကြာတွေဘက် မေးဆတ်ပြပြီး ...

"ကြာတွေကို ပြောတာလေ၊ ကန်ပြည့်မတတ် ဖြစ်နေပြီ"

"ဒါပေမဲ့ လှနေတာပဲ"

သူမက ပြုံးသည်။ သူမ အပြုံးတိုင်း အဓိပ္ပာယ်တစ်ခုခု ပါသလို လေးနက်နေတတ်သည်။





"သူ့အလှက သဘာဝတရားကို ပျက်စီးစေနိုင်တယ်လေ"

သူ့ ကြာပွင့်လေးက ကြာမျိုးနွယ် အချင်းချင်းဘက်က ရပ်တည်လိုဟန် မရှိ။

သူ ဆက်မငြင်းချင်။

နုးညံ့သိမ်မွေ့တဲ့ နံနက်ခင်းကို စကားစစ်ထိုးခြင်းနဲ့ မရုပ်သိမ်းချင်။

"ကုမုဒြာလည်း ကြာပဲနော်၊ လရောင်တွေ့မှ ပွင့်တဲ့ကြာ မဟုတ်လား"

သူမက နှစ်လိုအားတက်စွာ ပြုံးသည်။

ဒါလည်း သိသာပဲဆိုတဲ့ ကျေနပ်ပြုံးမျိုး ဖြစ်သည်။

"ဟုတ်တယ်၊ ကျွန်မကို လသာတဲ့ ညတစ်ညမှာမွေးလို့၊ ပြီးတော့ ကြာပွင့်ဖတ်လေးလို ကျွန်မအသားက နုးညံ့ဖြူအိနေလို့တဲ့၊ ကျွန်မ မေမေ ရွေးပေးထားတာလေ"

သူမ မေမေ၏ အတွေးလှပုံကို သူပင် ကြည်နူးလေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … လမ်းဆုံးပြီ၊ ဦးသြ ဘယ်ပြန်မှာလဲ၊ ကျွန်မမှာ ကားပါတယ်၊ ဝင်ပို့ပေးမယ်လေ၊ တစ်ခုခု စားကြရင်း ပေါ့"

သူမက ပွင့်လင်းဖြူစင်စွာ ကမ်းလှမ်းတာမို့ သူ ခေါင်းညိတ်လိုက်ပြီး …

"ကျွန်တော် မောင်းမယ်၊ ကုမုဒြာက ဘေးက ထိုင်လိုက် ပေး"

သူမက အံ့သြစွာ မျက်ခုံးလေး မြင့်တက်သွားသည်။ နှုတ်ခမ်းဖူးလေးက ဝိုင်းဟဟ။

ပြီးမှ သဘောကျစွာ ရယ်လိုက်ပြီး …

"ကောင်းသားပဲ၊ အမျိုးသားတစ်ယောက် မောင်းတဲ့ကား ကို ငြိမ့်ငြိမ့်လေး ထိုင်စီးတာပေါ့"

သူ့လက်ထဲ ယုံကြည်စွာ ကားသော့လေးကို ထည့် လေသည်။

"မုန့်တော့ ကျွန်တော် ကျွေးမယ်နော်"





သူမက သူ့ဘက်လှည့်၍ …

"မလုပ်ပါနဲ့၊ မုန့်တော့ ကျွန်မ ကျွေးပါရစေ"

သူ့ရဲ့ ပြားကပ်ကပ်အိတ်ကို ငုံ့ကြည့်ပြီး သူ့ဘာသာ သူ ရယ်ချင်သွားသည်။

အကျီအိတ်ကပ်ထဲ ပိုက်ဆံအနည်းငယ်သာ ထည့်ခဲ့ သာ သတိရလိုက်သည်။

အပြန်ကားခကော ကိစ္စမရှိ၊ အိမ်ရောက်မှ ရှင်းပေး လိုက်၍ ရသည်။

မုန့်ဖိုး မလောက်ရင်သာ ဒုက္ခ။

"ဒါဆို နောက်တစ်ခါ ကျွန်တော် ကျွေးပါရစေ"

"ရတယ်လေ"

သူမ ခပ်သွက်သွက် ပြန်ဖြေပြီး …

"သီဂီရွှေရည်သာ မောင်းလိုက်တော့ ဦးသြ၊ ကျွန်မ ဗိုက် ဆာလှပြီ"

ကြာပွင့်လေး အလိုကျ ဂီယာမြှင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်က သူ မောင်းရင် သူ့ဘေးမှာ မိုး ပါနေကျ ဖြစ်၍ ယခု မိုးမဟုတ်သော မိန်းကလေးတစ်ယောက် ဖြစ်နေခြင်းကို ထူးခြားစွာ ခံစားလိုက်ရသည်။

အပြောင်းအလဲတိုင်းကို လူတိုင်း ခံစားလိုကြတာ မဟုတ်လား။





"သိဒ္ဓိ ...

ဂျာနယ်ထဲမှာ ရုပ်ရှင်ရိုက်တော့မယ်လို့ ဖတ်လိုက်ရတယ်၊ မလုပ်ဖူးပေမဲ့ ကောင်းတဲ့အလုပ်ကို လုပ်သင့်တဲ့အတွက် သိဒ္ဓိ လုပ်တာ မှန်ပါတယ်။

သိဒ္ဓိနဲ့ ရိုက်မဲ့ဝတ္ထုကိုလည်း တို့ ဖတ်ဖူးတယ်။ သိဒ္ဓိနဲ့ လိုက်ပါတယ်။ တစ်ခု အကြံပေးချင်ပါတယ်။ သိဒ္ဓိ သရုပ်ဆောင်ရင် မျက်လုံးတွေကို သတိထားပါ။ သိဒ္ဓိ မျက်လုံးတွေမှာ mood ဝင်အောင် ကြိုးစားပါ။

M"

စာလေးက ဒါပဲဖြစ်သည်။

မိုးကို စာလေးကမ်းပေးစဉ် မိုးက ပြုံး၍ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အတွက် နင့်ကို နားအလည်ဆုံး ပရိသတ်ပဲ"

အမ်နဲ့ မိုး သူ့အပေါ်ထားသော အမြင်နဲ့ စေတနာက တစ်ထပ်တည်း ဖြစ်နေသည်။

"ဟုတ်တယ်၊ တစ်ခါတလေ ငါ အမ်ကို တွေ့ချင်မိတယ်၊ ဘယ်လိုပုံစံလဲ ဆိုတာ သိချင်တယ်"

မိုးက ပခုံးတွန့်ပြသည်။ ပြီးမှ မထိတထိ ပြုံးရင်း ...

"ရုပ်ဆိုးဆိုး အသက်ကြီးကြီး အမျိုးသမီး ဆိုရင်ရော"

"အမယ် ... ငါ့ပရိသတ်က တယ်လိုပုံစံပဲဖြစ်နေ ဖြစ်နေ ငါ လေးစားရမှာပဲလေ"

မိုးက လက်ခုပ်မြှောက်တီး၍ ရယ်နေသည်။

"ဒါမှ ငါ့သူငယ်ချင်း သိန္နိကွ"

"အမယ် ... မိုးနော်၊ နင်က ငါ့များ အထင်သေးလိုက်တာ၊ လောကကြီးမှာ ငါ မရိုးမသားစိတ် ဖြစ်မိတဲ့ မိန်းကလေး မရှိသေးဘူး ... အဲ ..."

ပြောရင်းနဲ့ စကားက အရှိန်လွန်သွားသည်။ ကမန်းကတန်း ဘရိတ်အုပ်လိုက်စဉ် မိုးက သူ့ရဲ့နောက်ဆက်တွဲစကားကို မျှော်လင့်လျက် ...





"အခုတော့ ရှိနေပြီလား မသိဘူး"

ပြုံးစိစိနဲ့ သူ ဝန်ခံလိုက်စဉ် မိုးက ခပ်လောလော ပုံစံနဲ့ ...

"ဘယ်သူလဲ ကုမုဒြာလား"

သိပ်တော်တဲ့ မိုး၊ သူ့ရင်ထဲ ဖောက်ထွင်းမြင်တတ်တဲ့ မိုး။

"ဟုတ်တယ် ထင်တယ်၊ ငါ သူ့ကိုမြင်ရင် ရင်ထဲက တစ်မျိုးပဲ"

မိုးက နှာခေါင်းရှုံ့ပြပြီး ...

"တစ်ခုခု ဆုံးဖြတ်မယ်ဆိုရင် နင့်ကိုယ်နင် ဘယ်သူလဲ ဆိုတာ ဆင်ခြင်ပြီးမှ ဆုံးဖြတ်။ သိပ်ကျော်ကြားပြီး သိပ်ပြည့်စုံတဲ့လူအတွက် မေတ္တာစစ်က ရှားတယ်နော်"

သူ့ ကုမုဒြာက သူ ဘယ်သူမှန်းပင် မသိဘဲ ရက်ရက်ရောရော ခင်နေသူလေး ဖြစ်သည်။

"အေးပါ၊ နင်လည်း နင့်နားမှာရှိတဲ့ အကောင်းဆုံး အရာကို တန်ဖိုးထားပါ၊ ဥပမာ ... ဖေယျာပိုင်ပေါ့၊ ဖေယျာ



www.burmeseclassic.com

www.burmeseclassic.com



လောက် နင့်အပေါ် ဘယ်သူမှ အနိုင်တာ ခံနိုင်မှာ မဟုတ်ဘူး”

မိုးက သူ့ကို မျက်မှောင်ချိုး၍ မကျေနပ်သလို ကြည့်ပြီး ...

“ငါက လိုချင်တဲ့သူ မဟုတ်ဘူး၊ ပေးချင်တဲ့သူ၊ သုံပေးချင်တာတွေကို ငါ ဘာမှမလိုချင်ဘူး သိန္ဒိ၊ ကဲပါ ... ထားလိုက်ပါတော့၊ ငါ နင့်အတွက် ဝယ်လာတဲ့ အဝတ်အစားတွေ ဝတ်ကြည့်ဦး”

ဝတ်ကြည့်စရာ မလိုအောင် သူနဲ့ အဆင်ပြေမယ်ဆိုတာ သေချာနေတာမို့ ...

“အေးပါ၊ ရှုတင်အတွက်လိုမဲ့ အဝတ်အစားတွေလည်း ဓာတ်ညွှန်းဖတ်ပြီး ဒါရိုက်တာနဲ့ တိုင်ပင်ပြီး စီစဉ်ပေးထားဦး”

မိုးက သူ့ကို မျက်စောင်းထိုးပြီး ...

“ငါ့အလုပ် ငါသိပါတယ်၊ နင်သာ မနက်တိုင်း အစောကြီးထပြီး ကြောင်မနေနဲ့၊ ဝိတ်ကျသွားမယ်”





သူ မိုးကို မျက်စိမှိတ်ပြလိုက်ပြီး လက်မောင်းကြွက်သားများကို ထုတ်ပြလိုက်သည်။

“အရှုး”

မိုး၏ ညြဘာသံကြောင့် သူ တဟားဟား ရယ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ပိုးဖောက်ထားတဲ့ ကြာရွက်တွေကို ငေးကြည့်နေသည်။

ပိုးမဖောက်ထားတဲ့ ကြာရွက်ပေါ်က ရေစက်လေးတွေက လေတိုက်တိုင်း လျှောလုလု လှုပ်ယမ်းလျက်။

ကြိုးများဖြင့် ဆိုင်းလျက် ကြာပင်များကို ကန်ပေါ်သို့ လူတချို့က ဆွဲတင်လျက်။

မနေ့တစ်နေ့ကမှ ကန်ပြည့်မတတ် ရှိနေတဲ့ ကြာတွေက အခုတော့ နည်းနည်းသာ ရှိတော့သည်။

ကျန်နေတဲ့ ကြာတွေကလည်း ညိုးရော်တချို့ ပိုးဖောက်တချို့။

ဒါပေမဲ့ ခပ်ဝေးဝေးက ကြည့်ရင်တော့ စိမ်းစိုလှပနေသေးသည်။





သူမရဲ့ ငြိမ်သက်စွာ ငေးကြည့်နေပုံက သက်ငြိမ်ရုပ်တုလေး တစ်ခုလို။

"ကုမုဒြာ"

သူ့အသံက တိုးပေမဲ့ လှိုက်လှိုက်လှဲလှဲ။

သူမ မကြားလည်း ကိစ္စမရှိ။

ရင်ထဲက ဆန္ဒကြောင့် ခေါ်လိုက်ခြင်းသာ။

သူမလည်း မကြားပါ။

သူမနားမှာ သူ ဆက်ပြီး ငြိမ်နေလိုက်သည်။

ဘာပဲဖြစ်ဖြစ် ဒီသက်ငြိမ်ပန်းချီကားလေးက သူ့အတွက် သီချင်းတစ်ပုဒ်ပင်။

သူမအတွက် သူ စပ်ဖြစ်ခဲ့သော သီချင်းလေးတွေကို ကိုယ်ပိုင်သံစဉ်အခွေအတွက် ရည်ရွယ်သိမ်းဆည်းထားသည်။

"ဩော် ... ရောက်နေတာ ကြာပြီလား"

သူမ ခေါင်းလေး လှည့်လာပြီး သူ့ကို တွေ့လိုက်၍ မေးနေသည်။

"အင်း ... ကုမုဒြာ ငေးနေလို့ မခေါ်ဖြစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ညင်သာစွာ ပြုံးသည်။

သူမ ပြုံးတိုင်း သူ တိုးတိတ်ညင်သာစွာ ရင်ခုန်နေတတ်သည်။

သူတို့နားက walkman တပ်၍ သီချင်းနားထောင်ပြီး ပြေးနေသူတစ်ယောက် ဖြတ်သွားသည်။

ဘာရယ်မဟုတ် သူ စိတ်ကူးရလိုက်၍ ...

"ကုမုဒြာ သမီးချင်းတွေ ဘာတွေ နားထောင်လား"

သူမက နှုတ်ခမ်းလေး တင်းတင်းစေ့၍ လည်ချောင်းထဲက အသံဖြင့် ...

"အင်း"

"ဘယ်သူ့သီချင်းတွေ ကြိုက်လဲ"

သူမက အထူးဆန်းလုပ် မေးနေတဲ့ သူ့ဘက်ကို ငဲ့ကြည့်ပြီး ...

"စိုင်းထီးဆိုင်နဲ့ ဝိုင်ဝိုင်း"

သူ ကိုယ်တိုင်လည်း သူမကြိုက်တဲ့ အဆိုတော်များကို နှစ်သက်သည်ပင်။





"အခြား အဆိုတော်တွေရဲ့ သီချင်းတွေလည်း နည်းနည်းပါးပါး နားထောင်ဖြစ်ပါတယ်"

"VCD ရော ကြည့်လား"

သူ့မေးခွန်းတွေက တစ်ဆင့်တက်လာသည်။

"ဟင့်အင်း ... ကျွန်မက သီချင်းပဲ နားထောင်တတ်တယ်၊ TV ရှေ့ထိုင်ပြီး ရုပ်ရော အသံပါ နားထောင်ရတာမျိုး မကြိုက်ဘူး၊ အခန်းမီးပိတ်ပြီး သီချင်းဖွင့် နားထောင်ရတာမျိုးကို ကြိုက်တာ"

အင်း ... သူမ သူ့ကို VCD တွေမှာ မမြင်ဖူးတာ သေချာသွားသည်။

"ဘာဖြစ်လို့လဲ"

သူမက သူ့ဘေးမှာ ယှဉ်လျှောက်ရင်း မေးသည်။

သူက ရေထဲမှာ ကြာဖူးခူးနေသော လူငယ်တစ်ယောက်ကို ကြည့်ပြီး ...

"ဘာရယ်မဟုတ်ပါဘူး၊ ကုမုဒြာ ကြာဖူး ယူမလား၊ ကျွန်တော် ဝယ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို အံ့သြသလို ကြည့်သည်။

ပြီးတော့ နှစ်နှစ်ကာကာ ခေါင်းညိတ်ပြီး ...

"ဟာ ... ကောင်းတာပေါ့၊ ဘုရားကို ကြာဖူးလှူရတာပေါ့"

သူ လက်ခုပ်တီး၍ လူငယ်လေးကို ခေါ်လိုက်ပြီး ကြာဖူးဆယ်ဖူး ဝယ်လိုက်သည်။

ကြာဖူးများကို သူမလက်ထဲ ထည့်ပေးစဉ် သူမက ကလေးတစ်ယောက်လို သဘောကျ ကျေနပ်လွန်းနေသည်။

"ကျေးဇူးပဲ ဥသြရယ်၊ ကျွန်မ တစ်ခုခု လိုက်ကျွေးမယ်"

သူမ ကြည်နူးမှုက သူ့ဆီ ကူးစက်နေပြီဖြစ်၍ သူလည်း မငြင်းလိုတော့။

ဒါပေမဲ့ ဒီမနက် မိုးနဲ့ Dimsum သွားစားဖို့လဲ ချိန်းထားသေးသည်။

ဖုန်းဆက်ရန်လည်း မပါ။

"ဒါဆို သွားကြရအောင်၊ အင်း ... Dimsum စားကြမယ်၊ ဥသြ ကြိုက်လား"

ဘာဖြေရမှန်း မသိအောင် အံ့သြသွားသည်။





မိုးနဲ့ မစားဖြစ်ပေမဲ့ သူမနဲ့ စားရဦးမည်။

မိုးကိုတော့ နောက်နေ့မှ တောင်းပန်ပြီး လိုက်ကျွေးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းစောသေး၍လား မသိ။ ဆိုင်ထဲမှာ လူ သိပ်မရှိသေး။

လူရှင်းတာကို ပိုကြိုက်သူမို့ သူ့စိတ်ကြိုက် ဖြစ်သွားသည်။

လာချပေးတဲ့ Dimsum ဘူးလေးများက အငွေ့တထောင်းထောင်းနဲ့ စားချင်စဖွယ်။

"အဝစားနော်"

သူမက သူ့ကို ကလေးတစ်ယောက်လို သဘောထားပြီး ကောင်းနိုးရာရာတွေကို ရွေးပေးသည်။

ဘာရယ်မဟုတ်။

မိုးလည်း သူ့ကို ဒီလိုရွေးပေးတတ်တာ သတိရလိုက်သည်။





ဒီအချိန်လောက်ဆို မိုး အသင့်ဖြစ်နေလောက်ပြီ။ သူ လာခေါ်တာကို စောင့်နေပေလိမ့်မည်။

စားသာစားနေရသည်။

အရသာကို ပီပီပြင်ပြင် ခံစား၍ မရတော့။

သူမချက်နှာ ကြည်ကြည်လေးကို မြင်လိုက်ပြန်ရင်လည်း အသားပေါင်းလေးက စိမ့်အီလို့။

"ဉသြ ဘာအလုပ်လုပ်လဲ"

သူမ မေးခွန်းက ရုတ်တရက်ဖြစ်၍ သူ ကြောင်အအနဲ့ ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။

ဝန်ခံလိုက်ရင် ကောင်းမလား။

စဉ်းစားနေဆဲမှာပင် ...

"ဆောရီး ဉသြ၊ ကျွန်မ မေးတာ ရိုင်းသွားလား မသိဘူး၊ မဖြေနဲ့တော့နော်"

သူမကပင် မေးခွန်းကို ပြန်ရုပ်သိမ်းသွားသည်။

သူ့ပုံစံက မဖြေချင်သည့်ပုံ၊ ဒါမှမဟုတ် မဖြေနိုင်သည့်ပုံ ပေါ်နေလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြေရမှန်းမသိတာမို့ သူ ငြိမ်နေလိုက်သည်။

သူတို့နှစ်ယောက်ကြားမှာ ဒီမေးခွန်းက တစ်ချိန်ချိန်တော့ မဖြစ်ဖြစ်အောင် ဖြေရပေလိမ့်ဦးမည်။

မုန့်စား၍ ဝကာနီး အချိန်လောက်တွင် သူရင်းနှီးကျွမ်းဝင်သော လူရိပ်တစ်ခုက မျက်ဝန်းထောင့်တွင် ပေါ်လာတာမို့ လှည့်ကြည့်လိုက်စဉ် ...

"မိုး"

သူ အံ့ဩသွားသည်။ မိုးက သူနဲ့ မျက်စောင်းထိုးနေရာတွင် တစ်ယောက်တည်း ဝင်ထိုင်လိုက်တာ တွေ့ရသည်။

သူတို့နှစ်ယောက်ကိုလည်း ကောင်းကောင်းမြင်လိုက်ပြီး မျက်နှာပျက်သွားတာပါ တွေ့လိုက်ရသည်။

ထပြန်ကြရင် ကောင်းမလား။

မိုးကိုသွားခေါ်ပြီး မိတ်ဆက်ပေးရင် ကောင်းမလား။

"ပြန်ကြရအောင်၊ ဝပြီမဟုတ်လား"

သူ ခေါင်းညိတ်ပြလိုက်သည် ထင်သည်။





ပြီးတော့ သူမ ကမ်းပေးသော ကားသော့ကိုပါ [illegible]မ်းယူမိလျက် ...

"မိုးရာ ဒီနေ့ နှင့် မောင်းစမ်းပါ"

တစ်ခါတလေ ပျင်း၍ မိုးကို ကားမောင်းခိုင်းတတ်[illegible]သည့် သူ့ကို မိုး လှောင်နေမလား။

သူ့သူငယ်ချင်းမရဲ့စိတ်ကို နာကျင်အောင် သူလုပ်[illegible]မိလေသလား။



www.burmeseclassic.com

www.burmeseclassic.com



မိုး ပြန်အလာကို ညှော်ခန်းထဲမှာ ထိုင်စောင့်နေရပေမဲ့ စိတ်က မငြိမ်။

မိုးအပေါ် အပြစ်ကျူးလွန်မိသလို ခံစားရတာမို့ ဘယ်လို ဖြေရှင်းရမလဲ ဆိုတဲ့ စကားကိုသာ အပြေးအလွှား စဉ်းစားနေမိသည်။

သူ စိတ်စောနေ၍လား မသိ။ မိုးက တော်ရုံနဲ့ ရောက်မလာ။

တော်တော်ကြာမှ မိုးရဲ့ကားသံ ကြားလိုက်ရသည်။

သိပ်မကြာခင် ကားတံခါးပိတ်သံ၊ အိမ်ရှေ့သံပန်းတံခါး တွန်းဖွင့်သံ၊ မိုးရဲ့ခြေသံနဲ့အတူ ...

"သိဒ္ဓိ ပြန်ရောက်နေပြီလား"





သူ့ကို မြင်သည်နှင့် တက်ကြွရွှင်လန်းသော အသံလှမ်းအော်လေသည်။

ဘာမှမပြောသည့် ပုံစံနှင့် သူ့ဘေးကခုံပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ...

"စားကောင်းလိုက်တာ၊ ငါ နင့်ကို လာနှုတ်ဆက်ဦးမလို့ပဲ၊ နင် နေရခက်မှာ စိုးတာနဲ့"

မိုးက စားပွဲပေါ်က သူ သောက်လက်စ အအေးကို သောက်လိုက်သေးသည်။

"မဆိုးဘူးဟ၊ ချစ်စရာ ကောင်းသားပဲ၊ ဒါပေမဲ့ ဘာမှ မသိနားမလည်တဲ့သူပုံမျိုး မဟုတ်ဘူးနော်၊ ထက်ထက်မြက်မြက် ကြည်လင်နေတာက ချစ်စရာကောင်းတာ"

မိုးက သူ့ဘက်က ဘာစကားမှစ၍ မရအောင် ပြီးတစ်ခု ဆက်တိုက်ပြောနေသည်။

"မိုး ... ငါ ..."

သူ စကားစရုံပင် ရှိသေးသည်။

မိုးက လက်ကာပြပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"နင် ခဏကြာရင် သီချင်းသွားတိုက်ရဦးမယ် မဟုတ်လား၊ အသင့်ပြင်တော့လေ"

သူ ခေါင်းညိတ်လိုက်ပြီး ထိုင်နေရာက လေးလေးပင်ပင် ထလိုက်သည်။

သူ ပြန်ထွက်လာစဉ် မိုးက သီချင်းဆိုခါနီးတိုင်း သူ သောက်နေကျ မေမေစပ်ပေးထားသည့် ဖျော်ရည်ကို အသင့်ကမ်းပေးသည်။

မိုးဘက်က အခုထိ ဘာဝတ္တရားမှ မပျက်။

အားလုံး ပုံမှန်ပင်။

ဒီအနေအထားက သူ့အတွက် နေရခက်လှသည်။

"နင် မောင်းမယ် မဟုတ်လား"

သူ ကားသော့လှမ်းယူစဉ် မိုးက မေးသည်။

"အင်း"

ကားထွက်လာစဉ် မိုးဆီက ဘာစကားသံမှ မထွက်လာတော့။

ကားအပြင်ဘက်ကိုသာ တွေးတောငေးမောလျက်





"မိုး"

သူ မဝံ့မရဲ ခေါ်လိုက်စဉ် မိုးက မထူးဘဲ လှည့်ကြည့်သည်။

"မနက်က ကိစ္စအဲတွက် ငါ တောင်းပန်ပါတယ် မိုး"

မိုးက သူ့မျက်နှာကို မမြင်ဘူးသူ တစ်ယောက်လို စူးစူးစိမ်းစိမ်း ကြည့်လိုက်ပြီး ...

"ဟင့်အင်း ... ငါ ဘာမှ မဖြစ်ဘူး၊ မတောင်းပန်နဲ့ သိဒ္ဓိ"

မိုးက တိုတိုပြတ်ပြတ်ဖြေပြီး ပြန်လှည့်သွားသည်။

"သီချင်းတွေ အလွတ်ရပြီလား"

မိုးက သူ့ဘက် လှည့်မကြည့်ဘဲ မေးသည်။

"ရပြီ"

သူလည်း ဘာဆက်ပြောရမှန်း မသိတော့။

မိုးနဲ့ သူ့ကြားမှာ အေးစက်နေတဲ့ အခြေအနေကို တော့ သူ မလိုလား။



www.burmeseclassic.com

www.burmeseclassic.com



“မင်း အားရင် ထွက်လာခဲ့ပါလား၊ တစ်ခုခုလည်း ကျွေး
ချင်လို့”

ဇေယျာပိုင် ဆီက ဖုန်းလာသည့်အချိန် သူ့အားသည့် အချိန်လည်း ဖြစ်နေသည်။

မိုးကို ပြန်နိုင်းလိုက်ပြီဖြစ်၍ မိုးလည်း မရှိ။

“ရတယ်လေ၊ ငါ လာခဲ့မယ်၊ ဘယ်မှာဆုံမလဲ”

“Mr. Guiter မှာ ဆုံကြမယ်လေ၊ နောက် နာရီဝက် အတွင်း ရောက်မယ်”

“အိုကေ”

ချိန်းပြီးသည်နှင့် T. Shirt အပေါ်က ရှပ်အင်္ကျီ တစ်ထည် ကောက်စွပ်ပြီး ထွက်လာခဲ့လိုက်သည်။





ဇေယျာနဲ့က တက္ကူးတက ချိန်းတွေ့ရလောက်အောင် သိပ်ရင်းနှီးလှသည်တော့ မဟုတ်။

ဒါပေမဲ့ မိုးနဲ့ ဆက်နွယ်နေ၍ သူ အချိန်ပေးသင့်ပါသည်။

သူ ရောက်သွားစဉ် ဇေယျာပိုင်က ရောက်နေပြီဖြစ်သည်။

ဆူရှင်းသည့်အပြင် သီးသန့်ခန်း ယူထားသဖြင့် ထိုင်ရတာ အဆင်ပြေသွားသည်။

“မင်းကြိုက်တာ မှာချည်၊ Heavy လည်း ရတယ်”

ထမင်းစားပြီးပြီ ဖြစ်၍ ပေါ့ပေါ့ပါးပါး အစားအသောက်တချို့သာ မှာလိုက်သည်။

“ဘယ်လိုလဲ၊ မိုးနဲ့ အဆင်ပြေရဲ့လား”

ဇေယျာပိုင်နဲ့ စကားပြောရင် မိုး အကြောင်းပဲ ပြောစရာရှိသည်။

“မဆိုးပါဘူးကွာ”

ဇေယျာပိုင် အသံက လေးလေးပင်ပင် ပျင်းတွဲတွဲနိုင်လှသည်။

---



www.burmeseclassic.com

www.burmeseclassic.com



"မိုးကိုပါ ချိန်းလိုက်တာ မဟုတ်ဘူး"

သုံးယောက် ဆုံစေချင်သည့် ဆန္ဒနှင့် ပြောလိုက်စဉ် ဇေယျာပိုင်ဆီက နှမ်းလျပြုံးနှင့်အတူ။

"ငါတို့ချင်း အေးအေးဆေးဆေး ပြောလို့ရတာပေါ့"

သူ့ကို တကူးတက ချိန်းခြင်းသည် အခြားအကြောင်းရင်း တစ်ရပ်လည်း ရှိနေနိုင်သေးသလို ခံစားလိုက်ရသည်။

"ဘာလဲ ပြောစရာရှိလို့လား"

ဇေယျာပိုင် စပြောရခက်နေမည်စိုး၍ သူ အရင်လမ်းဖွင့်ပေးလိုက်သည်။

"အေးကွာ ... ငါပြောမဲ့ စကားတွေက မင်းကိုယ်ကျင့်သိက္ခာကို စော်ကားသလို ဖြစ်သွားရင် ကြိုတင်တောင်းပန်ထားပါရစေ။ ဒါပေမဲ့ ငါ ဘယ်လိုမှ မရည်ရွယ်ဘူးဆိုတာတော့ မင်း နားလည်ပေးထားပါကွာ"

ဇေယျာပိုင် စကားတွေက ထူးဆန်းပြီး စကားပလ္လင်တွေ များလွန်းနေသည်။

သူနဲ့ပါ ဆက်သွယ်နေ၍ ပိုပြီး စိတ်ဝင်စားလာသည်။





"ကဲပါကွာ၊ ငါတို့ချင်း ဒါတွေ မလိုပါဘူး၊ ပြောစရာရှိတာသာပြော"

နေရခက်နေတဲ့ ဇေယျာပိုင်ကို စိတ်သက်သာရစေရန် အားပေးတိုက်တွန်းလိုက်သည်။

"မိုးကို မင်းဆီမှာ အလုပ်မလုပ်စေချင်ဘူးကွာ"

ဇေယျာပိုင်သာ စကားပလ္လင် မခံထားရင် သူ့စိတ်တစ်မျိုးဖြစ်မိမှာ သေချာသည်။

အခုတောင် နည်းနည်းတော့ စိတ်လှုပ်ရှားသွားရသေးသည်။

"အဲဒါ ငါ့ကို ပြောမဲ့အစား မိုးကို ပြောပါလား"

ထိန်းထားသည့်ကြားက သူ့အသံက နည်းနည်းမာသွားသေးသည်။

"ငါ ပြောပါတယ်၊ မိုးက လက်မခံလို့"

သူသိပြီးသားကိစ္စ ဖြစ်နေ၍ နည်းနည်းတော့ နေသာသွားသည်။

"အဲဒီတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ စကားထောက်လိုက်သည်။

"မင်း ပြောပေးရင် ရမှာပါ၊ မိုးက မင်းအတွက် သူလိုအပ်နေသရွေ့ မင်းဆီမှာပဲ လုပ်မယ်တဲ့"

သူ့သူငယ်ချင့်မရဲ့ စေတနာနဲ့ သံယောဇဉ်ကို သူ ဘယ်လို ဖြတ်ပစ်ရက်ပါ့မလဲ။

"ဒါဆို ငါက မိုးကို အလုပ်ထုတ်ပေးရမယ်ပေါ့"

ဇေယျာပိုင်က သူ့ကို တောင်းပန်တိုးလျှိုးတဲ့ အကြည့်နဲ့ ကြည့်နေသည်။

ဇေယျာပိုင်ရဲ့ မိုးအပေါ်ထားတဲ့ မေတ္တာကိုသာ သူ မယုံကြည်လျှင် သူ ဘာမှ ဆက်ပြောစရာပင် မလိုတော့။

အခုကျတော့ ခက်နေဆည်။

"မိုးကို ရှင်းပြပေးရင် ရပါတယ်ကွာ၊ ငါနဲ့ လက်ထပ်ပြီးရင် သူ့ကို ငါ့နားမှာ ရှိနေစေချင်တာ၊ မင်း နားလည်မှာပါ"

သူ သက်ပြင်းချလိုက်ပြီး ...

"ငါ မိုးကို ပြောပြဖူးပါတယ်"





ဇေယျာပိုင်က သူ့ကို မျှော်လင့်အားကိုးတကြီး ကြည့်နေသည်။

"အေးပါကွာ၊ ငါ မိုးကို သေသေချာချာ ရှင်းပြပေးပါ့မယ်"

ဇေယျာပိုင်ရဲ့ မျက်ဝန်းများက အားတက်လင်းလက်လာပြီး ...

"ရှင်းပြရုံနဲ့ မလုံလောက်ဘူး ဆိုရင်ရော"

ဇေယျာပိုင် အနေနဲ့ မေးချင်ရင်တောင် ဒီလိုမမေးသင့်ဟု သူ ထင်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် မင်းနားမှာ မိုးရှိနေရင် ပြီးရောမဟုတ်လား"

သူ အသံခပ်ဆတ်ဆတ် ဖြစ်သွားသည်။

ဇေယျာပိုင်ကလည်း ခပ်သွက်သွက် ခေါင်းညိတ်ပြသည်။

"မိုး ငါ့အတွက် မရှိမဖြစ် လိုအပ်နေရင်တောင်မှ ငါ လုပ်သင့်လုပ်ထိုက်တာကိုပဲ လုပ်မှာပါ"

သူ ရဲရဲကြီး ကတိပေးလိုက်စဉ် မိုး မျက်နှာကို ကွက်ခနဲ မြင်ယောင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောသာ ပြောရတာပါကွာ၊ ငါ သိပ်အားမရှိပါဘူး၊ မိုးက ငါ့အပေါ် သိပ်အေးစက်လွန်းတယ်"

သူ သိပြီးသားဖြစ်၍ ကြံဖန်မနှစ်သိမ့်လိုတော့။

ငယ်သူငယ်ချင်း သံယောဇဉ်ရော သူ့အပေါ်ထားတဲ့ စေတနာရော အားလုံးအတွက် မိုးကို စိတ်ချမ်းသာစေချင်သည်။

ဖေယျာပိုင်ရဲ့ အချစ်တွေနဲ့ မိုး စိတ်ချမ်းသာနိုင်ပါ့မလား။

❦ ❧ ❦





ကြာပွင့်ကြာရွက်တွေ မရှိတော့သဖြင့် မြင်နေကျ မြင်ကွင်းက တစ်ခုခု လိုနေသလိုပင်။

လေသင့်တိုင်း ရနေကျ ကြာနံ့ပြေပြေသင်းသင်း အစား ရေညှိစိမ်းနံ့ ရနေသလိုပင်။

ကန်ရေပြင်ကလည်း ရေအောက်မှော်ပင် ရေညှိပင် များ အရိပ်ကြောင့် ပိုပြီး စိမ်းညစ်နေသယောင်။

မပြောင်းလဲဘဲ ရှိနေတာက သူမရဲ့ ညှို့မှိုင်းရီဝေသော အကြည့်များပင်။

"အရင်က ကြာတွေမရှိတုန်းက ဘယ်လိုမှ မနေဘူး၊ အခု ကြာတွေနဲ့ ရင်းနှီးပြီးမှ ကြာတွေကို မတွေ့ရတော့ တစ်ခုခု လိုနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ စကားကြောင့် သူ ပြုံးမိမလိုလို ဖြစ်သွားပြီးမှ သူ့အဖြစ်နဲ့ တူနေတာ တွေးမိပြီး မပြုံးဖြစ်တော့။

သူရော ဘာထူးလို့လဲ။

အရင်က ဒီနေရာကို ဖြတ်သွားနေကျတုန်းက ဘယ်လိုမှ မခံစားရ။

သူမနဲ့ ဆုံပြီးမှ ဒီနေရာကို ဖြတ်ရတိုင်း အမှတ်ရစရာတစ်ခု တိုးလာတာရယ်၊ ဒီနေရာကိုလာတိုင်း သူမနဲ့မတွေ့ရရင် တစ်ခုခု လိုနေသလို ဖြစ်နေတာရယ်။

သူမက သူ့ရဲ့ ကြာပန်းပွင့်လေးပဲကွယ်။

"နောက်နှစ် သူ့အချိန်ကျရင် သူတို့ ပြန်ရောက်လာမှာပါ"

သူ အားပေးလိုက်စဉ် သူမက သူ့ဘက်လှည့်ပြုံးပြပြီး ခေါင်းညိတ်သည်။

"ရှင်လည်း အနုပညာသမား ထင်တယ်၊ ရှင် ခံစားပုံက တစ်ခါတလေ သိမ်မွေ့တယ်"





သူမ ဖျတ်ခနဲ ကောက်ပြောလိုက်စဉ် သူ မလုံလဲ ပြုံးမိလိုက်သည်။

ဒါပေမဲ့ သူ့အပြုံးကို သူမက တစ်မျိုးသဘောပေါက်သွားသည်ထင်။

"ဘာလဲ ... အနုပညာသမားပါလို့ ဝန်ခံရမှာ ရှက်လို့လား"

အံ့ဩပြီး ကမန်းကတန်း ငြင်းလိုက်မိသည်။

"မရှက်ပါဘူး"

"ဟုတ်တယ်၊ တချို့လူတွေက အနုပညာသမားဆိုရင် စိတ်ကူးယဉ်တယ်၊ လက်တွေ့မကျဘူး၊ အနုပညာကမ္ဘာထဲမှာပဲ မိန်းမောနေပြီး လက်တွေ့ဘဝကို အရှုံးပေးချင်ကြတယ်လို့ စွပ်စွဲချင်ကြတယ်"

သူမ အသံက ခံပြင်းခံရခက်ခဲ့ဖူးသည့် လူတစ်ယောက်လို ပေါက်ကွဲလွင့်စဉ် ထွက်လာသည်။

"တကယ်တော့ အနုပညာသမားကမှ လက်တွေ့ကျတာ၊ လူတွေ မမြင်နိုင်၊ မခံစားနိုင်တဲ့ အသိတွေနဲ့ လူ့နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



လူ့ဦးနှောက်ကို နှိုးဆော်တာ ဘဝအမောတွေကို နွေးနွေးထွေးထွေး ရင်းနှီးခိုင်းတာ ဘဝပြဿနာတွေကို သွေးအေးအေးနဲ့ ရင်ဆိုင်ခိုင်းတာ"

သူမအသံက မာပြီး ယုံကြည်မှုအပြည့် ဘယ်တော့မှ မပြောင်းလဲနိုင်သည့် ခံယူချက်ရှိသည့် အသံမျိုး။

"သူ့ကို ဘယ်သူကမှ တာဝန်မပေးဘဲ ဒီတာဝန်ကို ကျေကျေနပ်နပ် လုပ်နေတာ ဘယ်လောက် ကျေနပ်ဖို့ကောင်းလဲ"

သူမမှာ ဒီလောက်ပြင်းပြတဲ့ ခံယူချက်မျိုး ရှိနေတာ အံ့ဩစရာ။

ပိုပြီးအံ့ဩစရာ ကောင်းတာက ဖြူဖြူနွစ်နွစ် ပိစိကွေး ဒီအမျိုးသမီးလေးမှာ ခိုင်မာရဲရင့်တဲ့ ခံယူချက်မျိုး ရှိနေခြင်းပင်။

"ရှင့်ကြည့်ရတာ နည်းနည်း တွေဝေတတ်သလိုပဲ"

"ဗျာ"





သူမ ထင်မြင်ချက်ကြောင့် သူ အံ့ဩပြီး ချက်ချင်း
င် ဘာမှဆက်မပြောနိုင်။

သူ တကယ် တွေဝေတတ်သူလား ဆိုတာကိုပင်
မန်းကတန်း ပြန်ဆန်းစစ်နေမိသည်။

ဒါပေမဲ့ အဖြေမထွက်။

"ဒါပေမဲ့ ကျွန်မ ရှင့်ကို ခင်တယ်၊ ထူးထူးခြားခြား အာရုံသိနဲ့ကို ခင်တာ"

သူ သိပ်နားမလည်။

သူ့ကို ခင်တယ်ဆိုတာလေးကိုပင် ကြည်နူးကျေနပ်
သွား။

သူမဆီက နည်းနည်းလေး ရတာကိုပင် သူက
ကြောက်အမြား ပျော်နေသည်။

သူမရဲ့ ငေးမောရီဝေနေတတ်သည့် အမူအကျင့်လေး
င် မြတ်နိုးခုံမင်စွာ။

အချစ်ဆိုတာကို သီးသီးသန့်သန့်လေးသာ ထားလိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို မြတ်နိုးစွာ ငေးကြည့်နေတာကို သိလျက်
သူမက ခေါင်းလေးမော့ လည်တိုင်လေးကြော့လျက် မသိဟ
ဆောင်ပေးနေခဲ့သည်။

❦ ❧ ❦





"နင်ကလည်း ဖေယျာနဲ့ သွားတာ မဟုတ်ဘူး"

မိုးက သူ့ကို မွေးနေ့ ဘုရားပို့ပေးရန် မတောင်းဆို ဆုး တောင်းဆိုနေသည်။

"ဟာ ... သူနဲ့မသွားချင်ပါဘူး၊ သူ ဂရုစိုက်တာက ငါနေ ရခက်တယ်၊ နင်နဲ့ပဲ သွားမယ်၊ အပြန် နင်ကြိုက်တာဝယ် ကျွေးမယ်"

မိုးက တောင်းဆိုခဲ့သူဖြစ်၍ သူ ငြင်း၍မကောင်း။

ဝန်လေးတဲ့ကိစ္စမျိုးလည်း မဟုတ်။

ဖေယျာပိုင်ကို အားနာစရာ တစ်ခုသာ ရှိသည်။

"ဖေယျာ နင့်မွေးနေ့ သိတယ်မဟုတ်လား"

မိုးနဲ့ ပတ်သက်ရင် အသေးအမွှားကအစ ဂရုစိုက် တတ်သူဖြစ်၍ ဖေယျာ သိနေမည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့၊ ညနေပိုင်း မိသားစုတွေနဲ့ ငါ့အတွက် birthday လုပ်ပေးဖို့ စီစဉ်ပေးထားတယ်တဲ့"

မိုးတော့မသိ။

သူပင် မိုးအစား ကြည်နူးဝမ်းသာသွားသည်။

"အလကား ... အပိုတွေ၊ အဲဒါတွေကြောင့် မေမေတို့က သူ့ကို သဘောကျနေတာ"

မိုးကတော့ အကောင်းမမြင်၊ ကြိဖန်အပြစ်တင်နေသည်။

"ကဲပါ ... ငါ ပို့ပေးပါ့မယ်၊ လူသိပ်မများသေးခင် မနက်စောစော သွားတာပေါ့"

သူ တကယ်ကို မိုး အတွက် လုပသာယာသော မွေးနေ့နံနက်ခင်းကိုသာ ဖန်တီးပေးလိုပါသည်။

ဒါပေမဲ့ ...။





မိုးက မွေးနေ့ဖြစ်၍ အဖြူဆွတ်ဆွတ် ဝတ်စုံနှင့် ရှင်းလင်းသိမ်မွေ့စွာ လှပနေသည်။

မိုးစိမ့်စိမ့်လေး အေးနေ၍ ရာသီဥတုက ခြောက်သွေ့အေးမြလျက် ...

"air con မဖွင့်နဲ့ဟာ၊ မှန်ချပြီးမောင်း"

မိုး စိတ်တိုင်းကျ မောင်းပေးစဉ် လေအေးအေးနုနုလေးက သူတို့ကို ပြင်းပြင်းရှရှ ပွတ်သပ်ကျီစယ်သည်။

တဖွားဖွား လွင့်နေတဲ့ မိုး ဆံစများက သူ့လည်တိုင်ကို တစ်ချက် တစ်ချက် လာထိနေတတ်သည်။

မိုး ဆံပင်က သူမ ဆံပင်လို နက်နက်မှောင်မှောင် အိထွေးထွေး မဟုတ်။ ညိုညိုကောက်ကောက် ဖွာဖွာလေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားက ကန်ပတ်လမ်းနား ရောက်လာစဉ် စိမ့်ရှံအေးနေတဲ့ ရာသီဥတုက ချက်ချင်းစိုစွတ်သွားသည်။

"ဟင် ... မိုးကလည်း ဘုရားရောက်ခါနီးမှာ"

မိုး နှုတ်မှ စိတ်ပျက်စွာ ညည်းတွားသံကို ကြားလိုက်ရသည်။

သူလည်း စွတ်စွတ်စိုစို ရာသီကို မကြိုက်။

"တော်သေးတယ်၊ ကားထဲမှာ ထီးရှိနေလို့"

မိုးက နောက်ခန်းရှိထီးကို စောင်းငဲ့ကြည့်ပြီး ပြောသည်။

သူကတော့ ဖွားခနဲ လွင့်စဉ်လာတဲ့ မိုးစက်တွေကို ကြည့်ရင်း ...

ဘုရားရေ ... သူမ မိုးမိလေမလား။

သူမ ရှိနေကျ နေရာနဲ့ တဖြည်းဖြည်း နီးလာစဉ် ပန်းနုရောင် အရိပ်ဖျော့လေးကို တွေ့လိုက်ရသည်။

သူမ ရှိနေတဲ့ နေရာက ကား park ကို ရောက်ရန် ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်လောက် လျှောက်ရပေဦးမည်။





ဒီလောက် ဖြူဖျော့တဲ့ အရိပ်လေး မိုးစိုသွားလျှင် ...။

"မိုး ငါ့ကို ခဏစောင့်ပေးဟာ"

ကားကို သူမကားနားမှာ ရပ်လိုက်ပြီး ထီးကိုဆွဲထုတ် ပြေးလာခဲ့လိုက်သည်။

ဘာမှ နားမလည်ဘဲ ကျန်နေရစ်ခဲ့တဲ့ မိုးဆီက ါသံကို ကြားရပေမဲ့ သူ ပြန်မလှည့်တော့။

ထီးဆောင်းလျက် မိုးရွာထဲ ပြေးနေသည့် သူ့ကို တချို့က တအံ့တသြ ပြုံးစိစိ ကြည့်သွားကြသည်။

သူမကတော့ ကန်ရေပြင်ပေါ်မှာ စူးစိုက်ဝင်သွား တ်တဲ့ မိုးစက်တွေကို ကြည့်နေဦးမည်ထင်။

သူမနဲ့သူ ဆုံစဉ် သူမကိုယ်မှာ မိုးစက်အချို့။

ပန်းနုရောင်ဂျာကင်ကြောင့် သူမကိုယ်မှာ မိုးသိပ် ွဲ။

သူ့ကိုတွေ့စဉ် နှုတ်ခမ်းလေး ဝိုင်းဟသွားသည်။

ပြေးလာရ၍ မောနေသဖြင့် အသက်ကို ပါးစပ်ဟ၍ င်းမရ ရှူလိုက်ပြီး ထီးကို သူမပေါ် အုပ်မိုးပေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးရွာနေတာ သိရက်နဲ့ ဘာဖြစ်လို့ အေးအေးဆေးဆေး
နေနေရတာလဲ"

ကရုဏာဒေါသနဲ့ သူ ဆူလိုက်မိစဉ် သူမ မျက်နှာ
က ပန်းနုရောင်ရင့်ရင့်နဲ့အတူ ပြုံးနေသည်။

"ပြေးသွားရင်ရော မိုးလွတ်မှာလား"

သူမမှာ ဆင်ခြေတစ်ခုခု အမြဲရှိနေတတ်တာ သူမေ့
သွားသည်။

"ဒါပေမဲ့ မိုးစိုတော့ သက်သာမှာပေါ့"

သူမက ခေါင်းပေါ်မှာ စွတ်စိုတွဲခိုနေတဲ့ မိုးရေစက်
များကို လက်ဖြင့် သပ်ခါနေသည်။

"ဒီနေ့တော့ အရမ်းသားနားနေပါလား"

သူမ ပြောမှ သူ့ကိုယ်သူ သတိထားမိလိုက်သည်။
သူမနဲ့တွေ့တိုင်း ခပ်နုပ်နုပ်ပုံစံဖြစ်အောင် ပြင်ဆင်လာတတ်ပေမဲ့
ဒီနေ့တော့ အစီအစဉ်မရှိ၍ ပုံမှန်အတိုင်း သပ်ရပ်ရှင်းသန့်စွာ
ရှပ်အင်္ကျီကော်လာတို လက်ရှည်နှင့် ယောပုဆိုး
ဂွားရောင်ကြောင့် သူ့ပုံစံက ထူးခြားနေပေလိမ့်မည်။





"အလှူတစ်ခု သွားမလို့၊ မိုးရွာနေတာနဲ့ စိတ်ပူပြီး ဝင်
လာလိုက်တာ"

သူမ မျက်နှာပေါ်က ကြည်နူးရိပ်ကို အမိအရ ဖမ်း
ခံလိုက်သည်။

"မိုးရွာနေတယ်၊ ကျွန်မ လိုက်ပို့ပေးမယ်လေ"

"ရပါတယ်၊ မိတ်ဆွေတစ်ယောက်နဲ့လည်း ချိန်းထားသေး
တယ်၊ ကုမ္ပဏီသွာ အအေးမိလိမ့်မယ်၊ အိမ်တန်းပြန်ပြီး
နွေးနွေးထွေးထွေးနေ"

သူမက ခေါင်းညိတ်ရှာသည်။

သူမရဲ့ ထီးတော်မိုးအဖြစ် ပိုင်ပိုင်နိုင်နိုင် ရှိခွင့်ရနေ
ဘဲ့ အချိန်လေးကို ခုံမင်မက်မောစွာ ...

ကားထားရာ နေရာနဲ့ နီးတော့မှ မိုးကို သတိရ
လိုက်သည်။

ကြည့်စမ်း ... မိုး ပါလာတာကို သူ မေ့လုနီးပါး
ဖြစ်သွားပါလား။

"ကားနားထိ ခဏလိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို ကားနားထိ ခေါ်သွားသည်။

ကားထဲအရောက် သူမက ဂျာကင်အင်္ကျီကို ချွတ်လိုက်ပြီး သူ့ဆီကမ်းပေး၍ ...

"ရော ... ဒါလေး ဝတ်ထား၊ မိုးစိုလည်း သက်သာတယ်၊ အအေးဒဏ်လည်း သက်သာတယ်"

လုံးဝ သူ အံ့ဩသွားသည်။

သူမဆီက ဒီလောက် နူးညံ့လှပတဲ့ တုံ့ပြန်မှုကိုရလိမ့်မည်ဟု မထင်ခဲ့။

"ယူလေ၊ နောက်တွေ့တော့မှ ပြန်ပေးပေါ့"

သူမက ထပ်ပြီး အတင်းပေးနေရသည်မို့ သူ လှမ်းယူလိုက်ရသည်။

စောစောက လူကြီးတစ်ယောက်လို သူ ဆူခဲ့စဉ် သူမက ငြိမ်လို့။

အခု သူမ အလှည့်။

"ဝတ်လိုက်လေ"

သူ ဝင့်ချက်ချင်း လည်လေပြီ။





သူမ အင်္ကျီလေးကို ဝတ်လိုက်စဉ် သူမ ကိုယ်ငွေ့ နွေးနွေးက ကျန်ရှိနေဆဲ။

"သွားတော့လေ"

သူ့ကို ပြုံးကြည့်နေတဲ့ သူမရှေ့မှာ သူ မနေတတ်တော့၊ မပြန်ခိုင်းရက်ဘဲ ပြန်ခိုင်းလိုက်ရသည်။

"ဥဩနဲ့ ဒီအင်္ကျီ လိုက်တယ်"

သူမက ရက်စနီး ပုံစံလေးနဲ့ပြောပြီး မောင်းထွက်သွားသည်။

သူမကားလေး သူ့မြင်ကွင်းထဲမှ ပျောက်သွားတော့မှ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး မိုး၊ ငါ သူ့အတွက် စိတ်ပူသွားလို့"

မိုးက သူပြောတာကို ဘာမှမကြားသလို တွေတွေ ငေးငေးနဲ့ ထိုင်နေသည်။

ကားစက်နှိုးပြီး ထွက်ရန်ပြင်လိုက်စဉ် ...

"အိမ်ကိုပဲ မောင်းတော့ သိဒ္ဓိ"

"ဟင် ... ဘာဖြစ်လို့လဲ၊ ဘုရားသွားမယ်လေ"

မိုးက သူ့ကို သူစိမ်းတစ်ယောက်လို ခပ်တည်တည် မျက်ဝန်းများနဲ့ ကြည့်နေသည်။

"မသွားချင်တော့ဘူး၊ အိမ်ကိုပဲ ပို့ပေးတော့"

"ဟာ ... နင်ကလည်း၊ စိတ်ဆိုးသွားတာလား၊ ငါ သူ မိုးမိမှာစိုးလို့ပါဟာ"





သူ့အမှားလို့ မယူဆချင်ပေမဲ့ မိုး စိတ်ပြေရန် တောင်းပန်ရတော့သည်။

"ဟင့်အင်း ... ငါ့စိတ်ထဲမှာ မသွားချင်တော့လို့ပါ၊ နောက်မှ ငါ့ဘာသာငါ သွားချင်ရင် သွားလို့ရတာပဲ"

မိုးပုံစံက လုံးဝဆုံးဖြတ်ချက် ချပြီးသွားသည့် ပုံစံမျိုး ဖြစ်နေ၍ သူ သက်ပြင်းသာ ချလိုက်မိပြီး ...

"ပြီးရော"

ကားကို အိမ်ဘက်သို့ ပြန်ကွေ့ချလိုက်ပြီး အရှိန်မြှင့် မောင်းလိုက်သည်။

သူ ကားမောင်းမြန်ရင် အမြဲတမ်း ဘေးက သတိ ဆေးနေကျ မိုးက အခု လုံးဝငြိမ်သက်နေသည်။

"နင် ဆုံးဖြတ်ပြီးပြီလား"

မိုး၏ဆိက သူ့ဘက်ကို လှည့်မကြည့်ဘဲ မေးသံကို ကြားလိုက်ရသည်။

"ဘာကိုလဲ"

မိုးက ခဏငြိမ်နေပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကုမုဒြာကို ဖွင့်ပြောဖို့လေ"

သူ့ဘက်ကလည်း မသေချာသေး။

"ငါ ကုမုဒြာကို ငါ ဘယ်သူလဲဆိုတာ ဖွင့်ပြောပြီးမှ ချစ်ခွင့်ပန်ရင် ကောင်းမလား"

ကြည့် ...။ မိုးဆီက အကြံဉာဏ် ယူမိပြန်ပြီ။

"သြော် ... နင် ချစ်နေပြီပေါ့"

မိုးဆီက ဖြည်းလေးတိုးညင်းတဲ့ အတည်ပြုသံကို ကြားလိုက်ရသည်။

"ဟုတ်တယ် ထင်တယ်၊ ငါ သူ့အကြောင်းတွေးရင် သူ့ကိုမြင်ရင် ကြည်နူးတယ်၊ စိတ်လှုပ်ရှားတယ်၊ အဲဒါ အချစ်ပဲ ထင်တယ်"

မိုး ပြုံးလိုက်သည်ထင်။ ဘေးတစ်စောင်း အနေအထားဖြစ်၍ မသဲကွဲ။

သီချင်းတွေထဲမှာ ဖွဲ့သီတတ်တဲ့ ခံစားမှုတွေက သူ့မှာ တကယ် ဖြစ်တည်နေပြီပဲ။

"ဟုတ်တယ်၊ ငါ ဘယ်သူဆိုတာ သူ့ကို အမြန်ဆုံး ဖွင့်ပြောမယ်၊ ပြီးရင် ..."





အတွေးနဲ့တင် ကြည်နူးအားတက်သွားသည်။

မိုးကတော့ တိတ်ဆိတ် ငြိမ်သက်ဆဲ။

မိုး ကားပေါ်က ဆင်းကာနီးတွင် သူ အသင့်ယူလာတဲ့ မွေးနေ့လက်ဆောင်လေးကို ကမ်းပေးရင်း ...

"Happy Birthday မိုး"

အစက ဘုရားကအပြန် တစ်ခုခု ဝင်စားစဉ် ပေးရန် စိတ်ကူးထားခြင်း ဖြစ်သည်။

မိုးက အေးစက်စွာ လှမ်းယူပြီး ...

"ငါ ကျေးဇူးမတင်ချင်ဘူး၊ ဒါပေမဲ့ ကျေးဇူးပဲ သိဒ္ဓိ"

မိုး ... အတော်လည်း ကြဲဖန်စိတ်ကောက်တတ်သည့် မိုး။

သူ မိုးကို စိတ်မဆိုးပါ။

မိုး မွေးနေ့မှာ သူ့ကြောင့် မိုး စိတ်အနှောင့်အယှက်ဖြစ်သွားသည်ကိုပင် စိတ်မကောင်း။

"ညနေ ငါ လာခဲ့မယ်"

မိုးက ခေါင်းမညိတ် ခေါင်းမခါ အိမ်ထဲဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုး နောက်ကျောကိုကြည့်ပြီး သူ ပြုံးလိုက်မိသည်။

ဘာပဲဖြစ်ဖြစ် မိုးကြောင့် ဒီမနက်မှာ အိပ်မက်လှလှ မက်ခွင့်ရခဲ့သည်လေ။





မနက်ခင်းဆီတုန်းက စိတ်ကောက်ခဲ့တဲ့ မိုး၊ ညနေ မှာတော့ ပုံမှန်ပြန်ဖြစ်နေလေပြီ။

အိမ်ထဲမှာ သူကလွဲ၍ အားလုံး လူစုံနေပြီဖြစ် သည်။

တေးရေးဆရာ တစ်ယောက်နဲ့ စကားကောင်းနေ ၍ နည်းနည်း နောက်ကျသွားခြင်းပင်။

သူ့ကိုတွေ့သည်နှင့် ဖေယျာပိုင်က ...

"မင်းကို စောင့်နေတာကွ"

မိုးအတွက် ဖေယျာပိုင် စီစဉ်ပေးထားပုံရတဲ့ ကိတ် ပြုရောင်လေးက မတို့ရက် မထိရက်စရာ။



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင် နီနီလေးများကို စီရရီထိုးထားပြီး မွေးနေ့ကျင်းပရန် အသင့်ဖြစ်နေသည်။

မိုးက သူ့မွေးနေ့လက်ဆောင် ရွှေငါးပုံ စိန်ရင်ထိုးလေးကို ခရမ်းဖျော့ဖျော့ဝတ်စုံပေါ်မှာ ထိုးစိုက်ဝတ်ဆင်လျက်...

အင်း ... မိုး သိပ်လှသည်ပဲ။

ဒါပေမဲ့ မိုးအတွက် သူ့မှာ ဖြူစင်သန့်ရှင်းတဲ့ ရင်ခုန်မှုမျိုးသာ ရှိနေသည်။

"ကဲ ... လာ လာ ... စရအောင်"

ဇေယျာကပင် အိမ်သားအားလုံးကို ဆော်သြပြီး ဖယောင်းတိုင်မီးကို ထွန်းညှိပေးသည်။

သူနဲ့ ဇေယျာပိုင်က မိုး ဘေးတစ်ဖက် တစ်ချက်စီမှာ နေရာယူလျက် ...

အားလုံး အသင့်ဖြစ်ချိန်တွင် လက်ခုပ်တီးပြီး မိုးအတွက် Brithday Wish သီချင်းကို သံပြိုင်ဆိုလိုက်ကြသည်။

လက်ခုပ်သံများအဆုံး မိုးက ဖယောင်းတိုင်မီးများကို တစ်ပြိုင်နက် မှုတ်လိုက်သည်။





မိုး ဘေးမှာ မိုး လုပ်သမျှကို ကြည်နူးမြတ်နိုးစွာ ကြည့်ပြီး အားပေးနေသည့် ဇေယျာ မျက်နှာမှာလည်း အပြုံးတွေ ဝေသီလျက် ...

သူ့သူငယ်ချင်းမအတွက် သူလည်း ပျော်နေပါသည်။

ကော်ဓားပါးပါးလေးဖြင့် ကိတ်မုန့်ဖြူဖြူလေးကို လှပညီညာစွာ ပိုင်းဝေနေသည်။

ပထမဆုံး မိုး ကမ်းမွေးတဲ့ ကိတ်မုန့်လေးကို မိုး အမေနဲ့ အဖေက ကျေနပ်အားရစွာ စားလိုက်ကြသည်။

နောက်တစ်ယောက် ... ကိတ်မုန့်လေးက မိုးရဲ့ညာဘက်ရှိ သူ့ဆီ ရောက်လာသည်။

ဇေယျာပိုင် မျက်နှာက ကွက်ခနဲ။

အားနာစွာ ပြုံးလိုက်မိလား မသေချာ။

ကမ်းပေးတဲ့ ကိတ်မုန့်ကို ယူလိုက်မိသည်။

ပြီးတော့မှ ဇေယျာပိုင် အလှည့်။

ဇေယျာပိုင်က ဘာမှမဖြစ်သလို ကိတ်မုန့်လေးကို လှမ်းယူပြီး အားပါးတရ စားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ချွဲကပ်မည်စိုး၍ သိပ်မစားရဲ၊ တို့ထိ တို့ထိသာ။

အားလုံး ပြန်သွားတော့မှ မိုးက သူ့မိဘအတွက် မုန့်ပေးချင်သည်ဆိုပြီး လိုက်လာသည်။

ဒီတော့လည်း ကားပေါ်မှာ မိုးကို သူပြောချင်တာ ပြော၍ ရသွားသည်။

"မိုး ... နင့်ကို ဖေယျာပိုင်က တော်တော် ချစ်တာပဲနော်"

မိုးက အထူးအဆန်းလုပ် ပြောရန်ကောဆိုတဲ့ အကြည့်မျိုးနဲ့ သူ့ကို လှမ်းကြည့်သည်။

"နင် နည်းနည်းတော့ သူ့ကို အလေးပေးသင့်တယ်ဟာ"

မိုးက ပခုံးတွန့်ပြပြီး ...

"ဘယ်လိုမျိုး အလေးပေးရမှာလဲ"

မိုး မသိချင်ယောင်ဆောင်ပြီး မေးတာ သေချာသည်။

"ဥပမာ ... ဒီနေ့ နင် ငါ့ကို မုန့်မပေးခင် သူ့ကို အရင် ပေးသင့်တယ်"





မိုးက သူ့ဘက်ကို အံ့သြတကြီး လှည့်လိုက်ပြီး ...

"ဘုရားရေ ... အဲဒါတွေကအစ ဂရုစိုက်ရမှာလား"

မိုးရယ် ... စေးနဲလိုက်ရန်ကော ...

"ဟာ ... ဖေယျာပိုင်က နင့် အနာဂတ်တစ်ခုလုံးကို တာဝန်ယူမဲ့သူလေ၊ ဒီလောက်တော့ ဂရုစိုက်ရမှာပေါ့"

"ကျွတ်"

မိုးဆီက စိတ်ပျက်စွာ ညည်းညူလိုက်သံကို ကြား လိုက်ရသည်။

"မထူးပါဘူးဟာ၊ ငါ နင့်ကို မပြောချင်ပေမဲ့ ပြောရတော့ မယ်"

ပြောလက်စနဲ့ တစ်ခါတည်း ပြောရန်ရှိတဲ့အကြောင်း ကို ပြောရန် ဆုံးဖြတ်လိုက်သည်။

"ဘာကိုလဲ"

သူ ကားကို နီးစပ်ရာ ဆိုင်တစ်ခုထဲသို့ ချိုးဝင်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး ပြောတာက ပိုကောင်းမည်
ထင်။

အခန့်သင့်ပင် ဆိုင်လေးက တိတ်ဆိတ်ရှင်းသန့်ပြီ
လူအနည်းငယ်သာ ရှိနေသည်။

"ဘာစကားမို့လို့ နင် ဒီလောက် ပြင်ဆင်နေရတာလဲ"

မိုးက သူ့ ခေါ်ရာနောက်ကို နားမလည်စွာလိုက်
ရင်း မေးသည်။

"နင့်ဘဝအတွက် အရေးကြီးတဲ့စကား ဖြစ်နေလို့ပေါ့"

မိုးဆီက နှုတ်ဆိတ်သွားသည်။

ဘာမှ မစားချင်၍ ပေါင်မုန့် နှစ်ဘူးသာ မှာလိုက်သည်

"ပြောဖို့ အဆင်သင့် ဖြစ်ပြီလား"

မိုးဘက်က ခပ်လောလော မေးလာစဉ် ...

"ဖြစ်ပြီ၊ ဒါပေမဲ့ နင် ငါ့ကို တစ်မျိုးမထင်ပါဘူးလို့ က
ပေးရမယ်၊ ဘယ်လိုလဲ"

မိုးက အလွယ်တကူ ခေါင်းမညိတ်။





ခဏမျှ စဉ်းစားပြီး ...

"နင်နဲ့ ငါ့ကြားက သံယောဇဉ်ကို ထိခိုက်နိုင်မဲ့ စကား
ဆို မပြောနဲ့တော့ သိဒ္ဓိ၊ ငါ နားမထောင်ချင်ဘူး"

မိုးက သူ့ထက် ရဲရင့်ပြတ်သားနေသည်။

"ဒါပေမဲ့ နင့်ဘဝအတွက် အရေးပါတဲ့အတွက် ငါ ပြော
ကို ပြောရမှာပဲ မိုး"

မိုးက သူ့ထက် ရဲရင့်ပြတ်သားနေသည်။

"ဒါပေမဲ့ နင့်ဘဝအတွက် အရေးပါတဲ့အတွက် ငါပြောကို
ပြောရမှာပဲ မိုး"

မိုးက သူ့ကို အားလျော့စွာကြည့်၍ သက်ပြင်းချ
နေသည်။

"နင် ဇေယျာပိုင်နဲ့ လက်ထပ်ပြီးရင် ငါ့ဆီမှာ မလုပ်နဲ့
တော့၊ နင် လုပ်မယ်ဆိုရင်လည်း ငါ လက်မခံတော့ဘူး"

မိုးဆီက ထိတ်လန့်တကြား မျက်ဝန်းများကို စိတ်
မကောင်းစွာ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဆန္ဒလား၊ ဖေယျာ့ဆန္ဒလား"

မိုးက အေးစက်စက် မျက်ဝန်းများနဲ့ သူ့ကိုပြန်ကြည့်ပြီး မေးသည်။

"ငါ့ဆန္ဒပါ"

ဖြေသင့်တာကိုပဲ ဖြေလိုက်သည်။

မိုးက နှုတ်ခမ်းတွန့်ရုံ ပြုံးသည်။

မိုး အဲဒီလိုပြုံးတိုင်း ခေါင်းမာမာနဲ့ တစ်ခုခု ဆုံးဖြတ်တတ်သည်ကို ကြိုသိထား၍ သူ ရင်ထိတ်နေစဉ် ...

"ဒါဆိုလည်း ငါ လက်မထပ်ရုံပေါ့"

သူ ဆွံ့အ အံ့ဩသွားသည်။

မိုးကို သူ နားလည်သလိုလိုနဲ့ နားမလည်ရဲ ဖြစ်နေသည်။

"ဘယ်လိုလဲ၊ ဒါဆိုရင် နင် မောင်းထုတ်လို့ မရတော့ဘူးပေါ့"

မိုးက အနိုင်ပိုင်းနိုင်လိုက်တဲ့ မျက်နှာပေးနဲ့ ပြောနေသည်။





"နင် လက်မထပ်လည်း ငါ့အားမှာ တခြားမိန်းကလေး ရှိလာရင် နင်နေဖို့ မသင့်တော်တော့ဘူးလေ"

ဒီတစ်ခုတော့ မိုး ဆွံ့အအံ့ဩသွားရသည့်အလှည့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျာကင်အင်္ကျီ ပန်းနုရောင်လေးကို သူနဲ့အနီးဆုံး နေရာမှာ ချိတ်ထားပြီး တစိမ့်စိမ့် ကြည့်နေမိသည်။

သူမကိုယ်ငွေ့နဲ့ အနီးဆုံးနေရာမှာ ရှိခဲ့သည့် ဒီအင်္ကျီလေးကို သူ ပြန်မပေးလို။

သူ့နားမှာပဲ မြတ်နိုးစွာ သိမ်းဆည်း ထားချင်သည်။

နောက်တစ်ကြိမ် သူမနဲ့ဆုံရင် ပြောရမဲ့စကားများက အစီအရီ အပြိုင်အဆိုင် အလုအယက်။

သူမ အံ့သြသွားမလား။

အင်း ... နည်းနည်းတော့ စိတ်ဆိုးချင် ဆိုးပေးလိမ့်မည်။





ဒါပေမဲ့ သူ ဘာအခွင့်အရေးမှ လိမ်ပြီးယူခဲ့တာမှ မဟုတ်တာ။

အခြေအနေအရ ရိုးသားစွာ ရုပ်ဖျက်လိုသည့်ဆန္ဒကို သူမ နားလည်ပေးနိုင်မည် ထင်သည်။

"သားရေ ... မိုး ရောက်နေပြီ"

ဟုတ်သားပဲ၊ ညနေမှာ ရုပ်ရှင်ကန်တော့ပွဲ အခမ်းအနား ရှိသည်။

ညက recording ရှိ၍ မနက်အစောကြီးကတည်းက ပြန်အိပ်နေခြင်း ဖြစ်သည်။

အိပ်ရေးလည်း ဝပြီဖြစ်၍ အိပ်ရာထဲက လူးလဲထပြီး ထွက်လာလိုက်သည်။

မိုးက မေမေနဲ့အတူ အလုစိုက်ပန်းအိုး ပြင်နေလျက် ...

"မိုး ... ငါ နင့်ဆီက အကူအညီတစ်ခု တောင်းချင်လို့"

မိုးက သူ့ကို နှာခေါင်းရှုံ့ကြည့်ပြီး ...

"ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရှေ့မှာ မပြောချင်၍ မျက်ရိပ်ပြပြီး ခေါ်ထုတ်လိုက်သည်။

"ဘာလဲဟ"

မိုးက စုပုပ်ပုပ်နဲ့ ရောက်လာပြီး မေးသည်။

သူ မိုးကို အခန်းထဲက ဂျာကင် ယူလာပြလိုက်ပြီး ...

"ဒီအင်္ကျီကို နင် မှတ်မိတယ် မဟုတ်လား"

မိုး မျက်နှာပျက်သွားပြီး မဲ့ပြုံးပြုံးတာ တွေ့ရသည်။

"ဟိုတစ်ယောက်ရဲ့အင်္ကျီ မဟုတ်လား"

သူ ရယ်ကျဲကျဲ စပ်ဖြဲဖြဲ လုပ်လိုက်ပြီး ...

"ဟုတ်တယ်"

"ဘာလဲ ... ငါ့ကို အဲဒီအင်္ကျီ သွားပြန်ပေးခိုင်းမလို့လား"

မိုးအသံက မာဆတ်ဆတ်။

"ဘာလို့ ပေးခိုင်းရမှာလဲ၊ အဲဒီအင်္ကျီလေး ငါသိမ်းထားချင်လို့"

"ဒီတော့ ..."





မိုး စကားထောက်ပေးပြန်တော့လည်း သူ ပြောရခက်နေပြန်သည်။

"ကဲ ... ပြောစမ်းပါ"

မိုးက စိတ်မရှည်ဘဲ ခပ်ဆတ်ဆတ် မေးသည်။

"ငါ့ကို နင် အဲဒီအင်္ကျီနဲ့ ချိတ်ဆွဲတဲ့တာကို ရှာဝယ်ပေးပါလား မိုး"

မိုးဆီက ခံရခက်တဲ့ အပြုံးကို တွေ့ရစဉ် သူ အားနာသလိုလို ဖြစ်သွားသည်။

မိုး ငြင်းရင် သူ ထပ်မတိုက်တွန်းရန်ပါ ဆုံးဖြတ်လိုက်သည်။

ဒါပေမဲ့ မိုးက မငြင်း။

"ဘာလဲ ... ဒီနေ့လား"

သူ သိပ်အချိန်မဆွဲချင်၊ သူ မြန်မြန် ဖွင့်ပြောချင်လှပြီ။

"တတ်နိုင်ရင် ဒီနေ့ ရချင်တယ်၊ ဒါမှ ငါ မနက်ဖြန် ဖွင့်ပြောလို့ ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



မိုးက သူ့ကို ကျောပေးလိုက်သည်။

"ဒါဆို ငါ အခုသွားပေးမယ်"

မိုးက သူ့ဆီက စကားပြန်ကိုပင် မစောင့်တော့ဘဲ ချာခနဲ ထွက်သွားသည်။

သူ့ဆီက အကျီနမူနာကိုပင် မယူသွား။

မိုးကို သူ စိတ်မကောင်းစွာနှင့်ပင် ကျေးဇူးတင်လိုက်မိတော့သည်။





"နင် တော်တော် တော်တာပဲ"

အရောင်ရော တံဆိပ်ရော ဆိုက်ရော လုံးဝခွဲရအောင်တူသည့် အကျီကို ဝယ်လာပေးနိုင်၍ သူ ချီးကျူးလိုက်ခြင်း ...

"နင့်ဆီက ဒီလို ချီကျူးတာခံရဖို့ ဝယ်ပေးတာ မဟုတ်ဘူး"

မိုးအသံက မာမာပြတ်ပြတ်။

အင်း ... ပင်ပန်းလို့ ဖြစ်မှာပေါ့။

"အေးပါ၊ ငါ စိတ်ချမ်းသာဖို့ ဖြည့်ဆည်းပေးတတ်တဲ့ သူငယ်ချင်းတစ်ယောက် ရှိတာ သိပ် ကံကောင်းတာပဲ"

လှိုက်လှိုက်လှဲလှဲ ပြောမိလိုက်ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဆီက ညင်သာအားပျော့သော အပြုံးကို တွေ့လိုက်ရသည်။

“ညနေ ရုပ်ရှင်ကန်တော့ပွဲပြီးရင် နင် ကြိုက်တာ လိုက်ကျွေးမယ်”

မိုးက ခေါင်းခါပြီး ...

“ကန်တော့ပွဲပြီးရင် နင်နဲ့ အင်တာဗျူးလုပ်ဖို့ ချိတ်ထားတဲ့ ဂျာနယ်သုံးစောင် ရှိသေးတယ်၊ သူတို့အတွက် အချိန်ပေးရဦးမယ်”

တစ်ခါတလေ လွတ်လပ်မှု ဆုံးရှုံးတာကို နမြောပေမဲ့ သူ့ဘဝ အောင်မြင်မှုအတွက် ပေးဆပ်သင့်တာပဲဟု ဖြေတွေးပေးလိုက်ရသည်။

“ဒါဆိုလည်း အကြွေးမှတ်ထားဟာ”

မိုးက ပြီးလွယ် စီးလွယ် ခေါင်းညိတ်ပြီး သူ့အလုပ်ချိန်တွေ မှတ်ထားတဲ့ စာအုပ်ကို ဖွင့်ကြည့်နေသည်။

“နားပါဦး မိုးရယ်”





ရောက်ရောက်ချင်း အလုပ်ကိစ္စ စကားသာ ပြောနေသည့် မိုးကို စေတနာမှန်ဖြင့် နားခိုင်းလိုက်စဉ် မိုးက မှိန်ဖျော့သော မျက်ဝန်းများနဲ့ သူ့ကိုကြည့်ပြီး ...

“နင့်အနား ရှိခွင့်ရတုန်း လုပ်နေတာပါ၊ ဒါတွေ ငါ နောက် လုပ်ချင်တောင် လုပ်လို့ရတော့မှာမှ မဟုတ်တာ”

သူ့ရင်ထဲ နာနာကျင်ကျင် ခံစားလိုက်ရသည်။

သူငယ်ချင်းအတွက် စေတနာက ဝေဒနာ ဖြစ်စေပြီလား။

သူ အချစ်ဆိုတာကို လွဲမှားချွတ်ချော်စွာ တွေ့ရှိခဲ့ပြီလား။

❦ ❧ ❦



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်လုံးမှားခြင်းလည်း မဟုတ်။

သူ အထင်မှား၊ အမှတ်မှားခြင်းလည်း မဟုတ်။

လွဲခြင်းလွဲ သူတို့နှစ်ဦးရဲ့ တွေ့ဆုံမှုကို လွဲမှားစွာ ဖန်ဆင်းစီရင်ခြင်းပင် ဖြစ်ပေလိမ့်မည်။

"ဒါ စာရေးဆရာမ လရောင်လေ၊ သူ့ကိုတော့ ဆရာ သိပြီးသား ဖြစ်မှာပါ"

ဒါရိုက်တာကြီးက မိတ်ဆက်ပေးစဉ် သူ့နှုတ်တွေ စေးထန်းဆွဲ့အ ...။

သူ့လက်ကွေ့ အေးစက်တောင့်တင်း ...။

သူ ခဏလေး ပျောက်ကွယ်ငုပ်လျှိုးသွားလိုက်ချင်သည်။





သူမကရော ...

သူမကတော့ သိသိသာသာကြီး ပျက်သွားတဲ့ မျက်နှာကို ချက်ချင်းလိုပင် ဣန္ဒြေဆယ်လိုက်နိုင်တာ တွေ့ရသည်။

အပြုံးတစ်ခုကို တပ်ဆင်လိုက်ပေမဲ့ မပီပြင်၊ ခြောက်ကပ်အေးစက်သော အပြုံးတစ်ခုသာ။

"အင်း ... အခုမှ သိလိုက်တာ ဆိုပါတော့"

သူမစကားရဲ့ အဓိပ္ပာယ်ကို ခံရခက်စွာ သိနေသည်။

"လာ ... လာ ... တစ်ဝိုင်းတည်း ထိုင်ကြတာပေါ့"

နေရာယူလိုက်စဉ် သူမနဲ့ မျက်နှာချင်းဆိုင် ဖြစ်နေခဲ့သည်။

"သိဒ္ဓိ သေချာပါတယ်နော်"

မိုးက စာနယ်ဇင်းသမား တချို့နဲ့ စကားပြောနေ၍ သူနဲ့အတူ မပါလာသေး။

သူမက ထပ်ပြီး အတည်ပြုလိုဟန် ...

"ဟုတ်ပါတယ် ကုမုဒြာ"

မထူးတော့။



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်အေးဆေးစွာ သူ ပြန်ဖြေလိုက်သည်။

"လရောင်ပါ"

သူမ အသံက ခနိုးခနဲ့။

သူတို့နှစ်ယောက်ကြား ပြန်တိတ်ဆိတ်သွားသည်။

မကြာခင် ဒါရိုက်တာရော မင်းသမီးပါ ရောက်လာပြီး စကားဝိုင်း စည်သွားသည်။

သူနဲ့ ကြော်ငြာတွဲရိုက်ဖူးသော မင်းသမီးဖြစ်၍ မစိမ်း။

ဒါပေမဲ့ သူ နှုတ်မသွက်တော့။

စောင့်ကြည့်ခြင်း ခံရသလို မလုံမလဲ ခံစားနေရ၍ သူ့စိတ်တွေ တင်းကျပ်နေသည်။

အကြည့်ရှုရှ ထက်ထက်ကို မဆုံစည်းအောင် လွှဲဖယ်ကြိုးစားရတာကိုက ပင်ပန်းနာကြင်စွာ။

မိုးရောက်လာစဉ် မိုးပါ အံ့သြတိတ်ဆိတ်သွားပြီး သူ့လက်ကို ဖျစ်ညှစ်သတိပေးရှာသည်။

သူများပြောတာတွေကို နှုတ်ခမ်းတင်းတင်းစေ့ပြီး ပြုံးကြည့်နေတဲ့ သူမ မျက်ဝန်းတွေကို ရင်မဆိုင်ရဲ။





ပွဲပြီး၍ ပြန်ကာနီး လက်ဆွဲနှုတ်ဆက်ကြစဉ် သူမ ကအရင် သူ့ကို လက်ကမ်းပေးသည်။

မဝံ့မရဲ ဆွဲကိုင်လှုပ်ယမ်း နှုတ်ဆက်စဉ် သူ့လက်တွေက စေးထန်းစိုစွတ်နေပြီး သူမလက်တွေက အေးစက်ခြောက်သွေ့နေသည်။

"အောင်မြင်ပါစေ သိဒ္ဓိ"

သူမအသံက တိုးပေမဲ့ မာန်အပြည့်။

ဥသြလို့ ခေါ်တတ်တဲ့ တိုးတိမ်ဖြည်းလေးတဲ့ အသံကို သူ တမ်းတလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင် ရူးနေတာလား၊ အသိဉာဏ် မရှိတော့တာလား

သိဒ္ဓိ"

မိုးက သူ့အပေါ် ငြိုးငွေ့စွာသွန်းနေတဲ့ မိုးစက်များ

ကို မော့ကြည့်ပြီး ဒေါသတကြီး ပြောနေသည်။

သူ ဘာမှ ပြန်မပြောနိုင်။

မနက်အစောကြီးကတည်းက ရောက်နေခဲ့ပြီး သူမ

လာနိုးနှင့် မျှော်နေစဉ် မိုးရွာခဲ့ခြင်းပင်။

သူ့ကိုယ်မှာ သူမ ပေးခဲ့တဲ့ ဂျာကင်ကိုသာ ဝတ်

ထားပြီး ထီးပါမလာ။

နည်းနည်းမှ အုံ့ဆိုင်းခြင်း မရှိဘဲ ရုတ်တရက် ရွာ

လိုက်သောမိုးဖြစ်၍ မရှောင်သာ။





"ငါ စိတ်ထဲထင်နေလို့ ဖုန်းဆက်ကြည့်တာ နှင် အပြင်

ထွက်သွားတယ်ဆိုလို့ စိတ်ပူပြီး လိုက်လာတာ"

စိတ်ပူပြီး လိုက်လာတယ်ဆိုတဲ့ မိုးမှာလည်း ထီး

မပါ။

နှစ်ယောက်လုံး ရွှဲရွှဲစိုလျက် ...။

"နှင့်ကုမ္ပဏီကို နှင် ဘယ်အချိန်ထိ စောင့်မှာလဲ၊ လာ ...

ပြန်ကြမယ်"

မိုးက မျက်နှာပေါ်က ရေစက်များကို သပ်ချပြီး

ပြောနေသည်။

သူလည်း အေးစက်စိုစွတ်တဲ့ ခံစားမှုက ပြင်းထန်

လာတာမို့ ...

"အေးပါ၊ ပြန်ကြတာပေါ့"

မိုးက သူ့ရဲ့ စိတ်ပျက်လက်ပျက် ပုံစံကို စိတ်ပျက်

စွာ ကြည့်နေသည်။

"သိဒ္ဓိရယ် ... နှင် ဘာဖြစ်လို့ ဒီပုံစံ ဖြစ်နေရတာလဲ"

မိုးရေထဲမှာ မိုးအသံက ရှူးရှူးရှရှ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ကို ရှင်းပြပြီး တောင်းပန်ချင်လို့ပါ"

ပါးစပ်ထဲ မိုးရေများ စီးဝင်၍ သူ့အသံက ဗလုံးဗထွေး။

"တောက် ... နင် ရူးနေတာပဲ သိဒ္ဓိ"

မိုးက သူ့ပုံစံကို မမြင်လို့၊ မကြားလိုတော့တဲ့ပုံစံဖြင့် ရှေ့က ခပ်သွက်သွက် လျှောက်သွားသည်။

မိုးစက်တွေ ကြားမှပင် သူမကို သူ လိုက်ရှာနေမိဆဲ ...။





"ရော့ ... ဒါ ကုမ္ပဏီ ခေါ် လရောင်ရဲ့ ဖုန်းနံပါတ်ပဲ"

မိုးက စက္ကူဖြူတစ်ရွက်ပေါ်မှာ ရေးထားတဲ့ နံပါတ်ဘစ်ခုကို ကမ်းပေးသည်။

လူမမာလို ခြေကုန်လက်ပန်း ကျနေတဲ့ သူ့ကို ထိုဖုန်းနံပါတ်က မတ်ခနဲ ဖြစ်သွားစေသည်။

"နင် ဘယ်ကရလဲ မိုး"

မိုးက အပြင်ကဝယ်လာတဲ့ နို့ဘူးကို ဖွင့်ဖောက်သောက်နေပြီး ...

"သူ့စာအုပ်ထုတ်တဲ့ စာပေတိုက်မှာ တောင်းလိုက်တာပေါ့"

ဩော် ... သူ့နှယ်၊ မိုးလောက်တောင် မဆင်ခြင်တွေးခေါ်တတ်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ ... သူက ထူပူလွမ်းမောနေသူကိုး။

"ငါ ညနေ ရှုတင်ပြီးရင် ဖုန်းဆက်လိုက်မယ်၊ အခုတော့ အချိန်မရှိတော့ဘူး"

မိုးက သွက်လက်တက်ကြွသွားသော သူ့ကို မျက်စောင်းထိုးကြည့်နေသည်။

ဒါပေမဲ့ သိသည်။

ဒီမျက်စောင်းက သူ့အတွက် မျှဝေကြည်နူးပေးနေသော မျက်စောင်းပင်။

"ကျေးဇူးပဲ မိုးရာ၊ ငါ အဲဒီလို မတွေးမိဘူး"

မိုးက သရော်ပြုံး ပြုံးရင်း ...

"မွန်နေတာကိုး"

မနာတော့။ ခုချိန်မှာ မိုး ဆဲဆိုလည်း သူ မနာတော့။

"ဒါဆိုလည်း ရှုတင်သွားရအောင်၊ အချိန်နီးနေပြီ၊ ငါ အဝတ်အစားတွေ ဝတ်လိုက်ဦးမယ်"

မိုးက ဇာတ်ညွှန်းထဲကအတိုင်း အဝတ်အစား ကိုက်မကိုက် စစ်ပေးသည်။





ပြီးတော့ သူ့ကို ခိုင်ယာလော့ခ်တွေ ရ,မရ စစ်သည်။

အမှုအရာကိုတော့ တကယ် သရုပ်ဆောင်မှ mood သွင်းပြီး သရုပ်ဆောင်လေ့ ရှိတာမို့ အစမ်းမကျင့်တော့။

"နင် စာအိတ်ပြာလေးတွေ မဖတ်တာ ကြာပြီနော်"

မိုးက သိုးသန့်ဖယ်ထားသော်လည်း မဖတ်ဖြစ်သေးသည့် စာအိတ်ပြာလေးများကို မေးဆတ်ပြပြီး ပြောသည်။

ဟုတ်တယ်။ သူ သူမကြောင့် အရာအားလုံးကို ခမ့်လျှော့လုနီးပါး ဖြစ်နေသည်။

ဒီညတော့ သူမဆီက မရ,ရအောင် အလျော်တောင်းရပေမည်။

နှုးညံ့သိမ်မွေ့စွာတွေးပြီး ကြည်နူးစွာ ပြုံးဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ရန် ညခုနစ်နာရီလောက်ကတည်းက စိတ်စောနေခဲ့သော်လည်း တကယ်တမ်း ဆက်ဖြစ်ခဲ့သည်က ကိုးနာရီကျော်ဖြစ်သည်။

ဖုန်းနံပါတ်တွေ နှိပ်အပြီး ဟဲလို ဆိုတဲ့ အသံကို ကြားရဖို့ စောင့်ရသည်ကို စက္ကန့်ပေါင်းများစွာဟု ထင်မိသည်။

တည်ငြိမ်အေးချမ်းတဲ့ ...

"ဟဲလို"

ဆိုတဲ့ အသံလေးကို တကယ်တမ်း ကြားလိုက်ရစဉ် သူ ဘာစပြောရမှန်းပင် မသိတော့။

"ကုမုဒြာလားဟင်"

သေချာအောင် မေးလိုက်မိစဉ် ...





"ဟုတ်ပါတယ်ရှင်၊ ကုမုဒြာ ပြောနေပါတယ်"

သူလို့ မထင်မှတ်ထား၍ ချိုကြည်နေသော အသံလေး ပြတ်တောင်းသွားမှာ စိုးရိမ်လှသည်။

တွန့်ဆုတ်ဆုတ် အတွေးများနှင့်ပင် ...

"ကျွန်တော် သိဒ္ဓိပါ"

အံ့သြစွာ ငြိမ်သက်သွားသည်။

အသက်ရှူသံ ဖြည်းဖြည်းမှန်မှန်ကို တိုးလျစွာ ကြားနေရ၍ ဖုန်းမချသေးတာ သေချာသည်။

"ဘာကိစ္စရှိလို့လဲ"

အသံက မာမာ၊ ဒါပေမဲ့ စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်နေတာ သတိထားမိသည်။

"ကျွန်တော် ရှင်းပြပြီး တောင်းပန်စရာတွေ ရှိလို့ပါ"

အရိုးသားဆုံးနဲ့ အလေးနက်ဆုံးဖြစ်အောင် ကြိုးစားပြောနေရသည်။

သူမက သူ့ရဲ့စကားအခွန်းတိုင်းကို ပြန်စဉ်းစားပုံရသည်။ ငြိမ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောကြည့်လေ၊ နားထောင်ကြည့်ရတာပေါ့"

အသံက ခနဲ့တဲ့တဲ့။

"ကျွန်တော် ကုမ္ပဏီအပေါ် တမင် ဟန်ဆောင်ပြီး ခင်ခဲ့တာ မဟုတ်ပါဘူး၊ ကျွန်တော့် ခင်မင်မှုတွေအပေါ် ကုမ္ပဏီ တစ်မျိုးထင်မှာစိုးလို့ ဖွင့်ပြောဖို့ စိတ်စဉ်နေကုန်းအခုလို ဖြစ်သွားတာပါ"

ဟာ ... သူပြောတာကို သူအားမရ။

အစီအစဉ်ကျပေမဲ့ သေသပ်ကျနစွာ စီစဉ်ထားခြင်း မဟုတ်သလို ခံစားရသည်။

"တစ်ယောက်ဆီမှာတော့ ခိုင်လုံတဲ့ အကြောင်းပြချက်တွေ ရှိနေမှာပဲ၊ တစ်ဖက်က လက်ခံနိုင် လက်မခံနိုင်ဆိုတဲ့ အပိုင်းကတော့ တစ်မျိုးပေါ့"

နားထောင်ပေးနေသလို တုံ့ပြန်ပြောပေးနေသဖြင့် အခြေအနေ ဒီလောက်မဆိုး။

"ကျွန်တော် ကုမ္ပဏီကို တကယ်ခင်တာပါ"

အရိုးရှင်းဆုံးသာ တောင်းပန်နေမိတော့သည်။





"ကျွန်မစိတ်က ပြန်လက်ခံနိုင်ပါ့မလား ဆိုတာ ကျွန်မကိုယ် ကျွန်မတောင် မသေချာဘူး"

ပြောစမ်းပါစေ။

သူ့ကို ဟိုးအဝေးကြီးရောက်အောင် တွန်းပို့ ဆွဲခွာသည်အထိ ပြောစမ်းပါစေ။

"ကျွန်တော်တို့ အရင်လိုပဲ ပြန်နေကြဖို့ တောင်းပန်ပါရစေ"

ဘယ်နှကြိမ်အထိ ဒီစကား ပြောရ ပြောရ သူ ပြောနေဦးမည်။ သူမ လက်ခံနိုင်တဲ့ အထိပေါ့။

"အရင်လို ... ..."

သူမက သူ့စကားကို ခပ်ဖွဖွ လိုက်ရွတ်နေသည်။

"အရင်လို ... အရင်က ကျွန်မ သိခဲ့တာက ဥဩလေ၊ ရှင်က သိဒ္ဓိပဲ"

"ကျွန်တော် ကုမ္ပဏီ အတွက်ဆိုရင် အမြဲတမ်း ဥဩလည်း ဖြစ်ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ တိုးတိုးညင်းညင်း ရယ်နေသည်လား။

ခြောက်ကပ်အက်ကွဲနေတဲ့ ရယ်သံက ကြမ်းတမ်းအေးစက်တဲ့ စကားလုံးတွေထက် ပို၍ပြင်းရှနေသည်။





ညစဥ် သူ့ရဲ့အချိန်မှန်ဖုန်းကို နားထောင်တတ်ပေမဲ့ အခြေအနေက သိပ်မထူးခြား။

တစ်ခါတလေ စာရေးစရာရှိလို့ ဆိုပြီး ဖုန်းချသွားတတ်သေးသည်။

"သူ နင့်ဖုန်းမှန်းသိရက်နဲ့ ကိုင်တယ်ဆိုကတည်းက အခြေအနေ အဆိုးကြီး မဟုတ်သေးဘူး၊ နင့်ကို မယုံရဲသေးတာပဲ ဖြစ်မယ်"

မိုးကတော့ သူ့ကို အားပေးမြဲ။

"နင် Live Show အတွက် ရီဟာဇယ် လုပ်ရတာရော၊ ရိုက်ကွင်းသွားရတာရော ပင်ပန်းနေပြီလား၊ ညဘက် သိပ်အိပ်ရေးပျက်ခံပြီး ဖုန်းမပြောနဲ့ဦး သိန္ဒိ"



www.burmeseclassic.com

www.burmeseclassic.com



မိုးက စိုးရိမ်တကြီး သတိပေးရှာသည်။

"နောက်ပြီး နင့်ကို ငါ ပြောစရာရှိသေးတယ်"

မိုးက သူ့ဆီလာတဲ့ မိတ်ဆက်စာတွေကို ဘူးထဲ စနစ်တကျ စီနေရာက လှမ်းပြောသည်။

"ငါ ဗေယျာနဲ့ ဩစတြေးလျ လိုက်ဖို့ ဆုံးဖြတ်ထားပြီ"

မထင်မှတ်ထားသော စကားဖြစ်၍ အံ့ဩသည်။ မိုးဆီက ဒီလိုစကားမျိုး ကြားရ၍ ပိုအံ့ဩခြင်းပင်။

မြန်မာပြည်မှာတောင် တွေ့ရန် ရှောင်နေတတ်သော မိုးက နိုင်ငံခြားထိ အတူလိုက်သွားဖို့ ဆုံးဖြတ်ထားသည်ဆို၍

"လက်ထပ်ပြီးရင်ပေါ့"

"ဟင့်အင်း ... ဟိုမှာပဲ လက်ထပ်မယ်၊ ဒီမှာ စေ့စပ်ရုံလောက်ပဲ"

"ဩော် ... ဒါကြောင့် နင်က ငါ့ကို ကုမုဒြာနဲ့ မြန်မြန် အဆင်ပြေစေချင်တာပေါ့"





မိုးက ပြုံးသည်။

ဒါပေမဲ့ အပြုံးက လှို့လှို့ဝှက်ဝှက်။

သူ ဒီစကားတွေကို ပေါ့ပါးသွက်လက်စွာ မပြောနိုင်။

သူ့အတွက် သူငယ်ချင်းမတစ်ယောက် ဆုံးရှုံးရတော့ မည်ကို နမြောဝမ်းနည်းနေသလိုပင်။

"နင်ကိုယ်တိုင်က ငါ့ကို အနားမှာ မနေဖို့ အရင်ဆုံးဖြတ်ခဲ့တာပါ သိဒ္ဓိရယ်"

မိုးရယ် ...

ငါက နင့်ကို ငါ့နားမှာ နေပါလို့ ဆွဲထားရင်၊ နင် နစ်နာမှာစိုးလို့ ဆိုတာ နင် နားလည်မှာပါ။

စိတ်ထဲကပဲ မိုးကို တောင်းပန်နေလိုက်သည်။

"ဒါနဲ့ သိဒ္ဓိ ... နင် Live Show ကျရင် ကုမုဒြာကို ဖိတ်ပါလား၊ နင့်ရဲ့ အထူးဧည့်သည်တော်ပေါ့၊ ပြီးတော့ ... နင် လုပ်လို့ရမဲ့ အခွင့်အရေးတစ်ခု ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးက သူ့ကို အစီအစဉ်တစ်ခု အကြံပေးသည်

လှပသိမ်မွေ့တဲ့ အစီအစဉ်လေး တစ်ခုပင် ဖြစ်

သည်။





"ကျွန်တော့်ပွဲကို လာကြည့်ဖြစ်အောင် လာကြည့်ပေးပါနော်၊ အဲဒီနောက်ပိုင်း ကျွန်တော့်ကို ဖုန်းမဆက်စေချင်ရင် ကျွန်တော် ဖုန်းမဆက်တော့ပါဘူး၊ နောက်ဆုံး တောင်းဆိုတယ်လို့ သဘောထားပြီး လာပေးပါနော်"

"ကျွန်မ Stage Show ကြည့်လေ့ကြည့်ထ မရှိဘူး"

သူမက ငြင်းဆန်ဆဲ။

"ကျွန်တော့် နောက်ဆုံးတောင်းဆိုမှုအဖြစ် လိုက်လျောပေးပါလား"

သူ့အတွက် နောက်ဆုံးမြက်တစ်ပင်အဖြစ် အမိအရ တောင်းဆိုရုံသာ။

သူမ ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းဖျော့ဖျော့ချသံ ကြားလိုက်ရပြီးနောက်...

"ကောင်းပြီလေ"

သူ ထခုန်မိမတတ် ဝမ်းသာသွားသည်။

ဩော် ... ဒါတောင် သူမ သူ့ Stage Show ကို သာ ကြည့်မဲ့အဆင့်ပဲ ရှိသေးပါလား ဆိုတဲ့ သိမ်ငယ်တဲ့အတွေး နဲ့ ပျော်ပင် မပျော်ချင်တော့။

"ကျွန်တော် လက်မှတ်ကို ဒါရိုက်တာကြီးရဲ့ တပည့်တစ်ယောက်ကို ပေးခိုင်းလိုက်ပါ့မယ်"

"ဒါပဲ မဟုတ်လား၊ ကျွန်မ ပရဖ်ဖတ်စရာတွေ ရှိသေးတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ကုမုဒြာရယ်"





"သူ ရှေ့ဆုံးခုံမှာ ထိုင်နေတယ် သိဒ္ဓိ၊ မပူနဲ့၊ ပြီးတော့ သူ သိပ်လှနေတယ်"

မိုးက အလုပ်ရှုပ်နေတဲ့ကြားက သူ့နားကပ်ပြီး ခပ်တိုးတိုး ပြောသွားသည်။

"ငါ စိတ်လှုပ်ရှားနေတယ် မိုးရယ်၊ အခုပွဲက ပထမပွဲလည်း မဟုတ်ဘဲနဲ့"

ပွဲအတွေ့အကြုံ မရှိသူ တစ်ယောက်လို အစိမ်းသက်သက် စိတ်လှုပ်ရှားနေသည့် သူ့ကိုယ်သူ အားမရ။

"ဒါပေမဲ့ အထူးဧည့်သည်အတွက်တော့ ပထမပွဲပဲလေ"

မိုး ပြောတာလည်း ဖြစ်နိုင်သည်။

သူ့နှလုံးသား တစ်ခုလုံးရဲ့ အဆုံးအဖြတ်အဖြစ်ဆုံး ... ဆုံးဖြတ်ပေးမှာမို့ သူ စိတ်လှုပ်ရှားနေတာပဲ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် အောင်မြင်အောင် လုပ်နိုင်မှာပါ သိဒ္ဓိ"

မိုးက သူ့အဝတ်အစားများကို စနစ်တကျ ချိတ်ပေးရင်း အားပေးနေသည်။

အသက်ကိုဝအောင်ရှူပြီး ပရိသတ်ရှေ့ဘက် ထွက်လိုက်စဉ် အဖြူရောင်ဝတ်စုံနဲ့ သူမက ရှေ့ဆုံးခုံမှာ တည်ငြိမ်အေးဆေးစွာ ထိုင်လျက် ...

သူမအတွက် ရင်ခုန်စိတ်လှုပ်ရှားနေတဲ့သူ့ကို မြူးကြွသွက်လက်တဲ့ သံစဉ်များက ဂီတကမ္ဘာထဲ သိမ်မွေ့စွာ ခေါ်ဆောင်သွားသည်။

အထူးဖိတ်ကြားထားတဲ့ တခြားအဆိုတော်များနဲ့ အလှည့်ကျ ဖျော်ဖြေခြင်း ဖြစ်သော်လည်း ပင်တိုင်က သူဖြစ်နေ၍ ပင်ပန်းလှသည်။

ဒါပေမဲ့ အနုပညာသည်ကတော့ အနုပညာကကြီးဘယ်လောက်ရှည်ရှည် ပင်ပန်းသည်ကို အမှုမထားသူများပီပီ သူလည်း တက်ကြွပျော်ရွှင်နေသည်။

ပွဲလယ်လောက်ရောက်မှ သူ့အစီအစဉ်ကို စပြီး အကောင်အထည် ဖော်လိုက်သည်။



သူ့ပရိသတ် အားလုံးလိုလို ခန်းမအပြင်မှာ ဈေးသက်သက်သာသာနဲ့ ရောင်းပေးထားတဲ့ မီးစုန်းပါ ကြာဖူးလေးများ ကိုယ်စီကိုင်ထားကြလျက် ...

ခန်းမတစ်ခုလုံးရှိ မီးများ တစ်ပြိုင်နက် ပိတ်သွားသည်။

ပန်းရင့်ရောင် ကြာဖူးလေးများက အမှောင်ထဲတွင် လှုပ်ယမ်းလျက် ...

မီးမှိတ်လိုက်၍ လှုပ်ရွဆူညံသွားသော ပရိသတ်ကြီးက သူ့နာမည်ကို အော်ဟစ်လျက် ...

"သိဒ္ဓိ ... သိဒ္ဓိ ... သိဒ္ဓိ ... သိဒ္ဓိ"

အသံပေါင်းများစွာ ...

အစပိုင်းက သံပြိုင်မဟုတ်။ နောက်ပိုင်း သံပြိုင်။ အသံတွေက တစ်စုတစ်စည်းတည်း။

အဲဒီအထဲမှာ သူမ အသံရော ပါလေမည်လား။

www.burmeseclassic.com

www.burmeseclassic.com



မီးမှောင်နေစဉ် သူ သူမပေးခဲ့တဲ့ ဂျာကင်အင်္ကျီ ပန်းနုရောင်လေးကို သွားဝတ်လိုက်သည်။

စင်ရှေ့ ပြန်ထွက်လာစဉ် ပရိသတ်ကြီးက သူ့နာမည်ကို အော်ဟစ်နေဆဲ။

အမှောင်ထဲမှာ ကျင့်သားရနေပြီမို့ သူ့ရဲ့ အပြာရောင်ကြာနတ်သမီးလေးကို တွေ့နေရသည်။

"အားလုံး ပျော်နေကြလား"

သူ့အသံက ပရိသတ်အသံကို လွှမ်းပြီး ဟိန်းထွက်သွားသည်။

"ဟေး"





ပရိသတ်က တုံ့ပြန်သံဘာသံကလည်း သူ့အတွက် အင်အားရှိလွန်းလှစွာ ...

"ကျွန်တော် ပရိသတ်ကြီးကို သက်သေထားပြီး ဝန်ခံတောင်းပန်စရာတစ်ခု ရှိပါတယ်"

ပရိသတ်ကြီးဆီက အသံတွေ တဖြည်းဖြည်း ငြိမ်သွားသည်။

ရုံတစ်ခုလုံး သူ့အသံ တစ်ခုတည်းသာ ကျန်ခဲ့သည်။

"ကျွန်တော် ပန်းတွေထဲမှာ ကြာပန်းကို အနှစ်သက်ဆုံးပါ၊ ကျွန်တော့်မှာလည်း ကြာပန်းလေးတစ်ပွင့် ရှိတယ်"

"ဟေး"

အသံတွေ ပြန်ငြိမ်ကျသွားပြန်သည်။

"ဒါပေမဲ့ အဲဒီ ကြာပန်းလေးက ကျွန်တော့်ကို သာမန်အရပ်သားတစ်ယောက်လို့ပဲ သိထားတယ်၊ ကျွန်တော် သူ့ကို တမင်လိမ်ထားတာ မဟုတ်ပါဘူး၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်ရင် လွတ်လွတ်လပ်လပ် ဖြစ်ချင်လို့ ရုပ်ဖျက်ထွက်တတ်လို့ပါ၊ ခဏလေးပဲကြုံတဲ့ ခင်မင်မှုတစ်ခုလို့ပဲ ထင်မိလို့ ကျွန်တော် ဘာမှ မရှင်းပြခဲ့ပါဘူး"

သူမရဲ့ ပိုက်ထားတဲ့ လက်တွေက လက်ရန်းပေါ် ပြောင်းတင်လိုက်တာ တွေ့ရသည်။

"တဖြည်းဖြည်း ကျွန်တော့်ရင်ထဲ သူ့အမြစ် စွဲလာတယ်၊ သူ့ကို ကျွန်တော် ဘယ်သူပါလို့ ဖွင့်ပြောရင်းနဲ့ ကျွန်တော့် ရင်ထဲက မေတ္တာကိုပါ အသိပေးမယ်လို့ ဆုံးဖြတ်ပြီးချိန်မှာ မမျှော်လင့်ဘဲ သူ ကျွန်တော် ဘယ်သူလဲ ဆိုတာ သိသွားတယ်"

သူ့နှုတ်က အစီအစဉ် ကျကျနဲ့ ချောချောမွေ့မွေ့ ပြောနိုင်နေသည်။ ဒါပေမဲ့ သီချင်းတစ်ပုဒ် ဆိုတာထက်တော့ ပိုပြီး မောလျစေသည်။

"ကျွန်တော် တောင်းပန်ပေမဲ့ သူ လက်မခံသေးဘူး၊ သူ လက်ခံတဲ့အထိ ကျွန်တော် တောင်းပန်ဦးမှာပါ"





"ဟေး"

"အခု ပရိသတ်ကြီးထဲမှာ သူ ရှိနေတယ်၊ သူ့အတွက် ရည်ရွယ်ပြီး စပ်ထားတဲ့ သီချင်းလေးတစ်ပုဒ် ဆိုချင်ပါတယ်၊ သူ့ရဲ့ လက်သည်းလေးတွေက သိပ်လှတယ်၊ အဲဒီအကြောင်း ပရိသတ်ကြီးနဲ့ ကျွန်တော် အတူတူ ခံစားရအောင်"

"ဟေး"

မီးတွေ ပြန်ပွင့်လာသည်။

မျက်လွှာချထားတဲ့ သူမကို ထင်းလင်းစွာ ပြန်မြင်လိုက်ရသည်။

သူ့အသံက သံစဉ်တွေနဲ့အတူ ပြတ်သားငြိမ့်လေးစွာ မှန်မှန်ထွက်ပေါ်လာသည်။

သူ့နှုတ်က စကားလုံးတွေ အစီအစဉ်တကျ ထွက်နေသလို သူ့ရင်ထဲမှာလည်း သူမနဲ့ ပတ်သက်တဲ့ ပုံရိပ်တွေ တင်လွှာပြီး တစ်လွှာ ...



www.burmeseclassic.com

www.burmeseclassic.com



သီချင်းတစ်ကျော့အပြီးမှာ သူမ ထထွက်သွားသည်။

သူ့ရင်ထဲ လိုက်ခဲ့ ဟာဆင်းလျက် ...

သူ့သီချင်းလေး ဆုံးအောင်ပင် သူမ နားမထောင်နိုင်ခြင်းက သူ့အတွက် အဖြေထင်။

သူ့အသံတွေက နောက်ဆုံးပုဒ်မှာ ဝမ်းနည်းနာကျင်စွာ တုန်ခါနေသည်။

ရင်ထဲ ဗလာကျင်းနေသလို ခံစားနေရခြင်းက အကွယ်အကာမဲ့သလို အားငယ်ဝမ်းနည်းလွန်းနေသည်။

သီချင်းအဆုံး လက်မှုပ်သံတွေက သူ့ရဲ့သက်ပြင်းလိုက်သံနဲ့အတူ ရောထွေးသွားသည်။

ထိုစဉ် ...

သူ့ဆီ လုံခြုံရေးဝန်ထမ်း ဦးလေးကြီး တစ်ယောက်က ပန်းစည်းတစ်စည်းနဲ့အတူ ရောက်လာပြီး ...

ပန်းစည်းဆိုပေမဲ့ အထူးတလည် စီစဉ်ထားသော ပန်းဖြစ်ဟန် မတူ။





ခန်းမအပြင်မှာ ရောင်းပေးသော ကြာဖူးလေးများကို ပိုးပဝါအပြာနုရောင်ဖြင့် စည်းနှောင်ထားသော ပန်းစည်းလေးသာ။

"မိန်းကလေး တစ်ယောက်က ပေးခိုင်းလိုက်တာ"

ပန်းစည်းလေးရဲ့ အလယ်မှာ သူပေးခဲ့သော Stage Show လက်မှတ်ကတ်ကလေး။

ပန်းစည်းပိုက်လျက်နဲ့ ကတ်ကလေးပေါ်ကစာကို အပြေးအလွှား သူ ဖတ်လိုက်သည်။

"အရှး ...

ကုမုဒြာ ဆိုတာ ယရောင်နဲ့တွေ့မှ ပွင့်တာ၊ ရှင့်ကို ကျွန်မရဲ့ လမင်း ဖြစ်ခွင့်ပေးလိုက်ပြီ"

စာလေးက တိုတိုလေး။

ဒါပေမဲ့ သူ့ပတ်ဝန်းကျင် တစ်ခုလုံး ကြည်နူးငြိမ်းချမ်းမှုတွေနဲ့ ပြည့်နှက်အောင် စွမ်းဆောင်နိုင်သည်။

သူ ပန်းစည်းလေးကို မြှောက်တင်ပြီး အားပါးတရ ရင်ထဲမှာ အော်ဟစ်လိုက်သည်။



www.burmeseclassic.com

"သူ့ရဲ့ ကုမုဒြာ"

"ကုမုဒြာရဲ့ လမင်း" တဲ့။

Stage စင်ရဲ့ တိုင်ကွယ်မှာ မိုးက သူ့ကို လက်မထောင်ပြပြီး ပြုံးနေသည်။

သူ့အတွက် အမိပွာယ် အပြည့်ဝဆုံး ပွဲလေးတစ်ခုအဖြစ် သူ မရပ်မနားဘဲ သီဆိုနေချင်တော့သည်။





ရာသီဥတုကလည်း သူ့ဘက်က မျက်နှာလိုက်ပြီး နောက်တစ်နေ့ နံနက်ခင်းမှာ သာယာအေးမြလျက်။

သူမကိုပေးမဲ့ ဂျာကင်အင်္ကျီလေးကို ယူပြီး ထွက်လာစဉ် သူ့တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေတာ သတိထားမိလိုက်သည်။

အရင်က ပွဲပြီး နောက်တစ်နေ့တိုင်း သူ ဒီလို မလန်းဆန်း၊ အနည်းဆုံး ကိုယ်လက်နာကျင်ပြီး နားနေရတတ်သည်။

ဒီနေ့တော့ တစ်စုံတစ်ရာရဲ့ သတ္တိထူးကြောင့် သူ သန်းဆန်းတက်ကြွလျက် ...

ဖြတ်လျှောက်နေကျ တံတားလေးပေါ် လျှောက်လာစဉ် ဆယ်ထားတာ ကြာပြီဖြစ်၍ ရိုဆွေးနေပြီဖြစ်တဲ့ ကြာနွယ်ဖြာပတ်များကို ကမ်းပေါ်မေးတင်လျက် တွေ့ရသည်။

www.burmeseclassic.com



ပင်ကိုပုံစံနဲ့ ထွက်လာတာကြောင့် မှတ်မိနေတဲ့ လု တချို့က လှည့်ကြည့်၊ ကွက်ကြည့်နှင့်။

သူမကတော့ ရပ်နေကျ နေရာမှာပင် ရပ်နေလျက်။ ဒါပေမဲ့ အရင်ကလို တွေဝေငေးမောနေတဲ့ ပုံစံနဲ့ မဟုတ်။

သူ လာနေတာကို မျှော်ကြည့်စောင့်ကြိုနေတဲ့ပုံမျိုး ဖြစ်သည်။

အလိုလေး ... သူ့ခြေလှမ်းတွေကလည်း ပေါ့ပါး မြန်ဆန်လို့။

စောင့်မျှော်နေသူရှိတဲ့ ဘဝက ကြည်နူးမွေ့လျော်စရာ။

"ရှင် လာမယ်ထင်လို့ စောင့်နေတာ"

သူမက အဖြူရောင် ချည်ထည်အင်္ကျီလက်တိုလေးကို ပေါ့ပေါ့ပါးပါး ဝတ်ထားသည်။

လက်မောင်းဖြူဖြူဝင်းဝင်းလေးက လေအဝေ့မှာ ကြက်သီးမြမြလေး ထတတ်တာကိုပင် တွေ့နေရသည်။

"ကျွန်တော်ကတော့ ကုမုဒြာ ရှိကိုရှိနေမယ်ဆိုတဲ့ အတွေးနဲ့လာတာ"





သူက မျက်စောင်းနနနဲ့ ရင်ခုန်ချင်စရာကောင်းအောင် ပြုံးဆိုသည်။

"ဒါ ကုမုဒြာအတွက် ကျွန်တော် ဝတ်ထားတာက ကုမုဒြာ ပေးခဲ့တဲ့ အင်္ကျီ၊ ဒါက အသစ်၊ ဆင်တူဝတ်ရတာပေါ့"

သူမ အင်္ကျီထုတ်လေးကို ကျေကျေနပ်နပ် ရှမ်း ပြီး ...

"အရူး ... သိပ်ရူးတာပဲ"

သူကလည်း အားကျမခံ ...

"ကျွန်တော် အရူးကောင်လို့ ကုမုဒြာရဲ့ မေတ္တာကို ရခဲ့ တာမဟုတ်ဘူးလား"

သူမက အင်္ကျီကို ထုတ်ဝတ်လိုက်ပြီး ...

"ကျွန်မကတော့ လရောင်ထက် ကုမုဒြာကို ပိုနှစ်သက် တယ်"

နှစ်ယောက်သား ပြိုင်တူ ရယ်မိလိုက်ကြသည်။

သူမသည် အပေါ်ယံကြည့်လျှင် မာကျောအေးစက် သော်လည်း အတွင်းစိတ်ကတော့ ခံစားလွယ်သော နူးညံ့ နွေးထွေးတတ်သူပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို ဥဩဟု ချစ်စနိုးခေါ်ပြီး သူကလည်း အတွင်းစိတ်ကတော့ ခံစားလွယ်သော နူးညံ့သိမ်မွေ့တတ်သူ ဖြစ်သည်။

သူမက သူ့ကို ဥဩဟု ချစ်စနိုးခေါ်ပြီး သူကလည်း သူမကို 'ကြာ'ဟုပင် ချစ်စနိုးခေါ်ခဲ့သည်။

❦ ❧ ❦





အမျိုးသမီးနှစ်ယောက်ရဲ့ တွေ့ဆုံမှုက မအေးစက်သလို နွေးလည်းမနွေးထွေး။

"ကြာ ... ဒါ ကိုယ့်ငယ်သူငယ်ချင်း၊ အခု ကိုယ့်ရဲ့ အထွေထွေမန်နေဂျာပေါ့ ... မိုးတဲ့"

ဒါပေမဲ့ ကြာ့ အကြည့်က စူးစမ်းကြည့်ဆန်လွန်းနေသည်။

အပြုံးလှလှကိုတော့ နူးနူးညံ့ညံ့ တတ်ထားလျက် ...

"ဩော် ... သိဒ္ဓိ နောက်ကွယ်မှာအမြဲပါနေတတ်တဲ့ အမျိုးသမီးတစ်ယောက်ဆိုတာ ထင်တယ်"

ကြာ့ စကားအဆုံး မိုးက ပိုင်နိုင်ကျွမ်းကျင်သော အမူအရာမျိုးဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သိဒ္ဓိနောက်မှာ တို့ အမြဲပါတယ်၊ အင်း ဥဩအဖြစ်နဲ့ကတော့ ချွင်းချက်ပေါ့နော်"

မိုးက သူ့ဘက် လှည့်ပြောရင်း ရယ်သည်။

ကြာကတော့ ပြုံးသည့်ဆိုရုံလေး ...။

အမျိုးသမီးနှစ်ယောက်ကို ဒီထက်ပိုပြီး စကားဖောင် ဖွဲ့ ရင်းနှီးနေစေချင်သည်။

"ဘယ်လိုလဲ ... ဥဩက တစ်ခါတလေ သိပ်ချေးများတာ မမိုး စိတ်မညစ်ဘူးလား"

ကြာက မေးလိုက်စဉ် မိုးက သူ့ဘက် လှည့်၍ ပခုံးတွန့်ပြပြီး ...

"သူ ချေးများတာက အခုမှ မဟုတ်ဘူး၊ ငယ်ငယ်လေး ကတည်းကဆိုတော့ တို့အတွက် ရိုးနေပြီ၊ သူ သိပ်ဂျီကျ ကြည့်ပါလား၊ တို့ ထားခဲ့တာ ကြာပြီပေါ့၊ သူ့အတွက် တို့က မရှိမဖြစ်လေ"

မိုး စကားအဆုံး ကြာ့မျက်နှာက ဖြူဆုတ်သွား သည်။ ဒါပေမဲ့ ချက်ချင်းလိုလို ပုံမှန် ပြန်ဖြုံးလာနိုင်သည်။





သူပင် အသက်ရှုရတာ မေ့လောက်အောင် အမျိုး သမီး နှစ်ယောက်အတွက် စိုးရိမ်လာသည်။

"ဟုတ်တယ်၊ ဥဩလည်း အမြဲ မိုးအကြောင်း ပြောပါတယ်၊ တစ်ခါတလေ သူ့တောင် ပြောထားရတယ်၊ ကိုယ့်ကိုယ် ကိုယ် အားကိုးတတ်အောင်လုပ်၊ မိုးကိုချည်းအားကိုးမနေနဲ့ လို့လေ"

ကြာက ခပ်မြူးမြူးလေး ပြောပြီး သူ့အတွက် ကော်ဖီ ဖျော်ပေးသည်။

အရင်က မိုး ဖျော်ပေးနေကျ ...

စကားနိုင်လုနေ၍ မိုး မဖျော်ပေးမီ၊ ကြာက ခပ် သွက်သွက် ဖျော်ပေးလိုက်သည်။

မိုးကတော့ သူတို့နှစ်ယောက်ကို အဓိပ္ပာယ်ပါပါ ကြည့်နေလျက် ...

မိုးက ကော်ဖီ ဖျော်ရင်း Cream နဲ့သကြားကို ခပ် နည်းနည်းသာ ထည့်သည်။ သူ့ ခွဲကပ်မှာ စိုးသောကြောင့်ပင်။

ကြာကတော့ Creamm များများနဲ့ စိမ့်စိမ့်လေး ဖျော်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ အကျင့်ပါနေတဲ့ ခပ်ခါးခါး ကော်ဖီထက် အသစ်အဆန်း ကော်ဖီစိမ့်ကို ပိုကြိုက်နေသည်။

မိုးကတော့ Creamများများ ထည့်ထားတဲ့ ကော်ဖီကို ခံ့ခံ့မင်မင် သောက်နေတဲ့ သူ့အား မထိတရီ ကြည့်လျက် ...

"ကဲ ... မိုး နင်လည်း ဖေယျာနဲ့ နိုင်ငံခြား ဖြောင့်ဖြောင့် လိုက်နိုင်အောင် စီစဉ်ပေတော့"

မိုးကို ရိုးရိုးသားသား အားပေးလိုက်စဉ် မိုးက သူ့ကို စူးစူးစိမ်းစိမ်း ကြည့်နေသည်။

❦ ❧ ❦





"နင့် ကြာက ပုံမဟုတ်ဘူးနော်"

ကြာကို ပို့ပေးပြီးသည်နှင့် မိုးက စကားစသည်။

"ပုံမှန်ပါပဲ မိုးရာ၊ နင်က ဘယ်လိုထင်လို့လဲ"

မိုးက ကားမောင်းနေတဲ့ သူ့ကို မျက်စောင်းထိုးထိုးလိုက်ပြီး ...

"ဟဲ့ ... မိန်းမချင်းတော့ သိတာပေါ့၊ ငါ နင့်နားမှာ ရှိနေတာကို မကြိုက်တဲ့ပုံပဲ"

ဖေယျာတောင် သူ့ဘေးနားမှာ မိုး ရှိနေတာကို မကြိုက်ဖြစ်သေးတာပဲ။

ဒါကတော့ မဆန်း ...



www.burmeseclassic.com

www.burmeseclassic.com



"တွေ့တယ် မဟုတ်လား၊ နင့် သူငယ်ချင်းကို ကြာ
ဘယ်လောက် ချစ်လဲဆိုတာ"

အမျိုးသမီးနှစ်ယောက်ကြား အမြင်ကြည်စေရ
သူ အစွန်းဖောက်လိုက်သည်။

ဒါပေမဲ့ မိုးက မရယ်။

သက်ပြင်းတစ်ချက်ချပြီး ...

"နင် ကျေနပ်ရင် ပြီးတာပဲလေ"

"ဒါနဲ့ နင် ဟိုထွက်ဖို့ ကိစ္စရော တော်တော်ပြီးပြီလား"

မိုးက ခေါင်းညိတ်ပြီး ...

"ပြီးသလောက် ရှိနေပြီ၊ ဓေယျာ အလုပ်ကိစ္စတစ်ခု မပြီး
သေးလို့ စောင့်နေတာ"

"ငါလည်း နင့်ကို မသွားခင် ဓေယျာနဲ့ အေးအေးဆေးဆေး
တွေ့ချင်သေးတယ်၊ ငါ့သူငယ်ချင်းကို ကြင်ကြင်နာနာ
ဆက်ဆံဖို့ လာဘ်ထိုးရဦးမယ်လေ"

မိုးက တစ်ဝက်သာပြုံးပြီး ...





"လောကကြီးမှာ အပေးအယူ မပါတဲ့ ဆက်ဆံမှုကို
အချစ်တစ်ခုတည်းမှာပဲ တွေ့ရတယ်နော်"

သူ သိပ်နားမလည်။

မိုးက နားမလည်စွာ ကြည့်မိလိုက်သည်ထင်။

မိုးက ခြောက်ကပ်ကပ် ရယ်ပြီး ...

"သြော် ... လူတစ်ယောက်ကို ချစ်နေရင် အဲဒီလူ
စိတ်ချမ်းသာဖို့ ဘာမှ မမျှော်လင့်ဘဲ ပေးဆပ်တတ်တာ
မျိုးကို ပြောတာ"

ဟုတ်သားပဲ ...

သူလည်း ကြာ စိတ်ချမ်းသာဖို့ ဘယ်လိုဖြည့်ဆည်း
ပေးရမလဲ ဆိုတာကို စဉ်းစားပေးတတ်သူပဲလေ။

အဲဒါ ချစ်သူချင်း ချည်နှောင်တဲ့ကြိုး မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဥသြ ... ကျွန်မ မိုး ပုံစံကို မကြိုက်ဘူး"

မိုးကမှ သွယ်ဝိုက်ကွေ့ပတ်ပြောသေးသည်။ ကြာက တော့ တဲ့တိုး။

နှစ်ယောက်လုံးကတော့ မိန်းမပီသသူများပင်။

"မိုးက သဘောကောင်းပါတယ် ကြာရယ်"

ရှားရှားပါးပါး တွေ့ရချိန်လေးမှာ စိတ်မရှုပ်ချင်။

"သဘောမကောင်းဘူးလို့ ကျွန်မ မပြောပါဘူး ဥသြရယ်၊ ဒါပေမဲ့ သူက ဥသြနဲ့ ပတ်သက်ရင် သိပ်မကျော့ပ်တိုင် တက်လွန်းသလားလို့"

မိုး တစ်ခါတလေ လုပ်ပိုင်ခွင့်ထက် ပိုပြီး ပြောတတ် ဆိုတတ်တာမျိုးတော့ ရှိသည်။





ဒါပေမဲ့ သူ့ကို မထိခိုက်သည့်အတွက် သူ တစ်ခါမျှ စိတ်အနှောင့်အယှက် မဖြစ်မိ။

"ဒါကတော့ စေတနာနဲ့ပါ ကြာရယ်၊ ကိုယ်က သူ့ကို လုပ်ပိုင်ခွင့် အကုန်ပေးထားတာလေ"

ကြာက သူ့ကို စူးစူးစိမ်းစိမ်း ကြည့်သည်။

"ဒါပေမဲ့ စည်းရှိရမယ်လေ၊ ဘာတဲ့ ... သူက ဥသြအတွက် မရှိမဖြစ်တဲ့၊ အဲဒါဆို ကြာ့နေရာက ဘာလဲ ..."

မိန်းမများ စိတ်ကောက်ရင် ချစ်စရာကောင်းတယ်လို့ ဘယ်သူ့ ထွင်ခဲ့ပါလိမ့်။

ကြာ စိတ်ကောက်တာ ချစ်စရာကောင်းပေမဲ့ ချော့ ရတာတော့ စိတ်ရှုပ်စရာကောင်းသည်။

ကြာက စကား အထာအနကောက်တတ်သူဖြစ်၍ ချော့ရင်းနှင့်ပင် စကားထဲက အမှားရှာပြီး ထပ်ကောက်တတ်သူ မျိုးပင်။

မိုးလို စိတ်ဆိုးလွယ်၊ မေ့ပျောက်လွယ်သူမျိုး မဟုတ် သဖြင့် ကြာ စိတ်ဆိုးမှာ သူ အလွန်စိုးရိမ်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြာရယ်... မိုးက အဲဒီလို ပြောတတ်တာလေးပဲ ရှိတာပါ၊ သူ ကြာ့ကို ဘယ်လိုသဘောနဲ့မှ ပြောတာ မဟုတ်ပါဘူး"

ကြာက သူ့အတွက် ဖျော်ပေးနေကျ ကော်ဖီကို ဖျော်ပေးရင်း ...

"ဒါပေမဲ့ ကျွန်မ မကြိုက်ဘူး မောင်၊ ကြာက မောင့်ချစ်သူ၊ မောင့်အတွက် မရှိမဖြစ် လိုအပ်မဲ့လူဟာ ကြာပဲ ဖြစ်ရမယ်၊ တခြားမိန်းကလေး မဖြစ်ရဘူး"

နောက်ဆုံးတော့လည်း သူ့အပေါ် အချစ်ကြီး ၍ အစွကြီး သဝန်တိုနေတဲ့ ချစ်သူကို အပြစ်မတင်ရက်တော့။

"မိုးကို ကျွန်မ မမုန်းပါဘူး၊ ဒါပေမဲ့ မိုး ဥသြအပေါ် သူငယ်ချင်းထက် ပိုနေတာတော့ ကျွန်မ ပြောရဲတယ်"

"ကြာကလည်းကွာ"

မိုး သူ့အပေါ် သံယောဇဉ်ပိုတာ သိပေမဲ့ ဒီလိုတော့ မထင်ရက်။

မိုး သံယောဇဉ်အပေါ် စော်ကားရာကျမှာ စိုးလို့ သည်။





"ကဲပါ ... ကျွန်မ သဝန်တိုတယ်ပဲ ထားလိုက်ပါတော့၊ ဒါပေမဲ့ မိုးနဲ့ ဥသြရဲ့ ဆက်ဆံရေးကိုတော့ ကျွန်မ သဘောမကျဘူး"

ကြာက စကားစပြတ်လိုဟန်ဖြင့် ကော်ဖီ သောက်နေသည်။

သူ ကော်ဖီ သောက်နေတာကိုလည်း တစိမ့်စိမ့် ကြည့်နေပြီး ...

"ကျွန်မကို နားလည်ပေးပါ ဥသြရယ်၊ ဥသြကို ကျွန်မ ချစ်လို့ပါနော်"

တိုးကိုးတိမ်တိမ် အသံလေးကြောင့် သူ့ရင်တွေ လှုပ်ရှားသွားရပြီး ...

"ကြာရယ် ... ကိုယ် ကြာ့အပေါ် ဘယ်လိုမှ သဘောမထား ပါဘူး၊ မိုးလည်း မကြာခင် ဩစတေးလျ သွားတော့မှာပါ၊ စိတ်ချ ကြာ ဥသြက ကြာ့နားကလွဲပြီး ဘယ်မှ သွားမှာ မဟုတ်ဘူး၊ စိတ်ချနော် ကြာလေး"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရဲ့ မာထန်အေးစက်သော အပြုံးတွေက နူးညံ့ဖြူဆွတ်သော အပြုံးဖွေးဖွေးလေး ပြောင်းလဲသွားသည်။

"ကျွန်မ နောက်ဝတ္ထုတစ်ပုဒ်အတွက် နောက်ခံကို မော်လမြိုင် နောက်ခံရေးမှာမို့ ရှေ့တစ်ပတ်လောက် ခရီးထွက်ဖြစ်မယ် ထင်တယ်"

သူနဲ့ ကြာက ဒီလိုပါပဲ၊ သူ့အလုပ် ကိုယ့်အလုပ် တွေနဲ့ ဖုန်းနဲ့ စကားပြောဖြစ်တာ ပိုများသည်။

အခုလည်း ခရီးထွက်ဦးမည်ဆိုတော့ ...

"ဘယ်လောက် ကြာမလဲ"

"အင်း ... တချို့လေလာစရာလေးတွေ မေးမြန်းစရာလေး တွေလည်း လုပ်ရင်း စာလည်းရေးရင်းနဲ့ ဟိုက အမျိုးတွေနဲ့ လည်း ဆုံချင်သေးတယ်၊ တစ်လလောက် နေမလားလို့"

"တစ်လတောင် ... အင်း ... ဘယ်တတ်နိုင်ပါ့မလဲ၊ ကိုယ် လည်း ဒီရက်တွေမှာ ရှူတင်ရက်တွေချည်းပဲ၊ မိုးလင်းမိုးချုပ် ဆိုတော့ မထူးပါဘူးလေ၊ ဒါပေမဲ့ ညတော့ ဖုန်းဆက်မယ် နော်"





ကြာက သူ့လက်ခုံကို မနာအောင် ဆိတ်ပြီး ...

"မဆက်ဘဲနေရင်တောင် ကျွန်မက ဥညြကို အပြစ်ပေးဦး မှာ"

သူ့လက်ခုံပေါ် မိုးထားတဲ့ ကြာ့ လက်ကလေး ခပ်ဖွဖွ ပြန်ဆုပ်လိုက်ပြီး ...

"တတ်နိုင်ရင် ကိုယ် ကြာပန်းစောင့်နတ်သားတောင် လုပ် ချင်သေးတယ်"

ကြာက လွတ်လပ်ပေါ့ပါးစွာ ရယ်လိုက်စဉ် အကယ့်ကို ကြာပန်းစောင့်နတ်သားလေး ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုး စီစဉ်ပေးမှုကြောင့် သူနဲ့ ဇေယျာနဲ့ အေးအေးဆေးဆေး ဆုံဖြစ်ခဲ့သည်။

မိုးကို ပိုင်ဆိုင်ချိန် နီးနေတာတောင် ဇေယျာ မျက်နှာက သိသိသာသာ မလန်းဆန်းနိုင်သေး။

အလုပ်ကိစ္စတွေ ပင်ပန်းနေတာကြောင့်လည်း ဖြစ်နိုင်တာပဲဟု ဖြေတွေးလိုက်သည်။

"ဘယ့်လိုလဲ ... မိမိုးနဲ့ နီးခါနီးပြီဆိုတော့ ပျော်နေပြီပေါ့"

သူ့ကို ထိုင်စောင့်နေတဲ့ ဇေယျာ ပခုံးကို ပုတ်ပြီး စလိုက်သည်။

"မပျော်ရဲသေးပါဘူးကွာ၊ မိုးက ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့"





ဇေယျာ ပုံစံက တကယ်ပင် မဝံ့မရဲပုံမျိုးဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် မင်းကို သံယောဇဉ်ရှိလို့ ရခြားမြေခြားအထိတောင် လိုက်သေးတာပဲ"

ဇေယျာက ဖန်ခွက်ကို မနားတမ်း မော့ချလိုက်သည်။ နေပူထဲက ပြန်လာပြီး အပူမှန်သမျှ ရေနှင့် မျှောချလိုက်မျိုးဖြစ်သည်။ ပြီးမှ ...

"အေးကွာ ... အဲဒီလိုမျိုး ဖြစ်ပါစေလို့ပဲ ဆုတောင်းရမှာပဲ"

ဇေယျာက ခုထိ စိုးရိမ်ကြောင့်ကြကြီးတုန်းပင်။

"မင်းတို့ ဘာဖြစ်လို့ လက်မထပ်သွားတာလဲ၊ ဒီမှာ လက်ထပ်ပြီးမှ သွားတာ မဟုတ်ဘူး၊ ဟိုမှာ လက်ထပ်တယ်ဆိုတာ စရိတ်စကနဲ့ ပြီးတော့ မိဘ အသိုင်းအဝိုင်းလည်း ရှိတာ မဟုတ်ဘဲနဲ့"

ဇေယျာက သူ့စကားကို ခံရခက်သလို ပြုံးနာဆောင်ပြီး ...

"အဲဒါလည်း မိုးသဘောပဲလေ၊ မိုး စီစဉ်သမျှ ငါက ရုပ်သေးဆိုတာ မင်း သိရက်သားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်း လျှော့နေလို့ပါကွာ"

သူ ဖေယျာ့ကို ကရုဏာဒေါသနဲ့ အပြစ်တင်လိုက်သည်။

"ငါ မလျှော့ရင် မိုးကို ငါ ဒီလောက်ထိတောင် ပတ်သက်ခွင့်ရမှာမဟုတ်ဘူးလေ"

ဖေယျာ့ အသံက တိမ်ဝင်သွားသည်။

ခွေးကောင် တစ်ခုခုပြောရင် အားငယ်ဝမ်းနည်းသွားဖို့ပဲ။

မိုး ဝင့်ကြွားတွေ ဒီကောင် ဆပ်လို့မကုန်သေးတာပဲဖြစ်မည်။

"အေးပါကွာ၊ မိုးက မင်းအပေါ် ဂရုမစိုက်ဟန်ဆောင်နေတာပါ၊ သူ မင်းအပေါ် သံယောဇဉ်ရှိပါတယ်"

ကြံဖန် နှစ်သိမ့်လိုက်ပေမဲ့ မိုးအပေါ် သူလည်း မယုံရဲ။

"မိုးကိုတော့ ဂရုစိုက်ပါကွာ"





သူ့စကားအဆုံး ဖေယျာက သူ့ကို ရီရီဝေဝေ ကြည့်သည်။ ပြီးမှ တစ်လုံးချင်း လေသံဖြင့် ...

"ကမ္ဘာပေါ်မှာ မိုးကို နားအလည်ဆုံးနဲ့ ဂရုစိုက်ဆုံး ယောကျ်ားကို ပြပါဆိုရင် ငါ ရင်ကော့ပြရဲတယ် သိဒ္ဓိ"

သူ ယုံကြည်ထားရစွာ ပြန်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ... ခုတလော ဖင်မြဲလှချည်လား"

မိုးက၊ အလုပ်နားသော ညနေခင်းတစ်ခုမှာ အိမ်မပြန်သေးဘဲ သူနဲ့ စကားထိုင်ပြောရင်း မေးသည်။

အလုပ်စောစောပြီးသည့် ညနေတိုင်း မိုးကိုပင် လိုက်မပို့အားဘဲ ကြာနဲ့ ဆုံဖို့ ကြိုးစားရသည်ကို ရည်ရွယ်ပြီး ပြောခြင်းဖြစ်သည်။

"ကြာ ခရီးထွက်နေတယ်၊ မော်လမြိုင်ဘက်ကို စာသွားရေးနေတယ်"

မိုးက သူ့အမေက ချပေးတဲ့ လက်ဖက်သုပ်ကို တစ်ဇွန်းခပ်စားပြီး ...

"သြော် ... ဒါကြောင့်ကိုး"





ကကယ်ဆို စောစောနားသည့် ရက်လေး ကြာနဲ့ ...နှံးစောစောပြောချင်သည်။

ဒါပေမဲ့ မိုးက မပြန်သေးတော့ ခက်နေသည်။

"မိုး နင် ပြန်နားပါလား၊ တစ်နေ့လုံး တောက်လျှောက် လိုက်နေရတာ မပင်ပန်းဘူးလား"

မနက်စောစော Recordingနေ့လယ်ပိုင်း VCDပရို...ိုးရှင်းအတွက် လက်မှတ်ထိုးပွဲ။

"မပင်ပန်းပါဘူး၊ ငါ ဒီမှာနေခွင့်ရတုန်းလေး နေပါရစေဦး"

ဟုတ်သားပဲ၊ မိုးတို့တောင် နောက်တစ်လအတွင်း သွားတော့မှာပဲ ...

"အင်း ... နင်က အစစအရာရာ နင်ချည်း လုပ်ပေးခဲ့တော့ ငါ လက်တစ်ဖက် မရှိသလိုကို ခံစားရမယ်ထင်တယ်"

မိုးက သူ့ကို ကြည်ကြည်နူးနူး ပြုံးပြပြီး ...

"နင့်လက်တစ်ဖက် ဖြစ်ခွင့်ရလည်း မဆိုးပါဘူး"

ကြာ့စကားကို ကြားယောင်မိပြီး မိုးအပေါ် သနားသလိုလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုး နင် ဟိုမှာ ဧယျာ့ကို သိပ်မနိုင်နဲ့ဦးနော်၊ ဧယျာ သနားပါတယ်"

မိုးက ရယ်သည်။

မိုး အဲဒီလို ရယ်ရင် သူ မကြိုက်။

ရင်ထဲက အူလှိုက်သည်းလှိုက် ရယ်ခြင်းမျိုး မဟုတ်၊ နာနာကြည်းကြည်းနဲ့ ခြောက်ကပ်ကပ် ရယ်ခြင်းမျိုးဟု သူ ထင်သည်။

"အေးပါ နင်သာ သနားစရာဖြစ်အောင် မနေနဲ့၊ နင့်ကြာက နင့်ကို နိုင်မဲ့ပုံ"

မိုးက သူ့ကို ပြန်ပြောပြီး လက်ဖက်ကို မဲစားနေသည်။

"နင်တို့ လက်ထပ်ဖြစ်ရင် ငါ့ဆီ ဖိတ်စာပို့ပေးဦး၊ ငါ လက်ဖွဲ့ကောင်းကောင်း ပို့ပေးမယ်"

မိုးက သူ့ကို မော့မကြည့်ဘဲ ခေါင်းညိတ်သည်။

ခဏကြာမှ ...

"သိဒ္ဓိ"





မိုးက လူချင်း နီးနေရက်နဲ့ နာမည် ခေါ်လိုက်၍ သူ့ထူးဆန်းဆန်း ကြည့်လိုက်မိသည်။

"ငါ နင့်ကို မေးစရာတစ်ခုရှိလို့၊ နင် ဖြေမလား"

မေးခွန်းပင် မသိရသေး။ မိုးက ခုမှ လျှို့လျှို့ဝှက်ဝှက် နိုင်လွန်းနေပြန်သည်။

"ဖြေမယ်လေ"

ဘာပဲဖြစ်ဖြစ် မိုးကို မနိုင်ချင်၍ အလိုက်သင့် ဖြေလိုက်သည်။

"ဘာလဲ ... မေးလေ"

မိုးကမေးသေးဘဲ လက်ဖက်ပန်းကန်ကို မွှေနေသည်။

လက်ဖက်တချို့က မွှေလွန်း၍ အောက်သို့ တချို့ ဒိတ်ကျလျက် ...

"မိမိုး ဘာဖြစ်နေတာလဲ၊ မေးမယ်ဆို မေးလေ"

မိုးက စိတ်ပိုင်းဖြတ်လိုက်ဟန်နဲ့ နှုတ်ခမ်း ကိုက်ပြီး ခေါင်းမော့၍ ...



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဘဝအတွက် အရေးပါဆုံး မိန်းမကို မေးလာရင် နင် ဘယ်လို ဖြေမလဲဟင်၊ အန်တီ မပါပေါ့"

မိုး မေးခွန်းက မထင်မှတ်ထားတဲ့ မေးခွန်းဖြစ်နေသည့်အပြင် ဖြေဖို့လည်း ခက်ခဲတဲ့ မေးခွန်း ဖြစ်နေပြန်သည်။

"နင်ကလည်း ဘာအရူးထတာလဲ"

မိုးကို သူ ရှောင်လွှဲဖို့ ကြိုးစားလိုက်သည်။

"အရူးထတယ်ပဲပြောပြော ရတယ် သိခ္ဓိ၊ ငါ သိချင်လို့"

သူ လည်ချောင်းကို မလိုအပ်ဘဲ ရှင်းလိုက်ပြီး ...

"နင်လည်း မမေးသင့်ဘူး၊ ငါလည်း မဖြေသင့်ဘူး"

မိုးက နဖူးပေါ် ဝဲကျနေတဲ့ ဆံပင်များကို ပင့်တင်ပြီး မော့လျက်အနေအထားနှင့်ပင် ...

"ဒါပေမဲ့ ငါတော့ သိသင့်တယ် မဟုတ်လား"

မိုးက သူ မဖြေမချင်း ချောင်ပိတ်မေးဦးမည့် ပုံစံမျိုးပင်။

"နင် သိတော့ရော ဘာထူးမှာလဲ"

မိုးက ပခုံးတစ်ချက် တွန့်ပြပြီး ...





"အနည်းဆုံးတော့ ငါ့ကိုယ်ငါ သုံးသပ်လို့ရတယ်လေ"

မိုး ဒီမေးခွန်းအတွက် အတော်ကြိုးစားပြီး ဆင်ခြေတွေ ကြိုရှာထားဟန်တူသည်။

"ငါ မဖြစ်မနေ ဖြေရမှာလား မိုး"

မိုးက ခေါင်းညိတ်သည်။

သူ မတတ်နိုင်တော့ ...

အကောင်းဆုံး ဖြစ်နိုင်မည့် အဖြေကို စဉ်းစားပြီး ဖြေလိုက်သည်။

"ငါ့ဘဝအတွက် အရေးပါဆုံး မိန်းမက ကြာပဲ၊ အသုံးဝင်ဆုံး မိန်းမဆိုရင်တော့ နင်ပေါ့"

သူ့အဖြေက ရှင့်သီးပြီး နားဝင်ဆိုးကောင်း ဆိုးပေလိမ့်မည်။

ဒါပေမဲ့ အမှန်ဆုံးလို့ သူ ထင်သည်။

မိုးက သူ့ကို အကြာကြီး စိုက်ကြည့်နေသည်။

နှုတ်ခမ်းတွေက တစ်ခုခုပြောဖို့ ကြိုးစားနေသလို တလှုပ်လှုပ် တရွရွ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဘာအသံမှ ထွက်မလာ။

သူ စိုးရိမ်နေဆဲမှာပင် မိုးက သက်ပြင်းတစ်ခုကို ခက်ခက်ခဲခဲ ချလိုက်ပြီး ...

"ကျေးဇူးပဲ သိန္ဒီ" ... တဲ့။





ကြာဆီ တစ်ညလုံး ဖုန်းခေါ်တာ ခေါ်၍မရ။

ညဆယ်နာရီလောက်မှ ဖုန်းရသည်။

စိတ်ပူလွန်းသဖြင့် ဆူလိုက်မည်ဟု ကြံရွယ်ရှိသေး။

"ဟဲလို"

ဖုန်းဖြေသံက ကြာ့အသံ မဟုတ်။

ပို၍ စိုးရိမ်သွားသည်။

"ကုမုဒြာရဲ့ လက်ကိုင်ဖုန်း ဟုတ်ပါတယ်နော်၊ သေချာချင်လို့ပါ"

ဘာဖြစ်လို့ ကြာ့ မကိုင်တာလဲလို့ တွေးမိဦ ...



www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ပဏီက ဆေးရုံ တင်ထားရပါတယ်၊ အခု Operation ဝင်နေတယ်၊ ကျွန်မ သူ့အစ်မပါရှင်"

သူ စိုးရိမ် ထူပူသွားသည်။

ကြာရယ် ... ဖြစ်မှဖြစ်ရလေ။

"ဘာဖြစ်တာလဲ ခင်ဗျာ၊ စိုးရိမ်ရလား"

သူ အလောတကြီး မေးလိုက်မိသည်။

"အူအတက်ပေါက်တယ်လို့ ပြောတာပဲ၊ အခု Operation လုပ်နေတုန်းဆိုတော့ အခြေအနေကိုတော့ ပြောလို့မရသေးဘူး"

သူ ဝုန်းခနဲ နေရာမှ ထလိုက်ပြီး အပေါ်အင်္ကျီ ကောက်စွပ်လိုက်သည်။

"ဟုတ်ကဲ့ မော်လမြိုင်ဆေးရုံမှာပဲလား"

"ဟုတ်ပါတယ်ရှင်"

သူ ဖုန်းချပြီး ကားသော့ကို ကောက်ယူလိုက်သည်။





သူ့ ကြာနားမှာ ရှိနေရမယ်ဆိုတဲ့ အတွေးနဲ့ ဘာကိုမှ မစဉ်းစားမိတော့။

"မေမေ သား ကိစ္စရှိလို့ အပြင်ခဏသွားမယ်၊ စိတ်မပူနဲ့နော်၊ သား ဖုန်းဆက်လိုက်မယ်"

မေမေ စိတ်ပူမှာ စိုး၍ မေမေ့ဆီ ခွင့်တောင်းပြီး ထွက်လာခဲ့လိုက်သည်။

လမ်းရောက်မှ မနက်ဖြန် ကိစ္စတချို့ ရှိသည်ကို သတိရသဖြင့် မိုးဆီ ဖုန်းဆက်မှာ ခိုက်သည်။

"မိုး ... ငါ အခု အရေးပေါ် ခရီးထွက်မလို့ မနက်ဖြန် ချိန်းထားတဲ့ကိစ္စတွေကို နင် ဖုန်းဆက်ပြီး တောင်းပန်ထား ပေးပါနော်"

မိုးက အိပ်ချင်မူးတူး အသံဖြင့် သူ့ကို အမေးအမြန်း ထူနေသေးသည်။

"နင် ဘယ်သွားမလို့လဲ၊ ညကြီး မင်းကြီး"

"ကြာ ဆေးရုံတင်ထားရတယ်ဆိုလို့ ငါ လိုက်သွားမလို့"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံး မိုးက တစ်ခုခု ဆုံးဖြတ်လိုက်ပုံရသည်။

"နင် အခု ငါ့ဆီ ဝင်လာပါလား သိန္ဒိ၊ ငါ လိုက်ခဲ့မယ်"





"နင် အိပ်ချင်အိပ်လေ၊ တစ်နေ့လုံး ပင်ပန်းထားတယ် မဟုတ်လား"

မိုးက ကားမောင်းနေရာက လှမ်းပြောသည်။

"ဘယ်လိုလုပ် အိပ်လို့နိုင်မှာလဲ မိုးရာ၊ ကြာ့ကို သနားလွန်းလို့ ကြာ့ဆီ အမြန်ရောက်ချင်လှပြီ"

ဒီကြားထဲ မိုးက ခပ်ဖွဲဖွဲ ရွာနေသည်။

ရှေ့ကားမီးရောင်များကြောင့် တစ်ခါတလေ လမ်း… သေသေချာချာ မမြင်။

မိုး သတိကြီးစွာ မောင်းနေရသည်။ မိုးပါ၍ တော်…တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို ဒီလောက်ဝေးဝေး သွားမယ်မထင်လို့ အိမ်က လွှတ်လိုက်တာ၊ သိများသိသွားလို့ကတော့ ဘယ်လောက် စိတ်ပူလိမ့်မလဲ"

မိုးလည်း သူ့လို အိမ်ကို ပြီးလွယ်စီးလွယ် ပြောလာပုံ ရသည်။

"မြန်မြန်မောင်းပါ မိုးရယ်၊ ကြာ သတိရလာရင် အရင်ဆုံး တွေ့ချင်တဲ့သူက ငါ ဖြစ်နေမှာ"

မိုးက ခပ်မဲ့မဲ့ ပြုံးသည်။

"အေးပါ၊ မိုးက သည်းလာတော့ စိတ်ထင်တိုင်း မောင်း လို့မရဘူး ဖြစ်နေတယ်"

မိုး ပြောသလိုပင် တဖြည်းဖြည်း မိုးက သည်းလာ သည်။

ဝိုက်ဘာသံတချက်ချက်ကို ငြီးငွေ့စွာ ကြားနေရပြီး လမ်းပေါ်မှာ ကားရှင်းလျက် ...

တစ်ချက်တစ်ချက် အရှိန်နဲ့ ဖြတ်သွားတဲ့ အဝေး ပြေးကားတချို့သာရှိသည်။





"သိဒ္ဓိ ... ဟိုရောက်ရင် ငါ ပါလာတယ်ဆိုတာ ကြာ မသိ စေနဲ့နော်၊ သူ သိရင် နင့်ကို ရန်လုပ်နေဦးမယ်"

မိုးက သူ့ကို ကြည့်ပြီး မှာနေသည်။

"ရန်လုပ်မှာထက် သူ စိတ်အနှောင့်အယှက်ဖြစ်မှာ ပို စိုးရိမ်တယ် မိုး၊ နင် အပြင်မှာပဲ စောင့်နေလေ၊ လိုအပ်ရင် တည်းခိုခန်းမှာ သွားနားချင်နား၊ ငါ ပြန်ခါနီး ဖုန်းဆက် လိုက်မယ်"

မိုးက သူ့အစီအစဉ်ကို လက်ခံသည်။

"အေးပါ၊ ငါ ဘယ်လိုနေရမယ် ဆိုတာ သိပါတယ်၊ နင် သာ နင့်ကြာကို ဂရုစိုက်၊ ဟုတ်လား"

သူ့မျက်လုံးရှေ့မှာ ကားမီးရောင်က စူးခနဲ ဘယ်က ဘယ်လို ပေါ်လာတဲ့ကားမှန်းမသိ။

လမ်းချိုးတစ်ခုထဲက အရှိန်နဲ့ ထွက်လာပြီး ရုတ် တရက် မီးထိုးလိုက်ခြင်းလား ...

"မိုး ... ကား ... ကား"



www.burmeseclassic.com

www.burmeseclassic.com



သူရော မိုးပါ အော်ပြီး ကားအရိတ်ကို ဖိနင်းလိုက်သည်။

ဒါပေမဲ့ မှားနေတဲ့ ကားက အရှိန်မလျှော့ဘဲ သူ့ကားဆီ တည့်တည့်။

ကျယ်လောင်တဲ့ ထိတိုက်ကြေမွသံနဲ့ နာကြင်စူးရှတဲ့ဝေဒနာက တစ်ပြိုင်နက်။

❀ ❀ ❀





သူ့အတွက် အရာရာသည် ဝေဝါးမှုန်ရီသွားလိုက်၊ ဆောက်ကွယ်လွှင့်မျောသွားလိုက်နှင့် တစ်ခါတလေ အိပ်မက်ရှည်ကြီးထဲတွင် နစ်မြောပျော်ဝင်နေတတ်သေးသည်။

အိပ်မက်ထဲတွင် သူက တကယ်ကို ကြာဘေးတွင်ရှိနေပြီး ကြာပန်းစောင့် နတ်သားလေးဟု ကြာက ချစ်စနိုးပင်ခေါ်သေးသည်။

သူ ပြန်ထူးဖို့ ကြိုးစားတိုင်း ကြာက ပြန်ပျောက်ကွယ်သွားတတ်သည်။

ဒီတစ်ခါတော့ သူ့ကို ကြာက ဥသြဟု ခေါ်ပြန်သည်။

"ဥသြ ... ဥသြ ... ဥသြ"



www.burmeseclassic.com

www.burmeseclassic.com



ကြာ့အသံက နီးလာလိုက် ဝေးသွားလိုက် သူ မထူးရင် ကြာ ပြန်ပျောက်ကွယ်သွားဦးမှာလား။

သူ ပြန်ထူးဖို့ ကြိုးစားစဉ် လည်ချောင်းတွေက ခြောက်သွေ့အက်ကွဲစွာ။

"ကြာ ... ကြာ"

သူ ဘာဖြစ်နေတာလဲ ...

ကြာ့ဆီ လိုက်သွားစဉ်က အဖြစ်အပျက်ကို ပြန် သတိရလိုက်သည်။

ကြာ့အသံ ကြားရာကို လှည့်ကြည့်စဉ် ဘာမှ မတွေ့ရ။

သူ့မျက်လုံးတွေပေါ်မှာ လေးလံတင်းကျပ်တဲ့ ခံစား မှုကို ရလိုက်သည်။

"ဥသြ ... ကျွန်မ ရှိနေတယ်၊ ဥသြ ဘေးမှာ ကြာ ရှိနေ တယ်"

"ကြာ ဘာဖြစ်သေးလဲ၊ ကြာ သက်သာသွားပြီလား"

ကြာက လေထဲ လိုက်ဖမ်းနေတဲ့ သူ့လက်ကို ဖမ်းဆုပ်ပြီး ...





"ကျွန်မ အမှူမ အတက်ပေါက်လို့ ဗိုက်ခွဲတာ အခု သက်သာသွားပြီ၊ ဥသြ ကားတိုက်လို့ အခု ဆေးရုံမှာ လေ"

ဒါဆို မိုးရော ... မိုး ... မိုး ...

"ကြာ ... မိုးရေ ... မိုးရော ဘာဖြစ်သွားသေးလဲ"

"မိုး ဘာမှ မဖြစ်ဘူး ဥသြ၊ ဒါပေမဲ့ သူလည်း ဒဏ်ရာရလို့ နားနေရသေးတယ်"

သူ့မျက်လုံးများကို စမ်းလိုက်ပြီး ...

"ကိုယ့် မျက်လုံး ဘာဖြစ်သွားလို့လဲ ကြာ"

မေမေ့ ရှိုက်သံ ကြားလိုက်ရသည်။

မေမေလည်း ရှိနေသည်ပဲ။

"မေမေ သားမျက်လုံးတွေ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ မျက်လုံးတွေ ထိသွားလို့ ခွဲစိတ်ထား ရတယ်"

မေမေက သူ့နဖူးပေါ် လက်တင်ပြီး ဖြေသည်။

"ဥသြရယ် ... ကျွန်မ စိုးရိမ်လိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



သူ အခုမှ အခြေအနေတွေအားလုံးကို ရင်အေးသွားသည်။

"မိုးရော သတိရပြီလားဟင်၊ သားအတွက် စိတ်မပူနဲ့လို့ မိုးကို ပြောပေးပါနော်"

သူ့နဖူးပေါ်က မေမေ လက်တွေ တုန်ယင်နေသည်။

"အေးပါ သားရယ်၊ သား ဘေးကင်းတာ မိုး သိနေပါတယ်၊ မိုး သိမှာပါ"

သူ ပြန်အိပ်ချင်လာသည်။

ကြာလက်ကို တင်းတင်းဆုပ်ထားလျက်၊ သူ ပြန်အိပ်ပျော်သွားသည်။

ဒီတစ်ခါ အိပ်မက်ထဲတွင် မိုးကို မက်သည်။

မိုးက သူ့ကို မျက်ရည်တွေနဲ့ ပြုံးကြည့်နေသည်။

သူ ပြန်ပြုံးပြစဉ် မိုး ပျောက်ကွယ်သွားသည်။





သူ စိတ်ဆိုးသည်။

သူ သိပ်စိတ်ဆိုးသည်။

မိုး သူ့ကို နှုတ်မဆက်ဘဲ ထွက်သွား၍ စိတ်ဆိုးသည်။

မိမိုး နင် ဘယ်သွားသွား ငါ့ကို အသိပေးပြီးမှ သွားတာပါ။

အခု ငါ့ကို အသိမပေးဘဲ သွားတာတော့ နင် သိပ်ဆိုးတာပေါ့ မိမိုးရယ်။

"သူ ဒဏ်ရာပြင်းပေမဲ့ သတိရှိနေတယ်၊ ဥဩကိုပဲ တဖွဖွ မေးနေတယ်၊ ဥဩက အတွင်းဒဏ်ရာ မပြင်းပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ ထိနိုက်ပြီး ကွယ်သွားတယ်လို့ သူ သိသွားတယ်၊ သူ့မျက်လုံးတင်မကဘူး၊ သူ့ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးကို ဥဩ အသက်ရှင်ဖို့အတွက် သုံးပါဆိုပြီး ပေးသွားခဲ့တယ်၊ သူ ကျေကျေနပ်နပ်နဲ့ ကျွန်မတို့ကို ထားခဲ့တာပါ ဥဩရယ်"

သူ ကြာ့အသံကို မကြားရဲတော့။

"ဥဩကို အခြေအနေအရ ဖုံးကွယ်ထားပေးကြရတာပါ၊ ဒါကို မိုးလည်း ကျေနပ်မှာပါ"

မမိုး ... ငါ သိပ်ဆိုးတယ်ဟာ။

နင် ငါ့ကို ဒီလိုချည်း ထားခဲ့ဖို့ မသင့်ပါဘူး။

"ကိုယ် မိုးဆီ သွားချင်တယ်"

ကြာက ရှိုက်လျက် ခေါင်းညိတ်သည်။

"သွားရမှာပေါ့၊ ဒါပေမဲ့ ဥဩ မြင်နေသမျှ အရာအားလုံးကို မိုးလည်း မြင်နေခွင့်ရနေတဲ့အတွက် ဥဩ ဖြေသိမ့်ပါနော်"





နင် ငါ့ကို ဒီလိုချည်းပဲ ပေးဆပ်ပြီး ဘာမှ မယူဘဲ ထွက်သွားရလား မမိုး။

ငါ မှန်မကြည့်ရဲဘူး မိုး။

မှန်ထဲက နင့် မျက်လုံးတွေကို ငါ ရင်မဆိုင်ရဲဘူး။

❦ ❧ ❦



www.burmeseclassic.com

www.burmeseclassic.com



ဧယျာပိုင်က နီရဲမို့အစ်နေတဲ့ မျက်လုံးများနဲ့ သူ့ကို ကြည့်နေသည်။

"လောကကြီးမှာ ငါ အမုန်းဆုံး လူတစ်ယောက်ကို ပြပါ ဆိုရင် မင်းကိုပြမယ် သိလား သိဒ္ဓိ၊ ဘာဖြစ်လို့လဲ သိလား"

သူ ခေါင်းငုံ့လျက် အနေအထားနဲ့ပင် ခေါင်းခါ လိုက်သည်။

"ငါ လိုချင်တဲ့ အရာကို မင်း ရနေလို့ပဲ သိဒ္ဓိ၊ မိုးကလေ ငါနဲ့ အဝေးကြီးကို သွားချင်တာ ဘာကြောင့်လဲ သိ~ မင်းနဲ့ ဝေးချင်လို့၊ မင်းကို ချစ်လွန်းလို့၊ မင်း ဝ သူ





ရင်ခွင်မှာ ပျော်မွေ့မှာကို မကြည့်ရဲလို့ ငါ့နောက် လိုက်တာ၊ ဒါတွေကို ငါ့ အထင်နဲ့ ပြောနေတာ မဟုတ်ဘူး သိဒ္ဓိ၊ မိုး ကိုယ်တိုင် ဝန်ခံပြီး ငါနဲ့ တိုင်ပင်တာ၊ ငါ ဘာလုပ်ပေးရမလဲ၊ မိုး ကျေနပ်အောင် ခေါင်းညိတ်ရုံပဲ ပေါ့၊ ဒါပေမဲ့ ငါ ဘာမှ မရလိုက်ဘူး သိဒ္ဓိ"

သူ မျက်ဝန်းတွေ ကျိန်းစပ်စွတ်စိုလာသည်။

"ငါ့ကို မိုး အသုံးချတယ်ပေါ့ ပြော ... ပြော ... ငါ ကျေနပ်တယ်၊ ငါ ချစ်တဲ့သူ ကြေကွဲမှာကို ငါ မလိုချင်ဘူး၊ ဒါကြောင့် မိုးကို အဝေးကြီး ခွဲထုတ်သွားဖို့ ငါ လက်ခံခဲ့တာပေါ့၊ ဒါပေမဲ့ အခု မိုး ငါ့နောက်ကို မလိုက်ခဲ့ပါဘူးလေ၊ သူချစ်တဲ့သူ နားမှာပဲ နေခဲ့ရတာပါပဲ"

သူ ဧယျာ့ပခုံးကို ဖျစ်ညစ်အားပေးနေပေမဲ့ သူ့ ရင်ထဲမှာလည်း ဘာမှ မရှိသလို လစ်ဟာဆုံးရှုံးလျက် ...

သူ့အတွက် နှစ်သိမ့်ရာ စကားလုံး ရှာမတွေ့။

ငြိမ်သက်စွာ လဲလျောင်း အိပ်စက်နေပြီဖြစ်တဲ့ မိုးကို သူ ဘာမှ မပေးဆပ်နိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ခွင့်လွှတ်ပါလို့၊ ငါ မတောင်းဆိုရဲပါဘူးကွာ၊ မင်းရော မိုးပါ ငါ့ကို လုံးဝ ခွင့်မလွှတ်ကြပါနဲ့"

သူ့ရင်ထဲ အကြိမ်ကြိမ် ငိုကြွေးရင်း တောင်းပန်ရုံတစ်ပါး...။





သူ့အပေါ် သိပ်ပွင့်လင်းခဲ့သော မိုးသည် M ဆိုတဲ့ လျှို့ဝှက်သိပ်သည်းတဲ့ သူ့ရဲ့ ပရိသတ်တစ်ယောက်အဖြစ် ကန့်လန့်ကာတစ်ဖက်မှာ ရှိနေခဲ့ပြန်သည်။

မိုးရဲ့ ကွန်ပျူတာထဲမှာ ပေးပြီးသမျှ စာတွေရော၊ ထပ်ပို့ပေးဦးမဲ့ စာတွေရော အစီအရီ သိမ်းထားလျက်။

သူ ဖောက်မဖတ်ခဲ့တဲ့ စာတွေအတွက် မိုး ဘယ်လောက် ကြေကွဲခဲ့ရပါလိမ့်။

ဒါပေမဲ့ ပရိသတ်တစ်ယောက်အမြင်နဲ့ ပြောချင်တာကို ဝတ္တရားမပျက် ရေးနေဆဲ မိမိုး။

သူ မိုးအတွက် လုပ်ပေးနိုင်တာ တစ်ခုပဲ ရှိသည်။ မိုး ကျေနပ်နိုင်လိမ့်မည်လို့လည်း ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်တာဗျူးတစ်ခုရဲ့ မေးခွန်းတစ်ခုကို သူ ဖြေခဲ့စဉ်က ဖြစ်သည်။

"သိဒ္ဓိ ဘဝရဲ့ အရေးအပါဆုံး သူစိမ်းမိန်းကလေးတစ်ယောက်ကို ပြောပါဆိုရင် ..."

"မိုး ... ကျွန်တော့်သူငယ်ချင်း မိုးပါ"

"မရှိမဖြစ် အရေးပါတဲ့ သူပေါ့"ဟု ထပ်မေးစဉ် ...

သူ ကျေကျေနပ်နပ် ထပ်ဖြေလိုက်သည်။

"ဟုတ်ပါတယ်၊ မရှိရင် မဖြစ်အောင်ကို ကျွန်တော် ကိုယ်ထဲမှာ သူ ကပ်ပါနေပါတယ်"

ကျေနပ်နော် မမိုး ...

ငါ့ နှုတ်ခမ်းတွေ ဘယ်လောက်ငိုငို ...

နင့် မျက်လုံးတွေ ပြုံးနေရမယ် မိမိုး ...။

အိုမာသမ်

19.7.06



www.burmeseclassic.com